# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ သောကြာနေ့ | အတွဲ (၃၆)၊ အမှတ် (၀၆၃)


**ပွားများအားထုတ်**

တွယ်တာကပ်ငြိတတ်သော တဏှာမကုန်ခန်းသေးသမျှ သတ္တဝါတို့၏ လားရာဂတိသည် ရှိနေဦးမည်ဖြစ်၍ လားရာဂတိမရှိသော၊ ကပ်ငြိတွယ်တာမှုမရှိသောအဖြစ်သို့ ရောက်ရှိနိုင်ရန် သူတော်ကောင်းတရားကို ပွားများအားထုတ်ရာ၏။ **ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၄၂၁)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူအမျိုးသားသစ်ခွဥယျာဉ်သို့လေ့လာ

## သစ်ခွမျိုးစိတ်သစ်၏ ဂုဏ်ပြုအမည်မှာ Papilionanda Aung San Suu Kyi ဖြစ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူအမျိုးသားသစ်ခွဥယျာဉ်အတွင်း ကြည့်ရှုလေ့လာစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

**စင်ကာပူ ဒီဇင်ဘာ ၁**

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၈ နာရီတွင် ခေတ္တတည်းခိုရာ ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်ထောင်နှင့် အလုပ်သဘောနံနက်စာစားပွဲတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာဗီဗီယန် ဘာလာကရစ်ရှ်နန်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာတို့လည်း တက်ရောက်ကြသည်။

**ဒေသတွင်းကိစ္စရပ်များ ဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူအမျိုးသားသစ်ခွဥယျာဉ်သို့ ရောက်ရှိကြပြီး သစ်ခွအမည်ပေးအခမ်းအနားသို့ တက်ရောက်ရာ အမျိုးသားသစ်ခွဥယျာဉ် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူ

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# မြန်မာနှင့် စင်ကာပူနှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ် ဗီဇာကင်းလွတ်ခွင့် စတင်သက်ဝင်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုရေး သံတမန်စာချွန်လွှာသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ အသက်ဝင်ပြီဖြစ်သဖြင့် နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအနေဖြင့် ရက်ပေါင်း ၃၀ ထက် မကျော်လွန်စေဘဲ နေထိုင်ခွင့်နှင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း ရန်ကုန်-ကိုလ်ကတ္တား-ရန်ကုန်-ခရီးစဉ်သစ်စတင်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၁**

ပွင့်လင်းရာသီသို့ရောက်လာပြီဖြစ်သောကြောင့် ခရီးသွားရာသီနှင့်အတူ ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်သွားလာမှု များပြားသောကာလဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာနိုင်ငံမှ သွားရောက်လည်ပတ်မည့်ခရီးသွားများအတွက် ပြည်တွင်းလေကြောင်းလိုင်းများမှာလည်း ခရီးစဉ်များတိုးချဲ့ပြေးဆွဲလျက်ရှိသည်။

ကမ္ဘာ့ဇအုပ်စုပိုင် မြန်မာပြည်၏ တစ်ခုတည်းသော Safety(IOSA) လက်မှတ်ရ ခရီးသည်များအတွက် စိတ်အချရဆုံးလေကြောင်းလိုင်းဖြစ်သော အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရန်ကုန်-ကိုလ်ကတ္တား-ရန်ကုန်ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၁ ရက်မှစ၍ စတင်ပျံသန်းပြေးဆွဲလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) သည် ခရီးစဉ်သစ်အထူးအစီအစဉ်အဖြစ် ရန်ကုန်-ကိုလ်ကတ္တား-ရန်ကုန် အသွားအပြန် လေယာဉ်လက်မှတ်ကို အမေရိကန်ဒေါ်လာ

*စာမျက်နှာ ၄ ကော်လံ ၁* ❍




မြန်မာ့အလင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စင်ကာပူချစ်ကြည်ရေးခရီး

စင်ကာပူ၏အမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုကစင်ကာပူနိုင်ငံကို ထူထောင်သောအခါ မြန်မာနိုင်ငံသို့ လာရောက်လေ့လာခဲ့ရပါသည်။ ဤအတိတ်သမိုင်းကိုမမီလိုက်သော မျိုးဆက်သစ်လူငယ်တို့အဖို့ ဒဏ္ဍာရီသဖွယ်ဖြစ်နေနိုင်သော်လည်း ဤသည်မှာ သမိုင်းအချက်အလက်မှန်ဖြစ်ပါသည်။

ထိုအချိန်က ကျွန်းနိုင်ငံငယ်ကလေးမျှသာဖြစ်ပြီး သဘာဝသယံဇာတလည်း လုံးဝမရှိသော စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံအားနှစ်ပေါင်း ၂၀ အတွင်း အမီလိုက်မည်ဆိုသောစကားသည် ဖြစ်နိုင်ပါ့မလားဟူသော အတွေးတို့ကို ပွားစေသောစကားဖြစ်ပါသည်။ သို့သော် ခေါင်းဆောင်ကြီး လီကွမ်ယု၏ မှန်ကန်သော ဦးဆောင်မှုကြောင့် စင်ကာပူနိုင်ငံသည် ယခုအခါ အာဆီယံနိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနိုင်ငံအဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၌လည်း ယခုအခါ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ယုံကြည်အားကိုးသကဲ့သို့ ကမ္ဘာ့နိုင်ငံများကလည်း လေးစားယုံကြည်သော ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခေါင်းဆောင်တာဝန်ယူဆောင်ရွက်နေပြီဖြစ်၍ သမိုင်းကတောင်းဆိုနေသော ခေါင်းဆောင်မှုကိုရရှိထားပြီဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသည်စင်ကာပူနိုင်ငံအား နှစ်ပေါင်း ၂၀ အတွင်းအမီလိုက် ကျော်တက်မည်ဟု သမိုင်းတစ်ပတ်လည်ပြောကြားခဲ့ခြင်းကို တချို့ကဖြစ်နိုင်ပါ့မလားဟု အတွေးပွားကြမည်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားမှုသည်လူထုအစိုးရသစ်၏ သန္နိဋ္ဌာန်ကိုဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားမှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု သက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် စင်ကာပူနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ချိတ်ဆက်၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်လက်တွဲဆောင်ရွက်ကြမည်ဟူသော မိတ်ဆွေကောင်းစိတ်ဓာတ်ကို ရည်ညွှန်းဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံပညာရေးစနစ်၏ ဗဟိုရည်မှန်းချက်အဖြစ် အသက်မွေးဝမ်းကျောင်းပညာရေးကိုသတ်မှတ်ထားသော မူဝါဒနှင့်အညီ နှစ်နိုင်ငံကြား စင်ကာပူ-မြန်မာ သက်မွေးပညာကျောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်းတိုးမြှင့်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စင်ကာပူခရီးစဉ်အတွင်း ဆွေးနွေးခဲ့ခြင်းသည် မဟာဗျူဟာလိုအပ်ချက်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စင်ကာပူစီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ပွင့်လင်းရင်းနှီးစွာ ဖိတ်ခေါ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏တာဝန်ယူမှု၊ တာဝန်ခံမှုကို ထပ်ဆင့်အာမခံချက်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

စင်ကာပူကုန်သွယ်ရေးဝန်ကြီးက မြန်မာနိုင်ငံ၏အလားအလာကောင်းများကို အလေးအနက်ထား အသိအမှတ်ပြုပြောကြားခဲ့ခြင်းသည် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာတော့မည်ကို ရည်ညွှန်းဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ပင် စင်ကာပူနိုင်ငံသည် မြန်မာနိုင်ငံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံ၏ (၂၈) နိုင်ငံမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏အလားအလာအပေါ် ရဲရဲရင့်ရင့်ယုံယုံကြည်ကြည် ဖော်ထုတ်ပြောဆိုသကဲ့သို့ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်းဝန်ခံအသိအမှတ်ပြုပြောကြားခဲ့ခြင်းသည် တိုင်းပြည်၏ ပကတိအခြေအနေကို မှန်မှန်ကန်ကန် နားလည်သော ခေါင်းဆောင်တစ်ယောက်ဖြစ်သည်ကို လှစ်ဟဖော်ပြခြင်းဖြစ်၍ စင်ကာပူနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကိုသာမက ကမ္ဘာ့နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုတို့ကို ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။ ။

# အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံချစ်ကြည်ရေးကားမောင်းပြိုင်ပွဲအဖွဲ့ မြဝတီချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံသို့ထွက်ခွာ

**မြဝတီ ဒီဇင်ဘာ ၁**

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ရက် နံနက် ၇ နာရီခန့်က မော်လမြိုင်မြို့မှ ထွက်ခွာလာခဲ့ကာ မွန်းလွဲ ၂ နာရီခန့်တွင် မြဝတီမြို့သို့ ရောက်ရှိပြီး ဘုရားကြီးဝင်းတွင် ခေတ္တရပ်နားပြီး နောက်မြဝတီမြို့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ထွက်ခွာသွားကြောင်း ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား တာဝန်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်အောင်မြင့်က ပြောကြားခဲ့သည်။

သုံးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းအဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ စတင်ထွက်ခွာလာပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဂိတ်ဆုံးမည်ဖြစ်သည်ဟု ယင်းခရီးစဉ်တွင် လိုက်ပါသူ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က ပြောသည်။

"ခရီးစဉ်က အိန္ဒိယမှာ ၁၀ ရက်လောက်ကြာခဲ့တယ်။ ဗုဒ္ဓဂယာကိုလည်း ရောက်ခဲ့တယ်။ မြန်မာနိုင်ငံမှာ ခြောက်ရက်ခန့်ကြာခဲ့ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သုံးရက်လောက် မောင်းရဦးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်းသို့ မိုရေး-တမူး-ကလေးလမ်းမှ ဝင်ရောက်လာပြီး ကလေး-ပုဂံ-မန္တလေး- နေပြည်တော်-ရန်ကုန်-မော်လမြိုင်-မြဝတီမြို့မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ နာရီခွဲက ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အိန္ဒိယ - မြန်မာ -ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းပွဲတော်တွင် အိန္ဒိယနိုင်ငံသား ၄၃ ဦး၊ ထိုင်းနိုင်ငံသား ခြောက်ဦးနှင့် မြန်မာနိုင်ငံမှ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဝေဠုကျော် အပါအဝင် မြန်မာနိုင်ငံသား ခုနစ်ဦး ပါဝင်ကြောင်း အဆိုပါ ကားမောင်းအဖွဲ့မှ သိရသည်။

အဆိုပါ ချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲ အဖွဲ့သည် ထိုင်းနိုင်ငံမှ ဒီဇင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်တွင် မော်လမြိုင်၊ ၉ ရက်တွင် ရန်ကုန်၊ ၁၀ ရက်တွင် နေပြည်တော်၊ ၁၁ ရက်တွင် မန္တလေး၊ ၁၂ ရက်တွင် ပုဂံ၊ ၁၃ ရက်တွင် ကလေးမြို့များမှတစ်ဆင့် ၁၄ ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း မြဝတီခရီးစဉ်တွင် လိုက်ပါဆောင်ရွက်ပေးနေသူ ကိုကြာဒိုးက ပြောကြားခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ထင်သာမြင်သာပြုပြင်စရာ

# ယုဇနပလာဇာရှေ့ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေး ဆောင်ရွက်ပေးစေချင်



ရန်ကုန်မြို့သည် မြန်မာနိုင်ငံတွင် လူနေထူထပ်သောမြို့တော်ကြီးတစ်မြို့ဖြစ်ပြီး လူဦးရေထူထပ်သလို မော်တော်ယာဉ်များလည်း ထူထပ်ပေါများလှသည်။ ထို့ကြောင့် ရန်ကုန်မြို့လယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းတို့သည်လည်း မော်တော်ယာဉ်များ အမြဲပြည့်ကျပ်ပြီး ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို နေ့စဉ်နှင့်အမျှ ခံစားနေရသည်။

ရန်ကုန်မြို့၏ ဈေးရောင်းဈေးဝယ် လူစည်ကားသောနေရာများအနက် တစ်ခုဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာနေရာသည် ခရီးသည်ယာဉ်လိုင်းများ များပြားခြင်း၊ အငှားကားများရပ်တန့်ခြင်းနှင့်အတူ လမ်းဘေးဈေးသည်များကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှု အမြဲဖြစ်ပေါ်နေသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် အရေးပေါ် ယာဉ်များ အလွယ်တကူ သွားလာရန် အခက်အခဲရှိသောကြောင့် လမ်းဘေးဈေးသည်များအား သီးသန့်နေရာဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်ကြောရှင်းလင်းရေး ဖြေလျှော့ပေးနိုင်စေရန် ခရီးသွားပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

# တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၁**

မိမိဒေသအတွင်း လိုအပ်ချက်များကို အခြေပြုသည့် ဆွေးနွေးပွဲအစီအစဉ်များ လုပ်ဆောင်ရာမှ ထွက်ပေါ်လာသည့် အကြံပြုချက်များပါ ထည့်သွင်းရေးဆွဲထားသော မူဝါဒလုပ်ထုံးလုပ်နည်းများကို မိမိတိုင်းဒေသကြီး အဆင့်တွင်သာမက ပြည်ထောင်စုအဆင့်သို့ တင်ပြကာ ပြည်ထောင်စုအဆင့် လုပ်ငန်းစဉ်နှင့် ချိတ်ဆက်သွားနိုင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်က ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာပါဝင်ပတ်သက်သူများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မူဝါဒချမှတ်အကောင်အထည်ဖော်ခြင်းဆိုင်ရာ သဘောတရားများကို ဖွံ့ဖြိုးရေးပညာရောင်ခြည်အဖွဲ့ အကြီးတန်း သုတေသီဦးတင်မောင်သန်း၊ တိုင်းဒေသကြီး တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုဆိုင်ရာ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် စိန်ခေါ်မှုများကို မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ဌာနမှူး ဦးဝင်းမောင်၊ တိုင်းဒေသကြီး တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ဖြစ်ရပ်လေ့လာတွေ့ရှိချက်များအား တင်ပြဆွေးနွေးခြင်းကို ဖွံ့ဖြိုးရေးပညာရောင်ခြည်အဖွဲ့ သုတေသီ ဦးခင်မောင်ထွေးတို့က တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အဖွဲ့လိုက်တင်ပြဆွေးနွေးကြသည်။

ယင်းနောက်အဖွဲ့လိုက် ဆွေးနွေးပွဲရလဒ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်တင်ပြဆွေးနွေးကြကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၀/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၆ · ၇၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၃၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၈၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂ · ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*❁ ရှေ့စာမျက်နှာမှ*

များက သစ်ခွဥယျာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အမျိုးသား သစ်ခွဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**နိုင်ငံ့ခေါင်းဆောင်များအား ဂုဏ်ပြု**

အဆိုပါ သစ်ခွမျိုးစိတ်သစ်၏ ဂုဏ်ပြုအမည်မှာ Papilionanda Aung San Suu Kyi ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့် နိုင်ငံ့ခေါင်းဆောင်များအား ဂုဏ်ပြုသောအားဖြင့် သစ်ခွပန်းများကို အမှတ်တရအမည်ပေး စိုက်ပျိုးထိန်းသိမ်းမှုကို ၁၉၅၆ ခုနှစ်မှစတင်ပြီး National Orchid Garden ၌ အစဉ်အလာတစ်ရပ်အဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် သမ္မတအိမ်တော်သို့ ရောက်ရှိကြပြီး စင်ကာပူနိုင်ငံ ခေတ္တသမ္မတ မစ္စတာ ဂျိုးဆက်ပ် ယူဗာရတ်ဂျ် ပီးလေးနှင့် တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူဦးရေနှင့် စီးပွားရေးအခြေအနေနှင့် ဘက်စုံကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး မစ္စတာ တိုချီဟင်းန်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

**သိရှိလိုသည်များ မေးမြန်း**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ အကျင့်ပျက်လာဘ်စားမှု စုံစမ်းစစ်ဆေးရေးဌာနသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး မစ္စတာ ဝုန်ဟုန်ကွမ်နှင့် တာဝန်ရှိသူများက အဆိုပါဌာန၏ ဖွဲ့စည်းပုံနှင့် နောက်ခံသမိုင်းကြောင်း၊ လုပ်ငန်းဆောင်ရွက်ချက်၊ ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

**အရေးယူကိုင်တွယ်**

စင်ကာပူနိုင်ငံ အစိုးရအဖွဲ့နှင့် အစိုးရရုံးများသည် ပွင့်လင်းမြင်သာမှုရှိပြီး အဂတိလိုက်စားမှုတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ Transparency International ၏ ၂၀၁၅ ခုနှစ် စစ်တမ်းအရ နိုင်ငံပေါင်း ၁၆၆ နိုင်ငံတွင် စင်ကာပူနိုင်ငံက အဆင့် (၈) နေရာ၌ ရှိသည့်အတွက် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ၌ အဂတိလိုက်စားမှုများမှာ အဖွဲ့အစည်းပုံစံမဟုတ်ဘဲ သီးခြားအဖြစ်အပျက်များ အနေဖြင့်သာ တွေ့ရကြောင်း၊ တိုင်ကြားမှုများ၏ ၇၅ ရာခိုင်နှုန်းမှာ တစ်သီးပုဂ္ဂလ တိုင်ကြားမှုများဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း တိုင်ကြားမှု ၁၁ မှုသာရှိကြောင်း၊ စင်ကာပူနိုင်ငံ၌ အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ထိရောက်အောင်မြင်မှုမှာ အစိုးရ၏ ထိရောက်စွာ အရေးယူကိုင်တွယ်ခြင်း၊ ထိရောက်သည့် ဥပဒေရှိပြီး ဥပဒေကို တိကျစွာလိုက်နာကျင့်သုံးမှုရှိခြင်း၊ လွတ်လပ်သော တရားစီရင်မှုရှိခြင်းနှင့် ပြည်သူများက ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

**ပြခန်းဖွင့်ပွဲ တက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် Singapore’s Asian Civilization Museum သို့ ရောက်ရှိကြပြီး **မြို့တော်များနှင့် ဘုရင်များ “မြန်မာနိုင်ငံမှ ရှေးဟောင်းရတနာများ” ပြခန်း**ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Singapore’s Asian Civilization Museum မှ ဒါရိုက်တာဖြစ်သူ မစ္စတာ ကင်န်နီတင်၊ စင်ကာပူနိုင်ငံ လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှုနှင့် လူငယ်ရေးရာဝန်ကြီး မစ္စစ် ဂရေ့စ်ဖူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်



**စင်ကာပူနိုင်ငံ ခေတ္တသမ္မတ မစ္စတာ ဂျိုးဆက်ပ် ယူဗာရတ်ဂျ် ပီးလေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(ဓာတ်ပုံ- ပြန်/ဆက်)

စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဗီနိုင်းပေါ်၌ လက်မှတ်ရေးထိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် မြန်မာသံအမတ်ကြီး ဦးဌေးအောင်က စင်ကာပူနိုင်ငံရှိ မြန်မာသံရုံး၏ သမိုင်းကြောင်းနှင့် လက်ရှိအချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများ၊ စင်ကာပူရောက် မြန်မာနိုင်ငံသား အလုပ်သမားများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်က တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**မြန်မာအသိုက်အဝန်းနှင့်တွေ့**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Jurong East သို့ ရောက်ရှိကြပြီး စင်ကာပူနိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြီးခဲ့သည့် ရွေးကောက်ပွဲကာလတွင် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံသားများ၏ တာဝန်ကျေပွန်မှု၊ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ လက်ရှိအစိုးရ၏ မူဝါဒနှင့် လုပ်ငန်းရည်ရွယ်ချက်များတွင် အဓိကကျသည့် အချက်ကြီးနှစ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံချစ်စိတ်ဖြင့် ပြုစုပျိုးထောင်**

ပြည်သူပြည်သားများ တစ်ယောက်ချင်းစီ၏ အင်အားများသည် မိမိနိုင်ငံ၏ စွမ်းအားဖြစ်သည့်အတွက် မိမိကိုယ်ကိုယ်

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်ထောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)





**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ အကျင့်ပျက်လာဘ်စားမှု စုံစမ်းစစ်ဆေးရေးဌာန၌ ညွှန်ကြားရေးမှူး မစ္စတာ ဝုန်ဟုန်ကွမ်အား သိရှိလိုသည်များ မေးမြန်းစဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြို့တော်များနှင့် ဘုရင်များ "မြန်မာနိုင်ငံမှ ရှေးဟောင်းရတနာများ" ပြခန်းဖွင့်ပွဲအခမ်းအနား၌ ကြည့်ရှုလေ့လာစဉ် (ဓာတ်ပုံ- ပြန်/ဆက်)

စာမျက်နှာ ၃ မှ
အင်အားရှိအောင် ကြိုးပမ်းစေလိုကြောင်း၊ ကိုယ့်ကိုယ်ကိုယ် မှန်ကန်သည့် အရည်အချင်းဖြင့် တိုးတက်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိရောက်ရှိနေသည့် နိုင်ငံပေါ်မူတည်၍ အကောင်းဆုံးသော အခြေအနေကောင်းများရယူပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတို့မွေးမြူထားသည့် သားသမီးများကို မိမိနိုင်ငံအပေါ် မေ့လျော့မသွားစေရန်၊ နိုင်ငံချစ်စိတ်ဖြင့် ပြုစုပျိုးထောင်ကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

သမိုင်းတစ်လျှောက်လုံးတွင် ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့သည့် ကိစ္စတိုင်းတွင် အောင်မြင်မှုရရှိခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးက နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကိုယ်စား မြန်မာကလပ် (စင်ကာပူ) ဥက္ကဋ္ဌ ဒေါက်တာမြတ်မော်ထွန်းက မေးခွန်းများကို မေးမြန်းရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ် (ဓာတ်ပုံ- ပြန်/ဆက်)

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အကူအညီအထောက်အပံ့များပေးနိုင်မည့်ကိစ္စ၊ အဆင့်မြင့်အရာထမ်းများကို သင်တန်းပေးမည့် အစီအစဉ်နှင့် ပညာသင်ဆုဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ လတ်တလောဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း အကယ်ဒမီ (Civil Services Academy) ဖွင့်လှစ်ရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များရှိ ပညာဌာန ခုနစ်ခု၌ သင်ကြားမည့် ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ Training of Trainers (TOT) သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖွင့်လှစ်ပို့ချမည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုသင်တန်းများတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သင်တန်းသားများ စေလွှတ်နိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမေရိကန်ပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီး ဦးအောင်လင်းအား ပနားမားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ
၃၀၅ ဒေါ်လာဖြင့် ရောင်းချပေးလျက်ရှိပြီး တစ်ပတ်လျှင်နှစ်ကြိမ် (ကြာသပတေး၊ တနင်္ဂနွေ)နေ့များတွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရန်ကုန်မြို့မှ ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုးနှင့် ဂယာမြို့များသို့ Airbus A320 (လူဦးရေ ၁၈၀ ဆံ့)၊ Airbus A319 (လူဦးရေ ၁၂၀ ဆံ့) လေယာဉ်များဖြင့် ပုံမှန်ပျံသန်းပေးလျက်ရှိပြီး (Charter Flight) စင်းလုံးငှားခရီးစဉ်များကိုလည်း သွားလိုသည့် ပြည်ပနိုင်ငံများအတွက် အလျင်မြန်ဆုံး၊ အလွယ်ကူဆုံး အချိန်မရွေးဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ၁၉၉၃ ခုနှစ်မှစ၍ ပြည်ပခရီးစဉ်များ ပျံသန်းပေးလျက်ရှိပြီး ၁၀၀ရာခိုင်နှုန်း Safety Record ရာနှုန်းပြည့် လုံခြုံစိတ်ချရသော လေကြောင်းလိုင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ **ဖိုးသော်ဇင်**




## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## သံအမတ်ကြီးဦးမောင်ဝေ အိန္ဒိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဘ်မူခါဂျီးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ကံထူးရှင်များထွက်ပေါ်

## (၃၃၅)ကြိမ်မြောက်

## ထွက်ပေါ်လာသော ဆုမဲများ

နေပြည်တော် ဒီဇင်ဘာ ၁

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

န-၉၆၉၁၇၅

**ကျပ်သိန်း (၁၀၀၀)**

ဆ-၅၈၉၈၅၅ ယ-၉၂၇၅၁၈

**ကျပ်သိန်း (၅၀၀) ဆုများ**

ကစ-၅၆၂၃၃၈၊ ကဂ-၇၂၆၃၁၇

ယ-၈၅၃၇၀၇၊ စ-၈၇၃၃၀၀

ဈ-၉၅၇၄၆၂

**ကျပ်သိန်း (၃၀၀) ဆုများ**

ကခ-၃၉၇၂၁၂၊ ကဆ-၄၅၀၄၃၀

ထ-၄၀၀၀၄၆၊ ကဃ-၅၁၆၁၆၂

ည-၄၁၃၄၀၉၊

ကခ-၅၅၄၈၉၁

**ကျပ်သိန်း (၂၀၀) ဆုများ**

ဈ-၂၈၃၉၉၅၊ အ-၄၉၆၁၆၁

ထ-၂၈၉၉၉၂၊ ကဂ-၇၀၃၅၁၇

ဆ-၄၅၀၄၁၂၊ ဖ-၈၈၂၄၈၂

ဖ-၄၈၈၄၁၇

**ကျပ်သိန်း (၁၀၀) ဆုမဲများ**

ဂ-၁၁၃၇၇၈၊ ဌ-၃၄၉၀၄၁

ယ-၅၉၅၅၅၅၊ ယ-၈၅၈၈၂၆

က-၁၆၁၇၄၉၊ ခ-၄၁၆၀၂၃

ဒ-၆၄၀၂၄၅၊ ထ-၉၀၇၂၉၅

ဏ-၁၆၂၁၁၃၊ ဘ-၄၂၄၄၄၆

ကဂ-၆၅၆၈၇၂၊ ဂ-၉၄၀၅၆၃

ရ-၂၅၉၄၄၄၊ ကဇ-၄၃၀၈၉၆

ည-၆၇၆၆၂၃၊ ကခ-၃၃၉၇၅၄

အ-၅၅၆၅၁၉၊ င-၇၄၀၄၉၈

# ဥပဒေနှင့်မညီ ကျူးကျော်တည်ဆောက်ထားသည့် မြေနေရာများကို နိုင်ငံတော်၏မြေအဖြစ် ပြန်လည်ရယူသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ လှိုင်မြို့နယ် ၁၂ ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ ဘာတာဈေးနှင့် **လှိုင်မြို့နယ် မီးသတ်ဦးစီးဌာန အဆောက်အအုံကြားရှိ စက်မှုဝန်ကြီးဌာနပိုင် မြေနေရာတွင် ယခင်အစိုးရလက်ထက်က ဆောက်လုပ်ခဲ့သော အဆောက်အအုံ တစ်လုံး၊ ယခုဆောက်လုပ်ရန် ပြင်ဆင်နေသော မြေကွက်လပ်၊ ယခင်အစိုးရလက်ထက်က ငှားရမ်းထားသော Planets Zone Beer ဆိုင်၊ ဖုန်းပစ္စည်းအရောင်းဆိုင်နှစ်ဆိုင်၊ KLK အဝတ်အထည်ဆိုင်နေရာများကို မူလတည်ရှိခဲ့သော ကလေးကစားကွင်းနှင့် ပန်းခြံပြုလုပ်ရန်အတွက် အများပိုင် မြေနေရာအဖြစ် ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အဆိုပါမြေနေရာများကို Planets Zone နှင့် Global Summint ကုမ္ပဏီလီမိတက်တို့ ငှားရမ်းရာတွင် တစ်နှစ်တစ်ကြိမ်စာချုပ်ချုပ်ဆို၍ နှစ်စဉ်ငှားရမ်းခကို အနည်းဆုံး နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထက်အထိ တိုးမြှင့်သတ်မှတ်ပေးဆောင်စေခဲ့ပြီး ဘဏ္ဍာရေးနှစ်အလိုက် ငှားရမ်းခငွေများကို နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ဥပဒေနှင့်မညီ၊ မလျော်ကန်သော ဆောင်ရွက်ချက်များကို တစ်နှစ်တစ်ကြိမ် သက်တမ်းကာလအတွင်း တားမြစ်နိုင်ပါကြောင်း။

သို့ပါ၍ အဆိုပါမြေနေရာများသည် စက်မှုဝန်ကြီးဌာနပိုင် အမည်ပေါက်ရရှိပြီး ဖြစ်ခြင်း၊ ကုမ္ပဏီများသို့ ၁၀ နှစ်ငှားရမ်းထားပြီးဖြစ်ခြင်းနှင့် ငှားရမ်းခများကိုလည်း နိုင်ငံတော်သို့ ပေးသွင်းလျက်ရှိခြင်းတို့ကြောင့် ကလေးကစားကွင်းနှင့် ပန်းခြံပြုလုပ်ရန်အတွက် အများပိုင်မြေနေရာအဖြစ် ပြန်လည်ပေးအပ်နိုင်ခြင်း မရှိပါကြောင်းနှင့် ဥပဒေနှင့်မညီသော ကျူးကျော်တည်ဆောက်ထားသည့် မြေနေရာများကို နိုင်ငံတော်၏ မြေအဖြစ် ပြန်လည်ရယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့နယ် မန်ကျောင်းရွာအနီး ဆွတ်တီးချောင်းပေါ်ရှိ ရေလှောင်တမံအား လုံလောက်သော ရေပိုလွှဲမြောင်းများ ထည့်သွင်းတည်ဆောက်ပေးရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့် နှစ်စဉ် ဆုံးရှုံးနစ်နာသော တောင်သူများအား မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွတ်တီးချောင်းပေါ်၌ တည်ရှိသော ရေလှောင်တမံမှာ ကွန်ကရစ်တမံတစ်ခုဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်မဟုတ်ပါကြောင်း၊ မန်ပန်ပြည်သူ့စစ်အဖွဲ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ရည်ရွယ်၍ လွန်ခဲ့သော ရှစ်နှစ်ခန့်က တည်ဆောက်ခဲ့ပြီး ယနေ့အချိန်အထိ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခြင်း မရှိပါကြောင်း။

တမံ၏ လက်ဝဲ၊ လက်ယာအစွန်းတောင်ကုန်းများသည် တောင့်တင်းခိုင်မာမှုမရှိခြင်း၊ ဒီဇိုင်းပုံစံကျ ဆောင်ရွက်ထားခြင်းမရှိခြင်းတို့ကြောင့် နောင်ရေရှည်တွင် တမံ၏ လုံခြုံစိတ်ချနိုင်မှုအတွက် စိုးရိမ်ရသောအခြေအနေရှိသဖြင့် ထပ်မံ၍ ရေပိုလွှဲထည့်သွင်းတည်ဆောက်ရန် မသင့်လျော်ပါကြောင်း၊ တမံရေဝပ်ဧရိယာအတွင်း စိုက်ပျိုးလျက်ရှိသည့် လယ်မြေများ ရေကြီးနစ်မြုပ်မှုရှိနေသည့်အတွက် နစ်နာနေသော တောင်သူများဘက်မှ ဦးစားပေးစဉ်းစား၍ ဆောင်ရွက်မည်ဆိုပါက ကွန်ကရစ်တမံမှ ရေဆက်လက် ထိန်းသိမ်းသိုလှောင်မှုမပြုဘဲ ဆွတ်တီးချောင်းရေကို နိုင်နင်းစွာလွှဲပေးနိုင်ရန်အတွက် လက်ရှိ ကျိုးပေါက်နေသည့် အစွန်းတောင်ကုန်းများ နေရာမှ လုံလောက်သည့် အကျယ်ရှိသော ရေလွှဲမြောင်းဖောက်လုပ်ပေးရမည်ဖြစ်ပါကြောင်း။

အဆိုပါ တမံတည်ဆောက်ထားသည့် ဧရိယာမှာ နယ်မြေလုံခြုံရေး ကန့်သတ်ချက်ရှိသည့်အတွက် ဌာနအနေဖြင့် တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်ဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နည်းပညာအကူအညီများပေး၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့၏ မေးမြန်းချက်များကိုလည်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ထို့နောက် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက **နိုင်ငံတစ်ဝန်း စိုက်ပျိုးရေး လုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ပုဒ်မ ၄၅ အရ ခွင့်ပြုခဲ့သည့် သစ်တောမြေများအား အဆိုပါနည်းဥပဒေနှင့်အညီ စိစစ်ပြီး နည်းဥပဒေပါ စည်းကမ်းချက်များနှင့် မညီညွတ်သော လုပ်ကွက်မြေဧရိယာများအား နည်းဥပဒေပုဒ်မ ၅၇ အရ နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများအဖြစ် ပြန်လည်ရုပ်သိမ်း၍ သဘာဝနည်းလမ်းများဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော **၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

# ဘားအံစက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွင်၏ **၂၀၁၂ ခုနှစ်က ကေပေါင်း ၉၆၉ ကေဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကရင်ပြည်နယ် ဘားအံစက်မှုဇုန်အခြေအနေအား သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘားအံစက်မှုဇုန်၌ ဖော်ထုတ်ပြီး မြေကွက်များအနက် အချို့မြေကွက်များသည် လယ်မြေများဖြစ်သဖြင့် အငြင်းပွားနေရခြင်း၊ မြေကွက်ဝယ်ယူပြီး လုပ်ငန်းရှင်အချို့သည် လုပ်ငန်း အကောင်အထည်ဖော်ရန် နှောင့်နှေးနေခြင်း၊ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရ ထုတ်လုပ်ပြီး ကုန်ချောများ ဖြန့်ဖြူးရောင်းချရန် ဈေးကွက်ဝယ်လိုအား မရှိခြင်း၊ ဒေသခံများအနေဖြင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင်စားမှု နည်းပါးခြင်း၊ ပြည်ပကုန်ပစ္စည်း အစားထိုး ထုတ်လုပ်နိုင်ရန် အရင်းအနှီး၊ နည်းပညာ၊ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကြီးမားခြင်း စသည့်အခက်အခဲများကြောင့် တိုးတက်မှုနှောင့်နှေးနေရခြင်း ဖြစ်ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ဘားအံစက်မှုဇုန် အောင်မြင်ရေးအတွက် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ဘားအံမြို့နယ်အတွင်း ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်စေခြင်း၊ လုပ်ငန်းအမျိုးအစားတူသောလုပ်ငန်းများ စုပေါင်း၍ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်စေရန် ကြိုးပမ်းစေခြင်း၊ ပြုပြင်/ ပြင်ဆင်သည့် အဆင့်တွင် ရပ်မနေဘဲ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်အဆင့်ထိ ရောက်ရှိစေရန်နှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရေး နည်းပညာအကူအညီပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှုသင်တန်းကျောင်းများ၌ လေ့လာသင်ယူပြီး လုပ်ငန်းခွင်အတွင်း ပြန်လည်အသုံးချခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်း/ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များကို ဖိတ်ခေါ်လုပ်ကိုင်ခြင်းဖြင့် ဘားအံစက်မှုဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် ဟားခါး - မတူပီလမ်းမကြီးမှ ခွဲထွက်သော တိန်ဆီး - တီလပ် - ဝေါ်တီးလမ်းအပိုင်းမှ ဖောက်လုပ်ပြီးခဲ့ သော ၂၃ မိုင် ၇ ဖာလုံ လမ်းပိုင်းမှ ပြိုကျမြေပုံများကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဖယ်ရှားရှင်းလင်းပေးရန်နှင့် ကေလုံ - ဘလေး -လုံငိုး ကျေးရွာအထိ ၁၀ မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မတူပီမြို့နယ် တိန်ဆီး - ဝေါ်တီး မြေလမ်း (၁၉/၀) မိုင် မြေပြိုဖယ်ရှားခြင်း လုပ်ငန်းများအတွက် သဘာဝဘေးကြောင့် ပျက်စီးမှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေစာရင်းတွင် ငွေကျပ် ၇၆ သန်း ခွင့်ပြုထားပြီးဖြစ်သဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကေလုံ - ဘလေး - လုံငိုးကျေးရွာအထိ ၁၀ မိုင်လမ်းကို ဆက်လက်ဖောက်လုပ်ပေးရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတွင် လျာထား ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဂျေယောဝူ၏ **နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင် - ငါဝါ - ဂဝိုင် - ဒုံဇုံ - တဆူထု - ထလာထု - ခရောင် - ဒဟွန်းဒမ်း စုစုပေါင်း ၆၃ မိုင်နှင့် ဒုံဇုံ - ပေ ၁၅၀ ဆန်ခူးလောင်ကြိုးတံတား - ထအွန်းဒမ်း- ဆန်ဒမ်း - မဒိန်း စုစုပေါင်း ကိုးမိုင်တို့ကို ရှစ်ပေအကျယ် ဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ပေးရန်၊ လုံးနတ်ဘူဒဲ - ငါဝါ အကြား ပေ ၃၅၀ ရှိ မေခမြစ်ကူး ဆိုင်ကယ်ကြိုးတံတားအား ပြန်လည် တည်ဆောက်ပေးရန်နှင့် တဆူထု ပေ ၃၅၀ မေခမြစ်ကူး ကြိုးတံတားနှင့် ဒဟွန်းဒမ်း ပေ ၃၅၀ အန္တရာယ်ရှိ မေခမြစ်ကူး ဆိုင်ကယ်ကြိုးတံတား နှစ်စင်းအား အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပန်နန်းဒင်- ငါဝါ -ဂဝိုင် - ဒုံဇုံ - တဆူထု - ထလာထု - ခရောင် - ဒဟွန်းဒမ်း စုစုပေါင်း ၆၃ မိုင်ကို ရှစ်ပေအကျယ် ဆိုင်ကယ်မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ လုပ်ငန်းဦးစားပေးအလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒုံဇုံ - ပေ ၁၅၀ ဆန်ခူးလောင်ကြိုးတံတား - ထအွန်းဒမ်း - ဆန်ဒမ်း - မဒိန်း စုစုပေါင်း ကိုးမိုင်ကို ရှစ်ပေအကျယ် ဆိုင်ကယ်မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ လုပ်ငန်းဦးစားပေးအလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မေခမြစ်ကူး ကြိုးတံတားနှစ်စင်း အဆင့်မြှင့်ပြုပြင်ခြင်း လုပ်ငန်းများအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့၏ သယံဇာတ တူးဖော်ထုတ်လုပ်မှု ပွင့်လင်းမြင်သာရေးနှင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် နယ်စပ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဥပဒေရေးထုံးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီမှ ပြန်လည်ကြားနာဆောင်ရွက်ရန် ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် (၁-၁၂-၂၀၁၆) ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်သည့် ဗီဇာစည်းကမ်းသတ်မှတ်ချက်များ

**မြန်မာနိုင်ငံတွင် လက်ရှိ ခွင့်ပြုပေးလျက်ရှိသော ပြည်ဝင်ဗီဇာ စနစ်သစ် (၁၂) မျိုးအား နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် စည်းကမ်းသတ်မှတ်ချက်များ ပြင်ဆင်သတ်မှတ်ထားသည့် အောက်ဖော်ပြပါ ဗီဇာစည်းကမ်းသတ်မှတ်ချက်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ( ၁ ) ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-**

| စဉ် | ဗီဇာအမျိုးအစား | ပြင်ဆင်သတ်မှတ်မည့် ဗီဇာကြေးနှင့်နေခွင့်ကာလ | ပြင်ဆင်သတ်မှတ်မည့် ဗီဇာစည်းကမ်းသတ်မှတ်ချက် |
|---|---|---|---|
| ၁။ | သံတမန်/ သံအဖွဲ့ဝင်ဗီဇာ (Gratis Diplomatic/ Official Courtesy Visa) | - ဗီဇာကြေး - အခမဲ့<br>- နေခွင့်ကာလ - တာဝန်ထမ်းဆောင်ချိန် | (၁) သက်ဆိုင်ရာနိုင်ငံမှ မြန်မာနိုင်ငံတွင် သံတမန်/သံအဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်အပ်သည့် အမိန့်စာ တင်ပြရမည်။<br>(၂) သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်မည့် ခန့်အပ်ကြောင်း (သို့မဟုတ်) ဖိတ်ခေါ်ကြောင်း အထောက်အထား တင်ပြရမည်။ |
| ၂။ | ကမ္ဘာလှည့်ဗီဇာ (Tourist Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက် | (၁) အားလပ်ရက် အပန်းဖြေခရီးထွက်ရန်၊ အလည်အပတ်အဖြစ်နေထိုင်ရန်၊ ခေတ္တနေထိုင်ရန်အတွက်သာ လျှောက်ထားရမည်။<br>(၂) ခရီးစဉ်အသွားအပြန် လေယာဉ်လက်မှတ် တင်ပြရမည်။ |
| ၃။ | - လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက် နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) လျှောက်ထားသူသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လိုသည့်စီးပွားရေး/ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ကိစ္စအား ဖော်ပြလျှောက်ထားရမည်။ |
| | - လုပ်ငန်းဗီဇာ (အကြိမ်ကြိမ်) (Business Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။** | လုပ်ငန်းဗီဇာ (၁)ကြိမ်သုံးအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်)ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆)လ (သို့မဟုတ်) (၁)နှစ် မှ မည်သည့် ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့်အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့်တင်ပြရမည်။ (ဥပမာ- ကာယကံရှင်ကိုယ်တိုင် တင်ပြနိုင်သော စီးပွားရေးဆိုင်ရာကိစ္စ ဖော်ပြခြင်း) |
| ၄။ | - လူမှုရေးဗီဇာ (တစ်ကြိမ်သုံး) (Social Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) မြန်မာနိုင်ငံသားဟောင်း ဖြစ်ပါက မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေပြနိုင်ရမည်။ မြန်မာနိုင်ငံ၌ တွေ့ဆုံ/အတူ နေထိုင်လိုသည့်ဆွေမျိုးနှင့် တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ ဖော်ပြရမည်။<br>(၂) မြန်မာနိုင်ငံသားနှင့်ပတ်သက်သူ နိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံသားနှင့် မည်သို့ပတ်သက်ကြောင်း အထောက်အထား၊ တွေ့ဆုံလိုသည့်အကြောင်းအရာ၊ တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ ဖော်ပြလျှောက်ထားရမည်။ |
| | - လူမှုရေးဗီဇာ (အကြိမ်ကြိမ်) (Social Visa) (Multiple) | - ဗီဇာကြေး - ၁၅၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံး | လူမှုရေးဗီဇာ (၁) ကြိမ်သုံးအတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်)ဝင်ရောက်သူမဖြစ်စေရ။ |
| | | လုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၃၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၅၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။** | (၂) အကြိမ်ကြိမ် (၃) လ (သို့မဟုတ်) (၆)လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့် ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |
| ၅။ | - သာသနာရေးဗီဇာ (တစ်ကြိမ်သုံး) (Religious Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက် နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) သာသနာရေးဆိုင်ရာ လာရောက်လိုသည့်ကိစ္စရပ်၊ ဆက်သွယ် ဆောင်ရွက်မည့် ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ် / အဖွဲ့အစည်း / ရိပ်သာ / ဘုရားကျောင်း၊ သွားရောက်မည့် လိပ်စာတို့ကို ဖော်ပြလျှောက်ထားရမည်။ |
| | - သာသနာရေးဗီဇာ (အကြိမ်ကြိမ်) (Religious Visa) (Multiple) | - ဗီဇာကြေး - ၁၅၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၃၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့်ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။**<br>/<br>- ဗီဇာကြေး - ၄၅၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>**- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။** | သာသနာရေးဗီဇာ (၁) ကြိမ်သုံးအတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည် -<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁)နှစ်မှ မည်သည့် ဗီဇာကို ရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ပြုလုပ်လိုသည့်အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |
| ၆။ | ဖြတ်သန်းဗီဇာ (Transit Visa) | - ဗီဇာကြေး - ၂၀ USD<br>- နေခွင့်ကာလ - ၂၄ နာရီ | မြန်မာနိုင်ငံမှ နောက်ကြောင်းပြန်ခရီးမဟုတ်သော ရှေ့ဆက်ထွက်ခွာမည့်ခရီး၏ လေယာဉ်လက်မှတ် တင်ပြရမည်။ |
| ၇။ | - နိုင်ငံတကာ အဖွဲ့အစည်းများ ဗီဇာ (တစ်ကြိမ်သုံး) (Official Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက် နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) UN အသိအမှတ်ပြု နိုင်ငံတကာအဖွဲ့အစည်း/ မြန်မာနိုင်ငံ၊ ပြည်ထောင်စုအစိုးရမှ အသိအမှတ်ပြုထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ရမည်။<br>(၂) ပြည်တွင်းတွင် လုပ်ငန်းဆောင်ရွက်မည့်နေရာ/ လုပ်ငန်းဆောင်ရွက်ချက်များ ဖော်ပြရမည်ဖြစ်ပြီး တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်မည့် ဝန်ခံချက်ပါရှိရမည်။ |

*(ဆက်လက်ဖော်ပြပါမည်)*

***※ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်းမှ***

(၄) ဦးသာညဏ် — အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း

(၃) ဦးဇော်မြင့်ဖေ — အတွင်းရေးမှူး
အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ
ဆန်းစစ်သုံးသပ်ရေးကော်မရှင်
ပြည်ထောင်စုလွှတ်တော်

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် အောက်ဖော်ပြပါကိစ္စရပ်များအပေါ် ဖြစ်စဉ်ဖြစ်ရပ် အမှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးအတွက် လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်နှင့်အတူ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်-

(က) မောင်တောဒေသ၌ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် နောက်ခံအခြေအနေ၊ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်များ၊

(ခ) အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် အခြားထိခိုက်မှုများ၊

(ဂ) ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဆောင်ရွက်ချက်များ၊

(ဃ) နယ်မြေရှင်းလင်းစိုးမိုးရေးဆောင်ရွက်ချက်များအပေါ် ပြင်ပမှစွပ်စွဲချက်များ မှန်ကန်မှု ရှိ/မရှိ၊

(င) ပြည်သူများ၏လုံခြုံရေးနှင့် အခြေခံအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရေး၊

(စ) ပဋိပက္ခများကြိုတင်ကာကွယ်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးရေး၊

(ဆ) စုံစမ်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် လိုအပ်သော လူပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်းများ တောင်းယူခြင်းနှင့် လိုအပ်သည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၅။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အရောက် တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

***◆ ကျောဖုံးမှ***



ပြည်ထောင်စုဝန်ကြီး
ဦးကျော်ဝင်း



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ
ဦးဆက်အောင်



ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ
ဦးဇော်မင်းဝင်း

ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ပြီးခဲ့သည့် အောက်တိုဘာ (၂၂)ရက်က နေပြည်တော် MICC(2) ၌ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များကို တွေ့ဆုံပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်အားပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် မကြာခဏတွေ့ဆုံဆွေးနွေးမည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့အပြင် မိမိအပါအဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးရန်မှာကြားမှုအရ ယနေ့ မိမိတို့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း။

**ကဏ္ဍအလိုက်အကောင်အထည်ဖော်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်တွေ့ဆောင်ရွက်ကြရသည့် စီးပွားရေးလုပ်ငန်းရှင်များ ယနေ့တွေ့ကြုံရသည့် အခက်အခဲများကို မိမိတို့ သိရှိနိုင်ရန် လာရောက်နားထောင်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး စီးပွားရေးမူဝါဒ (၁၂)ရပ်နှင့်အတူ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

**အခွန်သက်သာခွင့်**

ထို့အတူ နိုင်ငံတော်၏ အမျိုးသားအဆင့်စီးပွားရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာစီးပွားရေးကဏ္ဍအလိုက် မူဝါဒ၊ လုပ်ငန်းစဉ်များ ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော်နေပါကြောင်း၊ စီးပွားရေးမူဝါဒ၏ အဓိကကျသော ကဏ္ဍဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး နိုင်ငံစီးပွားရေးတိုးတက်ဖော်ဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ နည်းဥပဒေနှင့် အမိန့်ကြော်ညာချက်များကိုလည်း မကြာခင် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမူဘောင်နှင့်အညီ လာမည့်နှစ်သစ်တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)ဟူ၍ ဇုန်အလိုက်ခွဲခြားပြီး ကွဲပြားသည့် အခွန်သက်သာခွင့်များအား ဇုန်အလိုက် သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

**လုပ်ငန်းကော်မတီ(၅)ခု ဖွဲ့စည်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယသမ္မတက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကို ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတော်တွင် အဓိကဆောင်ရွက်မည့် မူဝါဒများနှင့်ပတ်သက်ပြီး လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် မဏ္ဍိုင်များလည်းရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည် အလွန်ကျယ်ဝန်းသည့်အတွက် စနစ်တကျဆောင်ရွက်ရန် လမ်းပြမြေပုံလိုအပ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများနှင့် ပူးပေါင်းရေးဆွဲခဲ့ပါကြောင်း၊ မဏ္ဍိုင်(၅)ရပ်ဆိုသည်မှာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ နိုင်ငံ၏ အခန်းကဏ္ဍပြန်လည်ရေးဆွဲရေးမဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးမဏ္ဍိုင်တို့ ပါဝင်ကြောင်း၊ ၎င်းမဏ္ဍိုင်(၅)ရပ်ကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီ(၅)ခု ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဒုတိယသမ္မတက ဥပဒေလုပ်ထုံးလုပ်နည်းများ အလေ့အထများသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာစံနှုန်းများဖြင့် မကိုက်ညီဘဲ ခေတ်မမီတော့ခြင်း စသည့်အားနည်းချက်များကို မြန်ဆန်ထိရောက်စွာ ဖြေရှင်းပေးနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲများမှ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းရာတွင်လည်း ချက်ချင်းဖြေရှင်းရနိုင်သော ကိစ္စများကို အချိန်မဆိုင်းဘဲ ဖြေရှင်းဆောင်ရွက်ပေးရန်၊ လတ်တလော ဖြေရှင်းမရသေးသော ကိစ္စများရှိလျှင်လည်း မြန်မြန်ဖြေရှင်းပေးနိုင်လေ တိုင်းပြည်နှင့် ပြည်သူအကျိုးမြန်မြန်ရှိလေဆိုသည့် စိတ်ဓာတ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ချက်ချင်းပြန်လည်ဆွေးနွေးသုံးသပ်ပြီး အမြန်ဆုံးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းကြရန်၊ အစိုးရဌာနများအနေဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် လွယ်ကူရှင်းလင်းသည့်စနစ်၊ ပွင့်လင်းမြင်သာသောစနစ်များနှင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေး အဂတိတရားကင်းကင်းဖြင့် ဆောင်ရွက်ကြရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မိမိကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတိုးတက်မှုကို ရှေးရှုမှုနှင့်အတူ မိမိပါဝင်သည့် စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိလုပ်ငန်းနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်ပတ်သက်သည့် လူမှုစီးပွားဝန်းကျင်တစ်ခုလုံးကိုပါ အတူတကွ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံစီးပွားရေးတစ်ခုလုံးကိုပါ အထောက်အကူဖြစ်စေမည့် စီးပွားရေးသမားကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် တက်ရောက်လာကြသည့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များက တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံခြားငွေလဲလှယ်နှုန်းကိစ္စ၊ ဆန်၊ ပဲ၊ နှမ်း၊ ရေထွက်ပစ္စည်း၊ မွေးမြူရေး၊ သစ်တောထွက်ပစ္စည်း၊ အထည်အလိပ်၊ ခရီးသွားလုပ်ငန်းစသည့် ပို့ကုန်မြှင့်တင်ရေးကဏ္ဍများ၊ ရန်ကုန်မြို့သစ်စီမံကိန်းကဏ္ဍနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့် နိုင်ငံတကာတရားဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

နယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့် နိုင်ငံတကာတရားဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းအား UNODC ၏ နိုင်ငံတကာဥပဒေရေးရာကျွမ်းကျင်သူ Mr. Scott Beazley ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်အတူ ရဲလေ့ကျင့်ရေးအရာရှိချုပ်၊ ဖြတ်ကျော်မှုခင်းဌာနကြီးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ သဘောတူလက်မှတ်ရေးထိုးထားသော မြန်မာနိုင်ငံဆိုင်ရာစီမံကိန်း (Country Programme for Myanmar 2014-2017) အကောင်အထည်ဖော်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၌ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးနိုင်ရေး နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (The Mutual Assistance in Criminal Matter Law) ကို ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မီးလောင်လျှင်

**(၁) ထွက်မပြေးပါနှင့်စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။**

**(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။**

**(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။**

**(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။**

**(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။**

မီးသတ်ဦးစီးဌာန

# World AIDS Day (၂၀၁၆) ပြပွဲ အမျိုးသားလွှတ်တော်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဆိုင်ရာ UNAIDS၊ ဖီးနစ်လူမှုစီးပွားရေးအဖွဲ့(Phoenix Association) နှင့် HIV ဆိုင်ရာ အရပ်ဘက်လူမှုရေးကွန်ရက်များ ပူးပေါင်းစီစဉ်သော World AIDS Day (၂၀၁၆) အထိမ်းအမှတ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆောင်၌ ကျင်းပသည်။

ပြပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ UNAIDS နှင့် Phoenix Association မှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် World AIDS Day (၂၀၁၆) အထိမ်းအမှတ်ပြပွဲအခမ်းအနားတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

# ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

**သတင်း - ရီရီမြင့်၊ ဉမ္မာသန့်**
**ဓာတ်ပုံ - ရဲထွန်း**

**ရန်ကုန် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းရှေ့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်၌ ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲဖွင့်ပွဲကို ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲစတင်ကျင်းပသည့်နေ့ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် တစ်ဆက်တည်း ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ကျင်းပခဲ့ကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာလကလည်း နေပြည်တော်၌ ကလေးစာပေပွဲတော်ကို ကျင်းပခဲ့ကြောင်း၊ နိုဘယ်လ်မြန်မာစာပေပွဲတော်ကိုလည်း ရန်ကုန်၌ ကျင်းပခဲ့ကြောင်း။

**စီစဉ်ဆောင်ရွက်လျက်ရှိ**

အဆိုပါစာပေပွဲတော်များ စည်ကားခြင်းသည် မြန်မာလူမျိုးများအနေဖြင့် စာအုပ်စာပေ စိတ်ဝင်စားမှုကို ပြသနေခြင်းဖြစ်ကြောင်း၊ စိတ်ဝင်စားဖွယ်ကောင်းသည့် စာအုပ်စာတမ်းအသစ်များလည်း ထွက်ပေါ်နေရန် လိုအပ်ကြောင်း၊ စာအုပ်အသစ်များများ ထွက်ရှိနေမှုနှင့်အတူ စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့အတူ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များကို ယခုကဲ့သို့ မကြာခဏကျင်းပပေးခြင်းဖြင့် စာအုပ်စာပေအပေါ် စိတ်ဝင်စားမှုများလာပြီး အသိပညာများလည်း တိုးတက်လာမည်ဖြစ်၍ ဆက်လက်ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုဘယ်လ်မြန်မာစာပေပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း၊ ကလေးစာပေပွဲတော်ကို မန္တလေးမြို့၌ လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ရိုးရာယဉ်ကျေးမှုပွဲတော်များကို လည်းကောင်း ဆက်လက်ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာ သာထွန်းဦးတို့ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး**

ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေနှင့်ပတ်သက်သည့် စာတမ်း ၁၄ စောင်မှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်ပြီးခေတ်ကာလသမိုင်းကို ညွှန်းဆိုနေသော စာတမ်းများဖြစ်သည်ကို တွေ့ရကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အချုပ်ပင်ဖြစ်ကြောင်း၊ စာပေသမားများအားလုံး၏ တူညီသောရည်ရွယ်ချက်မှာလည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အတွက်ပင်ဖြစ်သည်ဟု မြင်ပါကြောင်း၊ တူညီသောရည်ရွယ်ချက်နှင့် ဆွေးနွေးညှိနှိုင်း စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မည်ဟု မြင်ပါကြောင်း၊ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပခြင်းဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်သူပရိသတ် တိုးပွားလာရေး၊ မြန်မာလူမျိုးများ စာတမ်းများရေးသားသည့် အလေ့အထ ဖြစ်ပေါ်လာရေး၊ စာတမ်းများကို ဆွေးနွေးသည့်အလေ့အထ ထွန်းကားလာရေး၊ ဆွေးနွေးပွဲများမှ အသိဉာဏ်ဖလှယ်ရယူနိုင်ရေး၊ မြန်မာလူမျိုးများ၏ လူသားအရင်းအမြစ် အရည်အသွေးတိုးတက်တောက်ပြောင်လာရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**မိတ်ဆက်ပေး**

ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးအောင်ရှင်(မုံရွာအောင်ရှင်) နှင့် ဦးကျော်နိုင် (ထက်မြက်) တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က စာတမ်းရှင် ဦးခင်မောင်ဌေး(သန်းစိုးနိုင်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးခင်မောင်ဌေး (သန်းစိုးနိုင်) က "စာပေသစ်လှုပ်ရှားမှု (တာရာကိုထွန်းညှိခြင်း)" စာတမ်းကိုဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဦးအံ့မောင်(အံ့မောင်-မုံရွာ)နှင့် ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) တို့ကဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) က စာတမ်းရှင် ဦးကျော်နိုင်(ထက်မြက်)နှင့် မိတ်ဆက်ပေးသည်။

**သုံးသပ်ဆွေးနွေး**

ယင်းနောက် စာတမ်းရှင် ဦးကျော်နိုင်(ထက်မြက်)က "မြန်မာစာပေလောကအပေါ် လက်ဝဲစာရေးဆရာများနှင့် လက်ဝဲစာပေလွှမ်းမိုးလာမှု" စာတမ်းကိုဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိများအဖြစ် ဦးအံ့မောင်(အံ့မောင်-မုံရွာ)၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)နှင့် ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်) တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဦးအံ့မောင်(အံ့မောင်-မုံရွာ) က စာတမ်းရှင် ဦးတင်ဝင်းနှင့် မိတ်ဆက်ပေးသည်။

စာတမ်းရှင် ဦးတင်ဝင်းက "မြန်မာနိုင်ငံပညာရေးသမိုင်း (၁၉၄၈-၆၂)" စာတမ်းကိုဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားပြီး သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆက်လက်ကျင်းပမည်**

စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာတမ်းရှင် ဒေါက်တာတိုးလှက "သမိုင်းနှင့်နိုင်ငံရေး" စာတမ်း၊ စာတမ်းရှင် ဦးအေးချို (မဟာဝိဇ္ဇာ)က "၁၉၄၈ ခုနှစ် လွတ်လပ်ရေးအပေါ် ခေတ်ပြိုင်စာပေ မှတ်တမ်းများအမြင်" စာတမ်းနှင့် စာတမ်းရှင် ဦးငွေတိုး (အခြေခံပညာ)က "အခြေခံပညာရေး ကဏ္ဍကို လေ့လာသုံးသပ်ခြင်း" စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့မှ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ စာတမ်းရှင် ၁၄ ဦးက စာတမ်းပေါင်း ၁၄ စောင် ဖတ်ကြားကြမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်ကလည်း သုတ၊ ရသစာအုပ်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် စာပေဝါသနာရှင်များအတွက် စာအုပ်ဆိုင်များ ခင်းကျင်းရောင်းချပေးစဉ် (သတင်းစဉ်)

# ဆင်းသုခမျိုးသန့် မျိုးစပါးစံကွက်ရိတ်သိမ်း

**သာယာဝတီ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ မိုးစပါးဆင်းသုခ မျိုးသန့်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာလ နောက်ဆုံးပတ်က သာယာဝတီမြို့ ချောင်းသုံးအုပ်စု တောင်သူ ဦးမြင့်ဆွေ၏ လယ်ယာမြေကွင်းအမှတ် ၁၁၉၈ ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်းသုခမျိုးသန့်မျိုးပွား၊ မျိုးစေ့ RS မှ အစိုတစ်ကေလျှင် ၁၀၅ ဒသမ ၆၄ တင်း၊ အခြောက် ၉၆ ဒသမ ၁၃ တင်းနှုန်း ထွက်ရှိခဲ့ပြီး စံကွက်ရိတ်သိမ်းပွဲသို့ သာယာဝတီခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်တင်မြလွင်နှင့် သီးနှံတာဝန်ခံများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ခဲ့ကြောင်းသိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဆွီဒင်ရဲ့ နှစ်ပေါင်း ၂၅၀ ကြာ သတင်းလွတ်လပ်ခွင့်

## စတပ်ဖန်ဟက်စရန်

**ပထမဆုံး သတင်းလွတ်လပ်ခွင့်ဥပဒေ**

ဒီကနေ့ဟာဆွီဒင်နိုင်ငံရဲ့ နှစ်ပေါင်း ၂၅၀ ပြည့် စာနယ်ဇင်းလွတ်လပ်ခွင့်အောင်ပွဲ အထိမ်းအမှတ် နေ့ဖြစ်ပါတယ်။ ကမ္ဘာ့ပထမဆုံး သတင်းလွတ်လပ်ခွင့် ဥပဒေကို လွန်ခဲ့တဲ့ ၁၇၆၆ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှာ ဆွီဒင်ပါလီမန်က ပြဋ္ဌာန်းခဲ့ပါတယ်။

ဒါဟာပုံနှိပ်ထုတ်ဝေမှုတွေမှာ ဆင်ဆာဖြတ်တောက်တာတွေကို ဖျက်သိမ်းလိုက်တာဖြစ်ပြီး အများနဲ့သက်ဆိုင်တဲ့ စာရွက်စာတမ်းအချက်အလက်တွေကို ပြည်သူလူထုတွေ သိရှိရယူပိုင်ခွင့်ရရှိသွားတာနဲ့ နိုင်ငံရေးဆွေးနွေးငြင်းခုံမှုတွေမှာ စိတ်ချလုံခြုံစွာပါဝင်ဖို့ အကာအကွယ်ရရှိသွားတာလည်းဖြစ်ပါတယ်။ ဒီသတင်းလွတ်လပ်ခွင့်ဥပဒေဟာ ခေတ်မီသာယာဖူလုံတဲ့ ကျွန်တော်တို့ ဆွီဒင်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ အခရာကျတဲ့ အရာတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

**မူကြမ်းရေးဆွဲ**

ဆွီဒင်ရဲ့ဥပဒေဟာ အဲဒီအချိန်ကတစ်မူထူးခြားတဲ့ ဥပဒေလို့ပြောရမှာပါ။ ဥပဒေပါ စာသားတွေကို ကာလီဘိုင်မြို့က ဆွီဒင်လွှတ်တော်အမတ် အန်ဒါးစ်ချူဒန်း နီးယက်စ်က မူကြမ်းရေးခဲ့တာဖြစ်ပြီး နိုင်ငံသားတွေအားလုံးရဲ့လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အကာအကွယ်ပေးထားတဲ့ အမေရိကန်နိုင်ငံရဲ့ အခြေခံဥပဒေထက် အရင်ထွက်လာခဲ့တာပါ။

**လွတ်လပ်စွာထုတ်ဖော်ခွင့်**

လွတ်လပ်စွာထုတ်ဖော်ခွင့်ဟာ ဆွီဒင်ကို ကောင်းကောင်းအကျိုးပြုပါတယ်။ လွပ်လပ်စွာပြောဆိုခွင့်ဟာ ဒီမိုကရေစီအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သလို လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံပေးသူလည်းပဲ ဖြစ်ပါတယ်။

အတွေးအမြင်တွေနဲ့ ထင်မြင်ယူဆချက်တွေ လွတ်လပ်စွာစီးမျောနေတာလိုပဲ ငြင်းခုံဆွေးနွေးတာနဲ့ ဆန်းစစ်ဝေဖန်တာတွေဟာလည်းပဲ စိတ်ကူးအကြံတွေကြွယ်ဝဖို့ ဖန်တီးပေးပြီး ဆန်းသစ်တီထွင်မှုတွေကို ဦးတည်သွားစေပါတယ်။

တရားဝင်အချက်အလက်တွေကို ပြည်သူတွေ ရယူပိုင်ခွင့်ရှိတဲ့ ဆွီဒင်ရဲ့ဥပဒေကိုကျေးဇူးတင်ပါတယ်။ နိုင်ငံသားတွေဟာ လေ့လာစိစစ်ခွင့်ရှိပြီး အစိုးရအာဏာပိုင်တွေရဲ့ အချက်အလက်တွေကို ရယူပိုင်ခွင့်ရှိပါတယ်။ ဒီလိုနည်းလမ်းနဲ့ ပုဂ္ဂလိကတစ်ဦးချင်းတစ်ယောက်ချင်းစီနဲ့ သတင်းသမားတွေဟာ အာဏာတည်ဆောက်ပုံတွေနဲ့ လူကြိုက်များ ရွေးကောက်ခံရတဲ့ နိုင်ငံရေးသမားတွေကို ဆန်းစစ်နိုင်ပါတယ်။

**အကျင့်ပျက်ခြစားမှုနည်းပါး**

ကျွန်တော်တို့အတွက်တော့ ဆွီဒင်ရဲ့တရားရေးစနစ်အလယ်ဗဟိုမှာရှိတဲ့ ဒီသတင်းလွတ်လပ်ခွင့် ဥပဒေဟာအကျင့်ပျက်ခြစားမှု နည်းပါးသွားစေပြီး ကျွန်တော်တို့ရဲ့ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတွေမှာ ယုံကြည်မှုအဆင့်တစ်ခု မြင့်စေခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းဟာကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနဲ့ ကြွယ်ဝချမ်းသာမှုအတွက် အခြေခံ အုတ်မြစ်ချပေးခဲ့တယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။

မြန်မာနိုင်ငံမှာ သတင်းအချက်အလက်ရယူ ပိုင်ခွင့်အပေါ်မှာ ပြည်သူတွေရဲ့ ဆွေးနွေးမှုတွေ သက်ဝင်လှုပ်ရှားနေတာကိုမြင်ရတာ ဝမ်းမြောက် ဝမ်းသာရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလို အရေးပါတဲ့ စည်းကမ်းဥပဒေအတွက် အခြေခံ အုတ်မြစ်ချပေးမယ့် ခိုင်မာတဲ့ မူဘောင်တစ်ခု ရေးဆွဲဖို့ ကျွန်တော်တို့ အားပေးပါတယ်။

**အတွေ့အကြုံဖလှယ်**

နောက်ဆုံးတော့ လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်လောက်တုန်းက သတင်းအချက်အလက်ရပိုင်ခွင့် အပေါ် မြန်မာမီဒီယာတွေနဲ့ လူထုဆွေးနွေးပွဲတစ်ခုကို ဆွီဒင်သံရုံးနဲ့ ဖန်တီးရာအဖွဲ့ကစီစဉ်ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကနေ နောက်ထပ်ဆွေးနွေးမှုတွေ ထပ်လုပ်ဖို့ လှုံ့ဆော်စေမှာဖြစ်ပြီး ဆွီဒင်နိုင်ငံအနေနဲ့ ဒီအရေးကိစ္စအပေါ်မှာ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို မြန်မာနဲ့ ဖလှယ်ဖို့ အသင့်ရှိနေပါတယ်။

**ကန့်သတ်ပိတ်ပင်ခံနေရ**

လွတ်လပ်စွာထုတ်ဖော်ခွင့်အတွက် ကျွန်တော်တို့ အောင်ပွဲခံနေချိန်မှာ ကံအကြောင်းမလှစွာနဲ့ဘဲ ကမ္ဘာတစ်ဝန်းမှာ အခြေခံအခွင့်အရေးတွေနဲ့ လွတ်လပ်ခွင့်တွေ ခြိမ်းခြောက်ခံရမှုဟာ ဘယ်လောက်တိုးပွားလာနေတယ်ဆိုတာ မြင်တွေ့နေကြရပါတယ်။ နေရာအတော်များများမှာ ဒီမိုကရေစီကျင့်သုံးတဲ့ နယ်မြေတွေ ကျဉ်းသွားတာ ကျွန်တော်တို့ မြင်နေရပါတယ်။ ပြည်သူလူထုတွေဟာ အသံတွေတိတ်နေခဲ့ပြီး နိုင်ငံသားတွေနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေဟာ ကန့်သတ်ပိတ်ပင်ခံနေရပါတယ်။

ဖိနှိပ်ချုပ်ချယ်တဲ့ ဥပဒေတွေဟာ သတင်းသမားတွေနဲ့ လူ့အခွင့်အရေးကာကွယ်သူတွေကို ပစ်မှတ်ထားနေပါတယ်။ ခြိမ်းခြောက်နှောင့်ယှက်မှုတွေဟာ ပုံမှန်တိုးလာနေပြီး လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း သတင်းသမား ၈၀၀ အသတ်ခံရတယ်ဆိုတာကို ယူနက်စကိုရဲ့ကိန်းဂဏန်းအချက်အလက်တွေက ပြသနေပါတယ်။ ကံမကောင်းလှစွာနဲ့ဘဲ အပြစ်ကျူးလွန်သူ လက်တစ်ဆုပ်စာလောက်ကိုပဲ တရားရုံးတင်နိုင်ခဲ့ပါတယ်။

သတင်းထောက်တွေ ဘေးကင်းလုံခြုံရေးဆိုတာ လွတ်လပ်စွာဆွေးနွေးငြင်းခုံမှုအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုပါ။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်ပြီး အမှီအခိုကင်းတဲ့ မီဒီယာတွေ ကြည့်ခွင့်မရဘူးဆိုရင် လူ့အဖွဲ့အစည်း ဘာဖြစ်သွားမလဲ။ သတင်းအချက်အလက်တွေဟာ အခြေအနေတချို့အောက်မှာပဲ ရှိနေမယ်ဆိုရင် အသိပညာတွေအတွက် ဘာဖြစ်သွားမလဲ။ သတင်းအချက်အလက်မရတဲ့ ပြည်သူတွေအတွက် အကျိုးဆက်ကဘာတွေဖြစ်မလဲ။

**မီဒီယာကိုမြှင့်တင်**

ခုဆိုရင် ကျွန်တော်တို့ဟာ လွတ်လပ်စွာထုတ်ဖော်ခွင့်နဲ့ မီဒီယာကိုမြှင့်တင်ဖို့ ကြိုးပမ်းမှုတွေကို အရှိန်မြှင့်လုပ်ဆောင်ရမယ်။ လွတ်လပ်စွာပြောဆိုခွင့်ဟာ ကျွန်တော်တို့ဂုဏ်ယူတဲ့၊ ကျွန်တော်တို့ကာကွယ်မြှင့်တင်ချင်တဲ့ အရေးကြီးတဲ့ အခြေခံမူဖြစ်တယ်။ ဒါဟာခုခံကာကွယ်ဖို့ ထိုက်တန်တဲ့ ဓလေ့ထုံးတမ်းအစဉ်အလာဖြစ်တယ်။

စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုလသမဂ္ဂရဲ့ ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်နဲ့ ၂၀၃၀ ပြည့်နှစ် အစီအစဉ်ဟာအပေါင်းလက္ခဏာဆောင်တဲ့ လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ရည်မှန်းချက်အမှတ် ၁၆ ဒသမ ၁၀မှာဆိုရင် နိုင်ငံရဲ့ဥပဒေတွေ၊ နိုင်ငံတကာသဘောတူညီချက်တွေနဲ့အညီ သတင်းအချက်အလက်တွေကို ပြည်သူလူထုရယူပိုင်ခွင့် သေချာစေဖို့နဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ကာကွယ်ဖို့ နိုင်ငံတွေကို တိုက်တွန်းထားပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာရော ဆွီဒင်နိုင်ငံမှာပါ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုအောင်မြင်ဖို့ အလွန်ကို အရေးပါတဲ့ ရည်မှန်းချက်လို့ ကျွန်တော်တို့ မှတ်ယူပါတယ်။ ဆွီဒင်မှာသတင်းလွတ်လပ်ခွင့် ဥပဒေ နှစ်ပေါင်း ၂၅၀ ပြည့် နှစ်ပတ်လည် အချိန်အခါဟာ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို မြှင့်တင်ရေးအတွက် ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ ခရီးရှည်ကြီးကို ပြန်ပြောင်းအမှတ်ရစေပါတယ်။

**ကြိုးပမ်းမှုခရီးရဲ့ စမှတ်**

လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ အမြဲတမ်းမှန်တယ်လို့ မှတ်ယူရမယ့် ဥပဒေသတစ်ခုပါ။ ဒါကို အမြဲတမ်းခုခံကာကွယ်ကြရပါမယ်။ ဒီဇင်ဘာလ ၂ ရက်နေ့ဟာအသစ်တစ်ဖန်ပြန်စမယ့် သတင်းလွတ်လပ်ခွင့်ကြိုးပမ်းမှုခရီးရဲ့ စမှတ်ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ လွတ်လပ်တဲ့ငြင်းခုံဆွေးနွေးမှုတွေနဲ့ ဆန်းစစ်ဝေဖန်အကဲဖြတ်မှုတွေ ဆက်လုပ်ဖို့အတွက် လူတွေပိုလို့ ရပ်တည်လာကြလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

> **နိုင်ငံသားတွေဟာ လေ့လာစိစစ်ခွင့်ရှိပြီး အစိုးရအာဏာပိုင်တွေရဲ့ အချက်အလက်တွေကို ရယူပိုင်ခွင့်ရှိပါတယ်။ ဒီလိုနည်းလမ်းနဲ့ ပုဂ္ဂလိကတစ်ဦးချင်း တစ်ယောက်ချင်းစီနဲ့ သတင်းသမားတွေဟာ အာဏာတည်ဆောက်ပုံတွေနဲ့ လူကြိုက်များ ရွေးကောက်ခံရတဲ့ နိုင်ငံရေးသမားတွေကို ဆန်းစစ်နိုင်ပါတယ်။**

---

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲမှ စာတမ်းရှင်များ၏ ပွင့်လင်းသည့်သဘောထားအမြင်

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့် ဓာတ်ပုံ-ရဲထွဋ်**



ဦးတင်ဝင်း



ဦးခင်မောင်ဌေး(သန်းစိုးနိုင်)



ဦးကျော်နိုင်(ထက်မြက်)

ရန်ကုန် ဒီဇင်ဘာ ၁

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီ စာအုပ်ဈေးရောင်းပွဲတော်" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ စတင်ကျင်းပသည်။ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲ ပထမနေ့တွင် စာတမ်းရှင် ဆရာသန်းစိုးနိုင်က "စာပေသစ်လှုပ်ရှား မှု(တာရာကို ထွန်းညှိခြင်း)" စာတမ်း၊ စာတမ်းရှင် ဆရာထက်မြက်က "မြန်မာစာပေလောကအပေါ် လက်ဝဲစာရေးဆရာများနှင့် လက်ဝဲစာပေ လွှမ်းမိုးလာမှု" စာတမ်းနှင့် စာတမ်းရှင် ဆရာဦးတင်ဝင်းက "မြန်မာနိုင်ငံ ပညာရေးသမိုင်း (၁၉၄၈-၆၂)"စာတမ်းတို့ကို ဖတ်ကြား ခဲ့ကြသည်။ အဆိုပါ စာတမ်းရှင်များ၏ သဘောထား အမြင်များအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**ဦးခင်မောင်ဌေး (သန်းစိုးနိုင်)**

မြန်မာပြည်မှာ စာတမ်းဖတ်ပွဲတွေ မကျင်းပဖြစ်တာကြာပြီ၊ ဒါပေမယ့် မနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက စာတမ်းဖတ်ပွဲတွေ ဦးစီးပြီးလုပ်ဆောင်ပေးခဲ့တဲ့အတွက် စာပေသမားတွေ၊ နောက် သုတေသနသမားတွေအတွက် နေရာလေးတစ်ခုရတာပေါ့၊ စာတမ်းဖတ်ပွဲတွေလုပ်တော့ ပရိသတ်နဲ့လည်း တွေ့ဆုံခွင့်ရတဲ့အတွက် ပြောချင်တဲ့ကိစ္စတွေကို ပိုပြီးပွင့်ပွင့်လင်းလင်းပြောလို့ရတယ်၊ နောက်စာတမ်းဖတ်ပွဲမှာ တစ်ချိန်တည်း မေးခွန်းတွေလည်း မေးခွင့်ရတယ်၊ စာအုပ်ထုတ်တာ သက်သက်ထက်ပိုပြီး ရှင်သန်တယ်၊ အဓိပ္ပာယ်ရှိတယ်၊ ဒီလို စာတမ်းဖတ်ပွဲတွေကို ပြန်ကြားရေးဝန်ကြီးဌာနက အဆက်မပြတ် ဆက်လက်လုပ်ပေးမယ်ဆိုတာသိရတဲ့အတွက် လှိုက်လှဲဝမ်းသာကြိုဆိုပါတယ်။ ဖတ်မယ့်စာတမ်းက "စာပေသစ်လှုပ်ရှားမှု" ပါ။ စာပေသစ် လှုပ်ရှားမှုဆိုတာ ဒုတိယကမ္ဘာစစ်ပြီးခါစက ဖြစ်ပေါ်ခဲ့တဲ့ စာပေလှုပ်ရှားမှု ၁၉၄၅ ခုနှစ်ကနေ ၁၉၆၀ ခုနှစ်ဝန်းကျင်အထိ စာတမ်းပါ၊ ဒီစာတမ်းကို ဖတ်ရတဲ့အကြောင်းက စာပေသစ်ဆိုတာနဲ့ ပတ်သက်ပြီး ဒီနေ့လူငယ်တွေ မသိကြတော့ဘူး၊ ဒါပေမယ့်ဒီနေ့ခေတ်ပေါ် စာပေတွေ ဖြစ်ပေါ်ဖို့အတွက် အထောက်အကူပြုခဲ့တဲ့ စာပေရေးရာ လှုပ်ရှားမှုကို ပြန်လည်ဖော်ထုတ်ပြီး မိတ်ဆက်ပေးချင်တဲ့ သဘောနဲ့ ဒီစာပေသစ်လှုပ်ရှားမှုကို စာတမ်းတင်တာဖြစ်ပါတယ်။ ကျွန်တော် ထုတ်ထားတဲ့စာအုပ် ၂၅ အုပ်ရှိပါပြီ၊ နိုင်ငံတကာသမိုင်း၊ ပြည်တွင်းနဲ့ပတ်သက်လို့ကတော့ အစိုးရသစ်ပြောင်းအပြီးမှာရေးတာပါ။ အရင်က ဘာသာပြန်စာအုပ်တွေ ရေးတာများခဲ့ပါတယ်။ ၂၁ ရာစုထဲ ဝင်လာတဲ့အခါ ခေတ်သစ်စာပေတွေမျှော်လင့်တယ်။ များသောအားဖြင့် ခေတ်သစ်စာပေတွေ အနောက်တိုင်းစာပေတွေကရတဲ့ စာပေတွေပေါ့၊ ဒါပေမယ့် ဒုတိယကမ္ဘာစစ်ပြီးခါစကတည်းက မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အယူအဆသစ် အတွေးအခေါ်အသစ်တွေနဲ့ လှုပ်ရှားမှုတွေရှိတယ်ဆိုတာ မိတ်ဆက်ပေးချင်တာပါ။ အဲဒါကြောင့် စာပေသစ်လှုပ်ရှားမှုကို ပြန်ပြီး တင်ပြတာပါ၊ ဒီလို တင်ပြခြင်းအားဖြင့် အဲဒီတုန်းက မြန်မာစာပေလှုပ်ရှားမှုမှာ ကောင်းမှုပြုခဲ့တဲ့ ဆရာကြီးဒဂုန်တာရာ၊ ဆရာဦးသိန်းဖေမြင့်၊ ဆရာဦးအောင်လင်းတို့ရဲ့ စာပေသစ်လှုပ်ရှားမှုနဲ့ ပတ်သက်တဲ့ အမြင်တွေကိုတင်ပြဖို့ပါ၊ မော်ဒန်အသစ်တွေက အဲဒီကာလကတည်းက စခဲ့တယ်ဆိုတာ လူငယ်တွေကို မိတ်ဆက်ပေးတာပါ။

**ဦးကျော်နိုင် (ထက်မြက်)**

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာတမ်းဖတ်ပွဲမှာ စာတမ်းလည်းဖတ်မယ်၊ ကျင်းပရေးကော်မတီမှာလည်း ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့တာဝန်ယူပါတယ်။ စာတမ်းဖတ်ဖို့က ဒီစာတမ်းကိုလည်း ဖတ်ချင်တယ်။ အဲဒီခေတ်ရဲ့ မြန်မာစာပေတွေအပေါ်မှာ လွှမ်းမိုးလာတဲ့ လက်ဝဲစာပေတွေက ၁၉၄၈ ခုနှစ် နောက်ပိုင်း နဂါးနီစာအုပ်အသင်းကြီးပေါ်လာပြီးတဲ့နောက် တစ်လျှောက်လုံး ဩဇာကြီးမားလာတာရှိတယ်၊ ဆရာဦးသိန်းဖေမြင့်၊ ဆရာမြသန်းတင့်၊ ဆရာတို့အထိ ဩဇာကြီးမား လွှမ်းမိုးလာတဲ့ စာပေလောကရဲ့ အခြေအနေကိုသိစေချင်တဲ့ သဘောနဲ့ ရေးလိုက်တာပါ။ ဒီစာတမ်းရဲ့အနှစ်က ဒီစာပေက တစ်ချိန်တစ်ခေတ်က အခုအချိန်ထိ လုံးဝဩဇာကျမသွားသေးဘဲ ကြိုးစားအားထုတ်မှုရှိသလောက်ကို လက်ဝဲစာပေ ဘာကြောင့်ဖြစ်ရလဲ၊ လက်ဝဲစာပေဆိုတာ ဘာလဲ၊ လက်ဝဲသမားဆိုတာ ဘာလဲ၊ အဲဒါတွေကို အထူးပြုရင်း ဒီစာတမ်းကို ဖတ်ဖြစ်တာပါ။ ခေတ်ပြိုင်သမိုင်း စာတမ်းဖတ်ပွဲကို ပြည်ထောင်စုဝန်ကြီးက အားလုံးနဲ့ညှိနှိုင်းပြီး ဒီနာမည်ကို ရွေးချယ်ခြင်းဖြစ်ပါတယ်။ ခေတ်ပြိုင်စာပေကို ဘယ်လိုသတ်မှတ်ရသလဲဆိုတော့ ၁၉၄၈ ခုနှစ်ကနေ အခုခေတ်အထိ သတ်မှတ်ပြီး အဲဒီခေတ်တွေမှာပေါ်လာတဲ့ စာပေတွေနဲ့ ပတ်သက်ပြီး စာတမ်းတင်ကြဖို့၊ ဖတ်ကြဖို့ တောင်းဆိုပြီး ရလာတဲ့စာတမ်းတွေ ၂၆ စောင်ရတယ်၊ အခုဒီစာတမ်းဖတ်ပွဲမှာ စာတမ်း ၁၄ စောင်ကိုဖတ်ပါမယ်။ ပထမ နိုင်ငံရေး စာပေ စာတမ်းဖတ်ပွဲတုန်းကတော့ စာတမ်း ၁၈ စောင်ကို သုံးရက်ကျင်းပတယ်။ အခု လေးရက် ကျင်းပတဲ့အတွက် တက်ရောက်လာတဲ့ သူတွေရော၊ စာတမ်းဖတ်ရတဲ့ သူတွေရော သက်သောင့်သက်သာရှိတယ်လို့ ယူဆတယ်။ အမျိုးအစားကတော့ စုံပါတယ်၊ ခေတ်ရဲ့ ထင်ဟပ်လာတဲ့ အပေါ်မှာမူတည်ပြီး ရေးချင်တဲ့ အနေအထား၊ ခေတ်ပြိုင် ၁၉၄၈ ခုနှစ်က နေခုချိန်ထိရှိနေတဲ့ အနေအထားကို အထူးသဖြင့် စာပေထက် နိုင်ငံရေးအားကောင်းတဲ့ စာပေစာတမ်းတွေ ဖြစ်တယ်လို့ မြင်ပါတယ်။ ဒီစာတမ်းတွေရဲ့အကျိုးဆက်တွေက စာတမ်းဖတ်ပွဲမှာနားထောင်ကြည့်မှ ပိုသိရမှာပါ။ ဒီလို စာတမ်းဖတ်ပွဲတွေ အလုပ်ရုံဆွေးနွေးပွဲတွေကနေ အသိဉာဏ်ပညာရနိုင်တဲ့၊ အတွေ့အကြုံရနိုင်တဲ့ကိစ္စတွေမှာ လူငယ်တွေပါဝင်ပြီး သူတို့ကိုယ်တိုင်ကလည်း ရေးကြ ပါဝင်ဆင်နွှဲကြရင် အကောင်းဆုံးဖြစ်မယ်လို့ ယူဆပါတယ်။ လူငယ်တွေအနေနဲ့ ဒီလို စာတမ်းဖတ်ပွဲကို အမြဲတမ်းအာရုံစိုက်ပြီး လာကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးတင်ဝင်း**

ပြီးခဲ့တဲ့စာတမ်းဖတ်ပွဲမှာ အရေးပါတဲ့ စာအုပ်တွေကျန်ခဲ့တယ်။ အဲဒါတွေကို ဖော်ပြချင်လို့ စာတမ်းဝင်ဖတ်ဖြစ်တယ်၊ စာတမ်းက လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံပညာရေးကဏ္ဍသမိုင်းကြောင်းကို ခြုံပြီးဖတ်မှာပါ။ မြန်မာနိုင်ငံရဲ့ သက်မွေးဝမ်းကျောင်း ပညာရေး၊ သာသနာပြုကျောင်းများအကြောင်းတွေကို ဒီစာတမ်းမှာ ရေးထားပါတယ်။

*စာမျက်နှာ (၁၂) သို့*

# ဆီကုန်သွားသောကြောင့် ဘရာဇီးလ်ဘောလုံးအသင်းလိုက်ပါလာသော လေယာဉ် ကိုလံဘီယာတွင် ပျက်ကျခဲ့ခြင်းဖြစ်

**ဘိုကိုတာ ဒီဇင်ဘာ ၁**
နာမည်ကျော် ဘရာဇီးလ်ဘောလုံးကလပ်မှအသင်းသားများ လိုက်ပါလာသည့် ကိုလံဘီယာတွင် ပျက်ကျခဲ့သောလေယာဉ်မှာ ဆီကုန်သွားခြင်းကြောင့် အရေးပေါ်ဆင်းသက်ရန် ပြင်ဆင်ခဲ့ကြောင်း လေယာဉ်မှူး၏ နောက်ဆုံးစကားအရ သိရသည်။

တနင်္လာနေ့ညက ဖြစ်ပွားခဲ့သည့် ယင်းလေယာဉ်ပျက်ကျမှုတွင် ဘောလုံးသမားများနှင့် သတင်းထောက်များ အပါအဝင် လူ ၇၁ ဦးသေဆုံးခဲ့မှုက ကမ္ဘာ့ဘောလုံးလောကကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။

လာမီရာ ၉၃၃ စင်းလုံးငှား လေယာဉ်သည် ဆီပြတ်လပ်မှုကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာချွတ်ယွင်းမှု ဖြစ်ပွားခဲ့ကာ ထိုသို့ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆီပြတ်လပ်မှုကြောင့် အရေးပေါ်ဆင်းသက်ရန် မေတ္တာရပ်ခံခဲ့ကြောင်း ဘိုလီဗီယား လေယာဉ်မှူး မိုက်ဂူလ်ကွီရိုဂါက ပြောခဲ့သည်။

"မေဒေးမေဒေး လေယာဉ်ဆင်းလမ်းပြပါ ကူညီပါ ကူညီပါ"ဟု လာမီယာလေယာဉ်မှူးက ပြောခဲ့ကြောင်း လေ




ယာဉ်ပျက်ကျမှုမဖြစ်ခင် ယင်းလေယာဉ်နားတွင်ရှိသော အေဗီယန်ကာလေယာဉ်မှ တွဲဖက်လေယာဉ်မှူးက ပြောသည်။ ယင်းနောက် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။ **(ရိုက်တာ)**

# ခရိုင်းမီးယားဒေသအနီး ယူကရိန်း ဒုံးကျည်စမ်းသပ်မှုပြုလုပ်



**မော်စကို ဒီဇင်ဘာ ၁**
ယူကရိန်းသည် အငြင်းပွားခရိုင်းမီးယားကျွန်းဆွယ်ဒေသ အနောက်ပိုင်းတွင် ပင်လယ်နက် ပင်လယ်ပေါ်သို့ဖြတ်ကျော်သည့် မြေပြင်ဝေဟင်ပစ် ဒုံးကျည်စမ်းသပ်မှုများကို စတင်လုပ်ဆောင်နေကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားဒေသကို ကျူးကျော်ခဲ့သည့် ရုရှားသည် အဆိုပါဒုံးကျည်စမ်းသပ်မှုကို ကျူးကျော်ရန်စမှုတစ်ခုအဖြစ် ပြောဆိုခဲ့ပြီး ဒုံးကျည်စမ်းသပ်မှုလုပ်ဆောင်ပါက အဆိုပါဒုံးကျည်ကို ပစ်ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော်လည်း ကြာသပတေးနေ့တွင် ရုရှားလေကြောင်းသယ်ယူပို့ဆောင်ရေး အေဂျင်စီက ယူကရိန်းသည် ဒုံးကျည်စမ်းသပ်ရာဧရိယာဖြစ်သည့် နယ်စပ်မှရွှေ့လျားသွားပြီဖြစ်၍ ရုရှား၏ စိုးရိမ်ပူပန်မှု လျော့ကျသွားပြီဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ဒုံးကျည်စမ်းသပ်မှုသည် နိုင်ငံတကာ ဥပဒေစည်းမျဉ်းနှင့်အညီ ဖြစ်သည်ဟု ယူကရိန်းအာဏာပိုင်များက ပြောကြားခဲ့သည်။ ယခုတစ်ပတ်အစောပိုင်းတွင် ပင်လယ်နက် မြောက်ဘက်ရှိ ဧရိယာကို ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် လေကြောင်းပျံသန်းမှုမလုပ်ရန် ယူကရိန်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနကမူ အဆိုပါဒေသ၌ ဒုံးကျည်စမ်းသပ်ခြင်းသည် ရုရှားဖက်ဒရေးရှင်းအဖွဲ့၏ နယ်စပ်ဒေသဆိုင်ရာ နယ်နိမိတ်စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ယူကရိန်းသံရုံးသို့ သဘောထားပေးပို့ခဲ့ကြောင်း အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ **(ဘီဘီစီ)**

# တာလီဘန်ခိုအောင်းနေရာများကို လေကြောင်းစီးနင်းမှုပြုလုပ်ရာ စစ်သွေးကြွ ၁၅ ဦးထက်မနည်းသေဆုံး

**ကန်ဒါဟာ ဒီဇင်ဘာ ၁**
ကန်ဒါဟာပြည်နယ်တောင်ပိုင်း နစ်ရှ်ပြည်နယ်တွင် တာလီဘန်များခိုအောင်းနေသောနေရာများကို အာဖဂန်လေယာဉ်များလေကြောင်းချီတိုက်ခိုက်မှုပြုခဲ့ရာ စစ်သွေးကြွအနည်းဆုံး ၁၅ ဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဆာမင်ခါပေါ်ဝက်ခ်က ပြောသည်။

အဆိုပါလေကြောင်းစီးနင်းတိုက်ခိုက်မှုတွင် သေဆုံးသူများထဲ၌ တာလီဘန်တိုက်ခိုက်ရေးမှူးများလည်း ပါဝင်ကြောင်း အရာရှိများကပြောသည်။ တာလီဘန်တို့ကမူ မှတ်ချက် တစ်စုံတစ်ရာပြုခြင်းမရှိသေးချေ။ လွန်ခဲ့သော နှစ်ရက်ကတည်းက တာလီဘန်နှင့် လုံခြုံရေးတပ်ဖွဲ့များကြား တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပေါ်ခဲ့ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

ကန်ဒါဟာသည် တာလီဘန်တို့၏မွေးရပ်မြေဖြစ်ကာ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အကြမ်းဖက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# ဟစ်တလာနေအိမ်အား ဩစတြီးယားအစိုးရ နိုင်ငံပိုင်အဖြစ် သိမ်းဆည်းမည်

**ဗီယင်နာ ဒီဇင်ဘာ ၁**
ဩစတြီးယားလွှတ်တော် ပြည်ထဲရေးကော်မတီမှ နိုဝင်ဘာ ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီး Sobotka က အဆိုပြုတင်သွင်းသည့် နာဇီဂျာမနီနိုင်ငံခေါင်းဆောင် ဟစ်တလာမွေးဖွားရာနေအိမ်အား နိုင်ငံပိုင်အဖြစ်သိမ်းမည့်အဆိုကို အတည်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဟစ်တလာသည် ၁၈၈၉ ခုနှစ်တွင် ဂျာမနီနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ဩစတြီးယားနိုင်ငံ Braunau မြို့ရှိ သုံးထပ်အိမ်တွင်မွေးဖွားခဲ့ကာ ၄င်းအသက်သုံးနှစ်အရွယ်တွင် တစ်မိသားစုလုံး ထိုမြို့မှပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ ယင်းအဆောက်အအုံပိုင်ရှင်မှာ ဂျာမနီနိုင်ငံ Bavaria ၌ နေထိုင်သည့် အဘွားအိုတစ်ဦးဖြစ်သည်။ ခေတ်သစ်နာဇီဝါဒီနှင့် အစွန်းရောက်လက်ယာသမားများ၏ အထွတ်အမြတ်နေရာတစ်ခုမဖြစ်စေရန်၊ နာဇီဝါဒကိုကိုယ်စားပြုသည့် အကြွင်းအကျန်များကို ဖျက်ဆီးကာ ယင်းအဆောက်အအုံအား နှောင်းလူတို့ နာဇီကဲ့သို့မဖြစ်စေဘဲ နမူနာယူရန် ရည်ရွယ်၍ ယင်းအဆောက်အအုံကို နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံပိုင်သိမ်းယူပြီးနောက် ယင်းအဆောက်အအုံကို ပြင်ဆင်မှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ရေနံစီမံကိန်းသစ်များ ဆော်ဒီဘုရင်စတင်ဆောင်ရွက်

**ရီယာဒ့် ဒီဇင်ဘာ ၁**
ဆော်ဒီဘုရင် အဘဒူလာဇစ်အယ်ဆော့သည် ကန်ဒေါ်လာ ၄၂ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသည့် ရေနံစီမံကိန်းလုပ်ငန်းများကို နိုင်ငံအရှေ့ပိုင်းပြည်နယ်များ၌ စတင်ဆောင်ရွက်ခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီကဖော်ပြထားသည်။

ဆော်ဒီရေနံကုမ္ပဏီဖြစ်သည့် အာရမ်ကိုသည် စီမံကိန်းအရ တစ်ရက်လျှင် ရေနံစိမ်းနှင့်ဓာတ်ငွေ့ စည်ပေါင်းသုံးသန်း ထုတ်လုပ်သွားမည်ဟုမျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် နိုင်ငံတကာဈေးကွက်တွင် ရေနံတန်ဖိုးကျဆင်းခဲ့မှုကြောင့် အထိနာခဲ့သည့် ဆော်ဒီ၏စီးပွားရေးကို ပြန်လည်ထောင်မတ်လာစေရန်ရည်ရွယ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# တင်နက်ဆီအမျိုးသားဥယျာဉ်၌ တောမီးလောင်ကျွမ်းမှု သေဆုံးသူအရေအတွက်နှင့် ပျက်စီးဆုံးရှုံးမှုမြင့်တက်

**တင်နက်ဆီ ဒီဇင်ဘာ ၁**
တင်နက်ဆီပြည်နယ်ရှိ Great Smoky Mountains အမျိုးသားဥယျာဉ်နှင့် အနီးတစ်ဝိုက်တွင် လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် သေဆုံးသူအရေအတွက်မှာ ခုနစ်ဦးအထိ မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ မိုးရွာသွန်းမှုက တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် မီးသတ်ကယ်ဆယ်ရေးအဖွဲ့များ၏ကြိုးပမ်းမှုကို အထောက်အကူဖြစ်စေခဲ့သော်လည်း အသေအပျောက်ရှိခဲ့ပြီး အနီးဝန်းကျင်နေရာများကို ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ဂက်တလင်ဘတ် အပန်းဖြေစခန်းမြို့အတွင်းရှိ အဆောက်အအုံ ၃၀၀ အပါအဝင် ဆီဗီယာစီရင်စုတစ်လျှောက်ရှိ အဆောက်အအုံ ၇၀၀ ကျော်အထိ ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့က တောမီးလောင်မှုကြောင့် အဆောက်အအုံထိခိုက်ပျက်စီးမှုမှာ ၁၅၀ ခန့်ရှိရာမှ ပျက်စီးဆုံးရှုံးမှုအရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသထားမှုတွင် တောမီးလောင်ရာအနီး၌ မည်းနက်နေသော သစ်ပင်ကြီးများဝန်းရံလျက် ပျက်စီးသွားသောအဆောက်အအုံများမှ မီးခိုးများထွက်ပေါ်နေသည့် မြင်ကွင်းကို တွေ့မြင်ရသည်။

အဆိုးထဲမှသတင်းကောင်းတစ်ရပ်အနေဖြင့် မီးလောင်မှုအတွင်းပိတ်မိနေခဲ့ကြသူသုံးဦးကို အသက်ဘေးမှလွတ်မြောက်အောင် ကယ်ဆယ်နိုင်ခဲ့ပြီး ဒေသဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဆီဗီယာစီရင်စုမှမြို့တော်ဝန် လာရီဝါတာက ဗုဒ္ဓဟူးနေ့နှောင်းပိုင်းကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။
**(ရိုက်တာ)**



# ရွှေဇဟိုလ်၊ သရေကုန်းဘောင်နှင့် မောင်တောတောင်ပိုင်းဆီက ကျေးရွာများ

**သတင်းဆောင်းပါး- မြင့်မောင်စိုး**
**ဓာတ်ပုံ- အေဝမ်းစိုး**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ခေတ္တရောက်ရှိနေသော ကျွန်တော်တို့ သတင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်က မောင်တောမြို့နယ် တောင်ပိုင်းရှိ ကျေးရွာများသို့ ယာဉ်တစ်စီးဖြင့် ဦးတည်ထွက်ခွာလာခဲ့ကြသည်။

မောင်တော-ဘူးသီးတောင်လမ်းအတိုင်း ထွက်ခွာခဲ့ရာမှ မောင်တောမြို့မှ လေးမိုင်ခန့်အကွာ မေယုဂေါက်ကလပ်အနီးတွင် ကွန်ကရစ်လမ်းအတိုင်း ဆက်လက်ထွက်ခွာရာ ဦးစွာတွေ့ရသည့် ကျေးရွာမှာ ဝေသာလီကျေးရွာဖြစ်၏။ ဤကျေးရွာသည် အိမ်ခြေအားဖြင့် အလွန်မများလှသော်လည်း ဆောက်လုပ်ထားသည့်နေအိမ်များမှာ စနစ်တကျရှိသည်။ ခြံဝင်းများကိုလည်း စနစ်တကျကာရံထားသည်။ ကျေးရွာအနီးတွင် စာသင်ကျောင်းတစ်ကျောင်းကို အသစ်အနေအထားအတိုင်း တွေ့ရ၏။

ထိုမှ ဆက်လက်ထွက်ခွာလာပြီး မကြာမီ ရွှေရင်အေးကျေးရွာသို့ ရောက်၏။ ယင်းကျေးရွာမှာ ဒေသခံတိုင်းရင်းသားများနေထိုင်ရာ တိုင်းရင်းသားကျေးရွာတစ်ရွာဖြစ်၏။ ကျေးရွာအနီးပတ်ဝန်းကျင် တွင် လယ်ကွင်းပြင်များ၊ တောင်တန်းများကို တွေ့ရ၏။ ထိုမှ ဆက်လက်၍ ကန်သာယာ၊ ဇောခိကုန်းကျေးရွာများကို ဖြတ်ကျော်ခဲ့၏။ ထို့နောက် ခရေမြိုင်ကျေးရွာသို့ရောက်ရှိရာ အခြေခံပညာမူလတန်းကျောင်းနှင့် ဆေးပေးခန်းများကို တွေ့ရ၏။ နေအိမ်များမှာ သွပ်မိုးထရံကာဖြစ်၏။ ကျေးရွာနေပြည်သူအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်ကြ၏။

**ရွှေဇဟိုလ်ကျေးရွာ**

ထိုရွာများအနက် ထူးခြားသော ကျေးရွာမှာ ရွှေဇဟိုလ်ကျေးရွာဖြစ်၏။ ကားလမ်းနှင့်လည်းနီး၏။ အိမ်များမှာလည်း တိုက်အိမ်များဖြစ်၏။ စုစုပေါင်းအိမ်ခြေ ၅၀ ကျော်ရှိကြောင်း သိရသည်။ သို့သော်လမ်းများမှာ မြို့ကွက်ပုံစံ ပုံဖော်ထားသည်။ ရွာထိပ်ဝဲယာ တစ်ဖက်တစ်ချက်စီတွင် သောက်သုံးရေတွင်းကြီးနှစ်တွင်းရှိပြီး ရေခပ်သူ၊ ရေချိုးသူများကိုလည်း တွေ့ရသည်။

ကျေးရွာရှိအိမ်များတွင် သစ်သားခြံစည်းရိုးများ ကာရံထားသည်။ ကျေးရွာထိပ်လမ်းတစ်ဖက်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို တွေ့ရ၏။ ကျေးရွာနေပြည်သူအချို့မှာ ဒေသခံတိုင်းရင်းသားများဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကျေးရွာအချို့မှ ပြောင်းရွှေ့လာသူများဖြစ်ကြောင်း သိရသည်။ ကျေးရွာနေပြည်သူအများစုမှာ ပြောင်းရွှေ့လာကြခြင်းဖြစ်၍ စီးပွားရေးအရ ဖွံ့ဖြိုးမှုမရှိသေးသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြ၏။ ကျေးရွာတည်ထောင်စဉ်က အစိုးရက ထောက်ပံ့ပေးသော လယ်မြေနှင့် ကျွဲ၊ နွားတို့ကိုအခြေပြုပြီး စီးပွားရေးလုပ်ကိုင်လျက်ရှိကြသည်။

**ကွန်ကရစ်လမ်းဖြင့် ဆက်သွယ်**

မောင်တောမြို့နယ် တောင်ပိုင်းတွင် အခြားထင်ရှားသော ကျေးရွာများမှာ သရေကုန်းဘောင်၊ ကိုင်းကြီး၊ မောရဝတီ၊ ဥဒေါင်းကျေးရွာများဖြစ်၏။ မောင်တောတောင်ပိုင်းတွင် တိုင်းရင်းသားစုစည်းကျေးရွာ ၁၁ ရွာခန့်ရှိကြောင်း သိရသည်။ ယင်းကျေးရွာများတစ်လျှောက် ကွန်ကရစ်လမ်းဖြင့် ဆက်သွယ်ထားသည်။ ကွန်ကရစ်လမ်းမှာ ယာဉ်တစ်စီးသာ မောင်းနှင်နိုင်သော်လည်း ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကအားထားရသောလမ်းဖြစ်၏။ လမ်း၏ ဘေးတစ်ဖက်တွင် မေယုသစ်တောကြိုးဝိုင်းနှင့် စိမ်းစိမ်းစိုစို တောင်စဉ်တောင်တန်းများကို တွေ့ရ၏။ လမ်း၏ အခြားတစ်ဖက်တွင်ကား ရွှေဝါရောင် စပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့ရ၏။ လယ်ကွင်းများမှာ အချို့ရိတ်သိမ်းပြီး အချို့ရိတ်သိမ်းရန် အသင့်ဖြစ်နေ၏။ လမ်းတစ်လျှောက်တွင် ထင်းခုတ်သူ၊ စပါးရိတ်သူ၊ နွားကျောင်းသူများကို တွေ့ရသည်။ ရံဖန်ရံခါ မော်တော်ဆိုင်ကယ်များနှင့် ကားများကိုလည်း တွေ့ရ၏။ ကွန်ကရစ်လမ်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အသွားအလာလည်း များ၏။

**အခမဲ့ဆောက်လုပ်ပေး**

ဤကျေးရွာများကို ၁၉၉၀ ပြည့်လွန်နှစ်များက တိုင်းရင်းသားများအတွက် စနစ်တကျ ထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ နေအိမ်များ အခမဲ့ဆောက်လုပ်ပေးထားသည့်အပြင် လုပ်ကိုင်စားသောက်ရန် လယ်မြေနှင့် ကျွဲ၊ နွားများကိုပါ ထောက်ပံ့ပေးထားခြင်းဖြစ်သည်။ ကျေးရွာတစ်ရွာတွင် အနည်းဆုံး အိမ်ခြေ ၅၀ ကျော်မှ ၂၀၀ ဝန်းကျင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် စနစ်တကျစီစဉ်ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

မကြာမီ မောင်တောခရိုင်သို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါက မောင်တောမြို့နယ်တောင်ပိုင်းရှိ ရွှေဇဟိုလ်၊ သရေကုန်းဘောင်စသည့် ရွာစဉ်အလိုက် ကျေးရွာများတွင်လည်း လျှပ်စစ်မီး ရရှိလာနိုင်သည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုအပြင် လျှပ်စစ်ဓာတ်အား ရရှိလာပါက ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ထပ်မံပေါ်ပေါက်လာကာ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ။ ။



ရွှေဇဟိုလ်ကျေးရွာ၌ စနစ်တကျ အကွက်ချဆောက်လုပ်ထားသည့် အိမ်များကို တွေ့ရစဉ်



## ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားမဝင်သွားရောက်ခဲ့သည့် ရေလုပ်သား ၉၁ ဦးကို ပြန်လည်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တရားမဝင်သွားရောက်ခဲ့ရာမှ ဖမ်းဆီးခံရကာ ပြစ်ဒဏ်ကျခံပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည့် ရေလုပ်သား ၉၁ ဦးကို ယမန်နေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့နယ်စပ်ရှိ နှစ်နိုင်ငံချစ်ကြည်ရေးတံတားအနီးတွင် နှစ်နိုင်ငံတာဝန်ရှိသူများ လွှဲပြောင်းလက်ခံပြုလုပ်ခဲ့ကြသည်။ (ဓါတ်ပုံ)

အဆိုပါ ရေလုပ်သားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အီမရန်းအူလာဆာကာနှင့် အဖွဲ့ထံမှ မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ရင်းမှ တပ်ရင်းမှူး(ယာယီ) ဒုတိယရဲမှူးကြီး လင်းလင်းနိုင်၊ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့်အဖွဲ့ထံသို့ လွှဲပြောင်းလက်ခံပြုလုပ်ပြီးနောက် တောင်ပြိုလက်ဝဲမြို့ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးတွင် လက်ဗွေနှိပ်ခြင်း၊ မှတ်တမ်းတင်ခြင်း စသည်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အသေးစိတ်စိစစ်မှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ရေလုပ်သား ၉၁ ဦးတွင် စစ်တွေမြို့နယ်မှ ၆၂ ဦး၊ ရမ်းဗြဲမြို့နယ်မှ ၂၂ ဦး၊ ပေါက်တောမြို့နယ်မှ ရှစ်ဦး ပါဝင်ရာ ၎င်းတို့အား စစ်တွေမြို့မှတစ်ဆင့် သက်ဆိုင်ရာနေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများအတွက် ငွေလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ ပြည်သာယာခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင်များက တပ်မတော်သားများအတွက် အလှူငွေကျပ် ၂၄၃၀၀၀၀၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ကျပ် ၁၂၉၄၂၀၀၊ ဒေသခံပြည်သူများအတွက် ကျပ် ၂၄၄၀၀၀၀ စုစုပေါင်းကျပ် ၆၁၆၄၂၀၀ လှူဒါန်းကြသည်။

နိုဝင်ဘာ ၁၂ ရက်ကလည်း ပထမအကြိမ်အဖြစ် တပ်မတော်သားများအတွက် ကျပ် ၃၀၂၀၀၀၀၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် ကျပ် ၁၁၀၀၀၀၀၊ ဒေသခံပြည်သူများအတွက် ကျပ် ၃၅၀၀၀၀ နှင့် စားသောက်ကုန် ကျပ်ရှစ်သိန်းဖိုးခန့်တို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိရာ ယနေ့အထိ မသင်္ကာသူ ၅၂၈ ဦးကို စစ်ဆေးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ အင်အားသုံးအကြမ်းဖက်ခြင်း၊ ဖုံးထောင်ခြင်းများပြုလုပ်ခဲ့သည့်အတွက် ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၅၂၈ ဦးကိုဖမ်းဆီး၍ တရားဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းအနက် တရားရုံးပြီးပြတ်၍ ပြစ်ဒဏ်ချမှတ်သူ၄၈ ဦး၊ ပြန်လည်စေလွှတ်သူ ကိုးဦး၊ တရားရုံးအာမခံပေးသူ တစ်ဦးနှင့် သေဆုံးသူ လေးဦးဖြစ်ကြောင်းနှင့် ၄၆၆ ဦးမှာ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရသေ့တောင်နှင့်မောင်တောမြို့နယ်တို့မှ မသင်္ကာသူ ငါးဦးနှင့် နတ်မြစ်အတွင်း၌ လှေဖြင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်သူ ၅၆ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် ရသေ့တောင်နှင့် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ငါးဦးနှင့် နတ်မြစ်အတွင်း လှေနှစ်စင်းဖြင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်သူ ၅၆ ဦးအား ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားတစ်သောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း ယမန်နေ့နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းစဉ် ရသေ့တောင်မြို့နယ် ကံဆိပ်ကျေးရွာနေ အဒူလာအား နံနက် ၅ နာရီခွဲတွင် လည်းကောင်း၊ မောင်တောမြို့နယ် မောင်နှမ (တောင်) ကျေးရွာနေ ဇာဖော်ရာမောက်အပါအဝင် သုံးဦးအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ ဖားဝပ်ချောင်းကျေးရွာနေ ကာမာအား ညနေ ၅ နာရီတွင် လည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်တစ်လျှောက် ကင်းလှည့်စဉ် ယမန်နေ့ ည ၈ နာရီခွဲက မသင်္ကာဖွယ် လှေနှစ်စင်းအားတွေ့ရှိသဖြင့် မီးအချက်ပြပြီးခေါ်ရာ လာရောက်ခြင်းမရှိ၍ လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးရာမှ တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်သူ ၅၆ ဦးနှင့်အတူ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သောင်းခန့် **(အောက်ပုံ)** တို့အား ဖမ်းဆီးရမိခဲ့သဖြင့် ခေတ္တထိန်းသိမ်းကာ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# KIA / TNLA / MNDAA / AA လက်နက်ကိုင်အဖွဲ့များ၏ မုံးကိုးစခန်းသိမ်းတိုက်ပွဲမအောင်မြင်၊ တပ်မတော်သားများ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုး-ဖောင်းဆိုင်-ကြူကုတ်-မူဆယ်နှင့် ကွတ်ခိုင်နယ်မြေအတွင်းရှိ တပ်မတော်စခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများ၊ ပြည်သူ့စစ်လုံခြုံရေးစခန်းများနှင့် ပြည်သူများအား နိုဝင်ဘာ ၂၀ ရက်မှစ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သော KIA / TNLA / MNDAA / AA လက်နက်ကိုင်အဖွဲ့များသည် ယနေ့နံနက် ၉ နာရီခန့်မှစ၍ မုံးကိုးမြို့ရှိ တပ်မတော်စခန်း၊ ပြည်သူ့စစ်စခန်းနှင့် ဟေမိုးလုံ တောင်ဘက်ခြမ်းနေရာများအား သာလွန်အင်အားဖြင့် စခန်းသိမ်းတိုက်ပွဲဆင်နွှဲရန် အကြိမ်ကြိမ်ကျားထိုး၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့တပ်မတော်စခန်းများအား သိမ်းပိုက်ရေး၊ အနီးကပ်ကျားထိုးတိုက်ခိုက်မှုများဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်နှင့်ပြည်သူ့စစ်အဖွဲ့များက ရှုပ်ရှုပ်ချုံချုံကျားကုတ်ကျားခဲ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် စခန်းများဆုံးရှုံးမှုမရှိဘဲ ညနေ ၄ နာရီခန့်တွင် တိုက်ပွဲအရှိန်ရပ်တန့်သွားခဲ့သည်။

အဆိုပါတိုက်ပွဲဖြစ်စဉ်များအတွင်း လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများကို မိမိစခန်းများနှင့် နယ်မြေများမဆုံးရှုံးစေရန်အတွက် မိမိတပ်မတော်စခန်းများ၏ ကိုက် ၁၀၀ ဝန်းကျင်အနီး ကျည်ကျရောက်သည်အထိ ရဲရဲဝံ့ဝံ့ ဗုံးကြဲခြင်း၊ ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့ရသည်။

စခန်းသိမ်းတိုက်ပွဲဆင်နွှဲလာသည့် လက်နက်ကိုင်အဖွဲ့များသည် အရပ်ဝတ်များ ဝတ်ဆင်၍ မုံးကိုးမြို့အတွင်းရှိ နေအိမ်များ၊ အဆောက်အအုံများကို အကာအကွယ်ယူကာ မိမိစခန်းများသို့ ချဉ်းကပ်တိုက်ခိုက်လာသဖြင့် တပ်မတော်က မလွှဲမရှောင်သာဘဲ အနီးကပ်ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရခြင်း၊ အနီးကပ်ဗုံးကြဲပစ်ကူပေးရခြင်းတို့ကြောင့် အရပ်သားနေအိမ်တချို့ ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၀ ရက် တိုက်ပွဲစတင်ချိန်မှစ၍ မုံးကိုးမြို့အတွင်းမှ ပြည်သူများမှာ တစ်ဖက်နိုင်ငံ မန်ဟိုင်းမြို့၌ တိုက်ပွဲရှောင်ဒုက္ခသည်များအဖြစ် သွားရောက်ခိုလှုံနေကြသဖြင့် ယနေ့ တိုက်ပွဲဖြစ်စဉ်တွင် ပြည်သူများထိခိုက်မှုမရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား နယ်မြေအေးချမ်းချိန်တွင် ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ တစ်နေကုန် ပစ်ခတ်တိုက်ခိုက်မှုများတွင် စခန်းအသီးသီးရှိ တပ်မတော်သားများအနေဖြင့် မိမိတပ်စခန်းများနှင့် လုံခြုံရေးနယ်မြေ လုံးဝဆုံးရှုံးမှုမရှိစေရေးအတွက် တိုက်ခိုက်ခဲ့ရကြောင်း၊ စစ်ပွဲဆိုင်ရာဥပဒေနှင့်အညီ စစ်ရေးလိုအပ်ချက်အရ လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူယူ၍ တိုက်ခိုက်ခဲ့ကြောင်း၊ စစ်ပွဲဆိုင်ရာ အခြေခံဥပဒေတစ်ခုဖြစ်သည့် အချိုးအစားညီမျှမှုနှင့်အညီ လက်နက်ကိုင်အဖွဲ့များ ခိုအောင်းရာ စစ်ရေးရည်မှန်းချက်များကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တိုက်ခိုက်မှုနှင့်ဆက်စပ်နေသည့် အရပ်ဘက်အဆောက်အအုံများ ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ပွဲဆိုင်ရာဥပဒေနှင့်အညီ စစ်ရေးလိုအပ်ချက်အတွက် လိုအပ်သောအင်အားကိုသာ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တိုက်ပွဲဖြစ်စဉ်များတွင် နှစ်ဖက်ထိခိုက်ကျဆုံးမှုများအား စုံစမ်းဆဲဖြစ်ပြီး တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်သူ့စစ်များအနေဖြင့် KIA / TNLA / MNDAA / AA လက်နက်ကိုင်အဖွဲ့များအား ဆက်လက်ရင်ဆိုင်တိုက်ပွဲဝင်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားသည့်နေရာပြပုံ

# KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသည့် တိုက်မိုင်းပေါက်ကွဲ၍ ပြည်သူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့မှ ထောင်ထားသော တိုက်မိုင်းတစ်လုံးပေါက်ကွဲပြီး ပြည်သူတစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စိန်လုံကဘာကျေးရွာနေ မောင်စီစီလဒွဲ၊ မောင်စီစီအောင်နန်ဒွန်းနှင့် မောင်စီစီဂျီးနောင်တို့သုံးဦးသည် နိုဝင်ဘာ ၂၉ ရက် ညနေ ၃ နာရီခန့်က ၎င်းတို့ကျေးရွာ၏အနောက်တောင်ဘက်ရှိ ကျရီချောင်းဖျားသို့ ငါးရှာသွားစဉ် KIA လက်နက်ကိုင်အဖွဲ့က ထောင်ထားသော တိုက်မိုင်းတစ်လုံးအား မောင်စီစီဂျီးနောင်မှ တိုက်မိပေါက်ကွဲခဲ့ရာ ၎င်းမှာ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဘယ်၊ ညာခြေသလုံးများတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြသဖြင့် ဗန်းမော်မြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် မိုင်းထိလူနာများအား နယ်မြေခံတပ်မတော်စစ်ကြောင်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသော မိုင်းပေါက်ကွဲ၍ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ဆေးဝါးကုသပေးစဉ်

# KIA လက်နက်ကိုင်အဖွဲ့များက မော်တော်ယာဉ်များအား ဆက်ကြေးကောက်ခံလျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့က ယာဉ်များအား ဆက်ကြေးကောက်ခံခဲ့ကြောင်း၊ ဖားကန့်-နန့်တိန်း-ကာမိုင်းလမ်းကြောင်းတွင်လည်း ဆက်ကြေးကောက်ခံရန် ပြင်ဆင်နေကြောင်း သတင်းများအရ တပ်မတော်စစ်ကြောင်းမှ နယ်မြေရှင်းလင်းလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် အွန်ဂထောင်ကျေးရွာအနီးရှိ ယုဇနလမ်းခွဲ၌ ယနေ့နံနက် ၈ နာရီခွဲခန့်က KIA လက်နက်ကိုင်အဖွဲ့အင်အား ၄၀ ခန့်သည် ယာဉ်ငယ်သုံးစီးအား တစ်စီးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကောက်ခံခဲ့ကြောင်း သတင်းရရှိသဖြင့် လည်းကောင်း၊ ကာမိုင်းမြို့နယ် ခွန်ဆိုင်ဇွပ်ကျေးရွာနှင့် ဆိုင်းဖရာကျေးရွာကြားရှိ ဖားကန့်-နန့်တိန်း-ကာမိုင်း လမ်းကြောင်းတွင် သွားလာနေသည့် မော်တော်ယာဉ်များအား ယနေ့နံနက် ၉ နာရီခန့်က KIA လက်နက်ကိုင်အဖွဲ့အင်အား ၂၀ ခန့်သည် ဆက်ကြေးကောက်ခံရန်ပြင်ဆင်နေကြောင်း သတင်းအရလည်းကောင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၁**

ညအပူချိန်များမှာ ကယားပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။
(မိုး/ဇလ)


**CLAIMS DAY NOTICE**
**M.V ASIAN LEADER VOY:NO(99)**

Consignees of cargo carried by M.V ASIAN LEADER VOY:NO(99) are here by notified that the vessel will arrive of about 3-12-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဒီဇင်ဘာ (၃/၇/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 6G/7043 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

တစ်ဦးတည်းဖြစ်ပါကြောင်း
ကျောက်မဲမြို့၊ အထက(၁)၊ နဝမတန်း(E)မှ စိုင်းငေါင်းလိုင်၏ဖခင် စိုင်းနွံလင်းနှင့် ဦးထိန်လင်း ၁၃/ကမန(နိုင်)၀၈၈၂၉၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မိခင်မှာ ဒေါ်နန်းရင်ဆွေ ၁၃/ကမန(နိုင်)၀၈၂၂၂၂ဖြစ်ပါကြောင်း။
ဦးထိန်လင်း-ဒေါ်နန်းရင်ဆွေ

BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ
STRENGTH FOREVER
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။
OFFICE TEL : 09-777777688
"We are looking for the experienced personnel of Production, Marketing and Accounting. Please send CV to kyawttheingi31@gmail.com"




# အမြန်လမ်း၌ ဝိုင်ယာရှော့ဖြစ်၍ ယာဉ်တစ်စီးမီးလောင်

**နေပြည်တော် ဒီဇင်ဘာ ၁**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၇၉/၆ )နှင့် (၁၇၉/၇ ) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း သာခေါင်း မောင်းနှင်လာသော ကင်တာယာဉ်မှာ ယနေ့နံနက် ၉ နာရီခွဲက ဝိုင်ယာရှော့ဖြစ်ပြီးမီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ သာဂရအမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါနှစ်ဦးမှာ ဒဏ်ရာရရှိမှုမရှိသော်လည်း ယာဉ်တစ်စီးလုံးမီးလောင်ဆုံးရှုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကို အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် ထိုင်းလက်ရွေးစင်အသင်း ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နေသည့် လက်ရှိချန်ပီယံ ထိုင်းအသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ် ယှဉ်ပြိုင်ကစားရန် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

ထိုင်းလက်ရွေးစင်အသင်းသည် ယခုပြိုင်ပွဲတွင် အုပ်စုသုံးပွဲစလုံး အနိုင်ရလာသည့် အသင်းဖြစ်ပြီး အုပ်စုပထမနေရာရရှိခဲ့သောကြောင့် အဝေးကွင်းပွဲစဉ်စတင်ကစားရခြင်း ဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်း နည်းပြချုပ် ကိုင်တီဆက်က "ဒီပွဲက အလွန်ကို ခက်ခဲမှာပါ။ မြန်မာအသင်းဟာ ဒီပြိုင်ပွဲမှာ အလွန်ကိုတိုးတက်လာတဲ့ အသင်းဖြစ်ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့တဲ့ ယူ-၂၀ အသင်းက ကစားသမားတွေ ပါဝင်နေပါတယ်။ ကျွန်တော်တို့အသင်းဟာ အဝေးကွင်းဖြစ်ပေမယ့် တိုက်စစ်အသားပေးပုံစံနဲ့ ကစားမှာဖြစ်ပြီး နှစ်ကျော့စလုံး အကောင်းဆုံးယှဉ်ပြိုင်မှာပါ။ မြန်မာအသင်းဟာ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာကြောင့် သတိထားရမှာပါ။ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့တဲ့ မြန်မာအသင်းကို ချီးကျူးပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယအကျော့ကို ဒီဇင်ဘာ ၈ ရက်တွင် ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာမူ ချန်ပီယံဆု လေးကြိမ်အထိ ရယူထားနိုင်ကြောင်း သိရသည်။ **ညီမြတ်သော်တာ**

# ရန်ဖြစ်၍ ကျောင်းသားတစ်ဦးသေဆုံးသည်ဟူသောသတင်းကြောင့် မိဘများကျောင်းရှေ့စုရုံးရောက်ရှိ

မုံရွာ ဒီဇင်ဘာ ၁

**မုံရွာခရိုင် အလုံ အမှတ် (၁ ) အထက်တန်းကျောင်း၌ ကျောင်းသားနှစ်ဦးရန်ဖြစ်၍ တစ်ဦးသေဆုံးကြောင်း ကောလာဟလသတင်းများ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီဝန်းကျင်က ဖြစ်ပွားခဲ့ရာ ကျောင်းသား ကျောင်းသူများ၏မိဘများစိတ်ပူ၍ ကျောင်းရှေ့မျက်နှာစာသို့ စုရုံးရောက်ရှိလာပြီး ၎င်းတို့၏သားသမီးများကို စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။**

ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ အဆိုပါကျောင်းတွင် ကျောင်းသားနှစ်ဦးရန်ဖြစ်ရာ တစ်ဦးသေဆုံးသည်ဟူသောသတင်းသည် ကောလာဟလလွှင့်သောသတင်းသာဖြစ်ပြီး ကျောင်းတက်သူများ အစုံရှိသကဲ့သို့ ခွင့်ဖြင့်ပျက်သူများ၏ မိဘများကိုဖုန်းဖြင့် မေးမြန်းရာ အားလုံးအေးအေးချမ်းချမ်းပင် ဖြစ်သောကြောင့် ကျောင်းအပြင်မှ မဟုတ်မမှန်ကောလာဟလကိုထုတ်လွှင့်ခြင်းသာဖြစ်ကြောင်း အလုံ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြချစ်ထံမှ သိရသည်။



"ကျောင်းတွင်းမှာတက်တဲ့ ကျောင်းသားအားလုံးကလည်း အေးအေးဆေးဆေးစာသင်နေကြသလို ကျောင်းပြင်က ခွင့်ယူထားတဲ့သူတွေရဲ့အုပ်ထိန်းသူတွေဆီ ဆက်သွယ်မေးမြန်းတော့လည်း အေးအေးဆေးဆေးဖြစ်တာကို တွေ့ရပါတယ်။ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၁၂ ဦးရှိပါတယ်။ အခုလို လုပ်တာဟာ ပြင်ပကနေ ကောလာဟလဖန်တီးပြီး ကလေးမိဘတွေစိတ်ပူအောင် ဆောင်ရွက်တာလို့ မြင်ပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ပြောပြသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးဌာနများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက ယခုဖြစ်နေသောဖြစ်စဉ်သည် မဟုတ်မမှန်ကြောင်းနှင့် ကျောင်းတက်သူနှင့် ပျက်ကွက်သူစာရင်းကိုပါ ကြော်ငြာသင်ပုန်းထောင်၍ ပြသထားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သာကေတ၌ နေအိမ်ဆိုင်ခန်းရှေ့ ဈေးမရောင်းရန်ပြောဆိုရာမှ ခိုက်ရန်ဖြစ်ပွား၊ သက်ဆိုင်ရာက အချိန်မီထိန်းသိမ်း

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ် (၁၀) မြောက်ရပ်ကွက်၌ နေအိမ်ဆိုင်ခန်းရှေ့ ဈေးမရောင်းချရန်ပြောဆိုရာမှ နှစ်ဖက်ခိုက်ရန်ဖြစ်ပွားသဖြင့် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

"သူတို့ရဲ့ နေအိမ်ဆိုင်ရှေ့မှာ ပုံကျဈေးသည်တွေကြောင့် ပိတ်နေလို့ ဈေးမရောင်းဖို့ ပြောရာကနေ အပြန်အလှန်စကားများကြတာပါ။ အဲဒီလို စကားများကြတဲ့အခါမှာ လုစိုး(ခ) ဒိုးလုံးက သူ့အိမ်မှာရှိတဲ့ သံပိုက်လုံးကိုယူပြီး သူ့အိမ်ကပစ္စည်းတွေနဲ့ ရှေ့မှာကွယ်နေတာတွေကို အကုန်လုံး ရိုက်ချိုးပစ်လိုက်တယ်။ ကုန်စိမ်းရောင်းတဲ့သူတွေရဲ့ ပစ္စည်းတွေလည်း ပျက်စီးကုန်ပါတယ်။ နှစ်ဖက်ပြဿနာထပ်မဖြစ်အောင် လုံခြုံရေးကို တိုးမြှင့်ချထားလိုက်ပါတယ် "ဟု သာကေတနယ်မြေ စခန်းမှူး ရဲအုပ်မြင့်ဇော်ဦးက ပြောကြားသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက် အတွင်းရှိ ရတနာပုံ (၁) လမ်းနှင့် ရတနာပုံလမ်းမကြီးဆုံရာထောင့်၌ ပလတ်စတစ်၊ ပရိဘောဂနှင့် လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ အမျိုးသားတစ်ဦးက ယနေ့ နံနက် ၆ နာရီခန့်က ၎င်းတို့၏ဆိုင်ရှေ့၌ ရောင်းချနေသည့်ဆိုင်မှ ကုန်စိမ်းများကို ဖျက်ဆီးပြီး ဈေးရောင်းချနေသူများကို ရိုက်နှက်သဖြင့် အနီးရှိသူများနှင့် နှစ်ဖက်ခိုက်ရန်ဖြစ်ပွားရာ သက်ဆိုင်ရာက အချိန်မီ ထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

"အရင်တုန်းကလည်း ဒီနေရာမှာ အဲဒီဆိုင်တွေရှိပါတယ်။ ဒီနေ့ကျမှ ဘယ်လိုဖြစ်ပြီး ပြဿနာဖြစ်သွားမှန်း မသိပါဘူး။ သက်ဆိုင်ရာက အချိန်မီရောက်လာလို့ တော်သေးတယ်"ဟု အဆိုပါဖြစ်ပွားမှု အနီးရှိ မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

ယင်းဖြစ်ပွားမှုကို သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းနိုင်ခဲ့ပြီး ကျူးလွန်သူများကို အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ သတင်းရတာနဲ့ ချက်ချင်းဖမ်းဆီးပြီး ဥပဒေအရ အရေးယူဖို့ဆောင်ရွက်ထားပါတယ်။ ဒီနေ့ပဲ ကျူးလွန်သူကို အမှုတစ်မှုနဲ့ တရားစွဲတယ်။ တွန်းလိုက်လို့ဒဏ်ရာရသွားတဲ့သူတွေ၊ ကာယိန္ဒြေပျက်စီးအောင် လုပ်ခံရတဲ့သူတွေ၊ ပစ္စည်းဆုံးရှုံးသွားတဲ့သူတွေက နစ်နာမှုနဲ့ တိုင်ကြားတဲ့အတွက်လည်း အမှုဖွင့်ထားပါတယ်" ဟု စခန်းမှူး ရဲအုပ်မြင့်ဇော်ဦးက ဆက်ပြောသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုသည် လူမျိုးရေး၊ ဘာသာရေးနှင့် မသက်ဆိုင်ကြောင်း၊ ယင်းဖြစ်ပွားမှုတွင် တွန်းလှဲခံရမှုကြောင့် သာမန်ဒဏ်ရာအနည်းငယ်ရရှိသူတစ်ဦးရှိပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် အသီးအရွက် (ကုန်စိမ်း)ဖိုးငွေကျပ် တစ်သိန်းခန့် ရှိသည့်အပြင် နေအိမ်ဆိုင်ခန်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ်တစ်သိန်းခန့်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်မှ လုစိုး(ခ) ဒိုးလုံးနှင့် ကျော်နိုင်ထူးတို့ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်ကြီး(ပဏိတ)**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၁)၊ မကျီးတောရပ်နေ တရားလွှတ်တော်ရှေ့နေကြီး **ဦးစောမြင့်ကို (လိုင်စင် အမှတ်- ၄၂၃၂)**သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်၏ ၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ရက် **အမိန့်ကြော်ငြာစာအမှတ်- ၇၆၁**ဖြင့် နေပြည်တော်ဒေသအတွင်း နိုတြီပဗ္ဗလစ်အလုပ်ဝတ္တရားများ ဆောင်ရွက်နိုင်ရန် **နိုတြီပဗ္ဗလစ် (Notary Public)**အဖြစ် ခန့်အပ်ခြင်းခံရကြောင်း သတင်းကောင်းသိရှိရ၍ **ဆရာ ဦးစောမြင့်** ကိုအတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ တိုင်းပြည်အကျိုး၊ အများပြည်သူအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပျဉ်းမနားမှ ချစ်တပည့်ရှေ့နေများ**

**ဦးစစ်ဦးကို၊ ဦးပြေငြိမ်း၊ ဦးကိုကိုအောင်မိုး၊ ဦးသူရိန်ထွန်း၊ ဦးစိုးညွှန့်သူ၊ ဦးပြုံးမောင်မောင်၊ ဦးကျော်မျိုးဇော်၊ ဒေါ်ရီနွယ်မိုး၊ ဒေါ်အိအိချစ်၊ ဒေါ်အိမွန်ခန့်၊ ဒေါ်သီမာစိုး၊ ဒေါ်နန်းဝေစိုး၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်သီရိထွန်း၊ ဒေါ်သက်သက်၊ ဒေါ်အိထက်နန္ဒာပြည့်၊ ဒေါ်မေမီဇင်ယု၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်စိုးမမ**

## အမြန်အလိုရှိသည်။
**(အမျိုးသမီးသီးသန့်)**

1. ညှပ်၊ ကောက်၊ ဖြောင့်၊ ဆိုး (2) ဦး
2. Shampoo (5) ဦး
3. Body & Foot Massage (5) ဦး

**လစာ + ကော်မရှင် + Bonus + အဆောင်ကြေး**
**(နေ စား ငြိမ်း)**

**လိပ်စာ ။ (217)၊ သစ္စာလမ်းမ၊ သံလမ်းမှတ်တိုင်၊ရန်ကင်းမြို့နယ်။**
**01-8569630, 09-5260122**
**မနက်(10:00)မှ ည (7:00) အတွင်းဆက်သွယ်နိုင်သည်။**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/6768 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## အများပြင်ဆင်ချက်

(၃၃၅) ကြိမ်မြောက် ထီဖွင့်ပွဲတွင် မိုးယံ(ကြီး+သေး)၊ ရွှေလမင်း၊ မြတ်ဆုကုဋေ၊ မိုးယံ ရွှေလမင်းနှင့်မြတ်ဆုကုဋေ၊ ဝါဝါဝင်း၊ ကန်တော်ကြီး၊ ထိပ်တန်း ပေါက်စဉ် အချိုတွင် ငါးသိန်းဆု ၄-၆၅၆၃၇၃ အစား ၄-၆၅၆၀၇၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့။ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ လူနေရပ်ကွက် ရွှေနံ့သာ၊ မြေကွက်အမှတ် ၃ဒသမ၁၄၅၀ဧကရှိ ဦးမြင့်ဝေ(ဘ)ဦးစိန်လှိုင် ၉/ပမန(နိုင်)၁၁၁၂၂၄ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းဖိုလ်ထွန်း(ဘ)ဦးကိုမြင့် ၁၄/သပန(နိုင်)၀၀၀၄၃၂က မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ရောင်းသူ၊ ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/6172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိဖြိုးဝေသွင် ၁၂/သဃက(နိုင်) ၁၇၃၉၆၈ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ (၁၂) ရပ်ကွက်၊ အောင်ရွှေစင်လမ်း၊ မြေကွက်အမှတ် ၉၆၅၊ ဧရိယာ ပေ (၄၀×၆၀) အကျယ်အဝန်းမှ ပေ (၂၀×၆၀)အကျယ်အဝန်း ရှိ (ခြေရင်းခြမ်း)ပါမစ်မြေအမျိုးအစား၊ မြေနှင့်အိမ်အား မြေကွက်အမည်ပေါက် ဒေါ်နီနီလွင် ၁၂/မဂဒ(နိုင်)၀၆၆၅၅၁ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မို့မို့ကျော် ၁၂/ဥကမ(နိုင်)၂၀၅၂၇၇ ကိုင်ဆောင်သူထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇင်သင်းအောင် (စဉ်-၃၀၇၁၁)**
**(LL.B, B.D.S, WIPO (Switzerland)**
**အထက်တန်းရှေ့နေနှင့် ကုမ္ပဏီဥပဒေအကြံပေး**

**ဒေါ်ယမင်းလတ် (စဉ်-၈၅၆၄)**
**LL.B, B.D.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ**

**ရုံး- တိုက် ၉/၁၁(ပထမထပ်)၊ အခန်း ၁၀၃/H၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၄၄၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၈၆၅၀၅၃၄၆၈**

## ဖခင်အမည်မှန်

ဒဂုံ(မြို့သစ်) အရှေ့ပိုင်းမြို့နယ်၊ အလက-၂၊ ဆဋ္ဌမတန်း(A)မှ မဆုထူးနွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထူး(ခ) ဦးသန်းအောင် ၁၂/ဒဂတ(နိုင်) ၀၉၇၃၈၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့၊ ထ(ခွဲ)ဗိုလ်မင်းရောင်မှ လယ်/ပြဆရာမ ဒေါ်ကျင်အေး(ခ)ဒေါ်ကြင်အေး ၉/တကန(နိုင်) ၀၂၄၃၇၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကျင်အေး(ခ)ဒေါ်ကြင်အေး**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၄၄ကံဘဲ့၊ မြေကွက်အမှတ် ၄၉၊ မြေကွက်တည်နေရာ အမှတ် ၈၂၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (မလှကျူး) အမည်ပေါက် ရွာမြေ (A)လ/န ၃(ခ)ရပြီး မြေအားအမည်ပေါက် အဘွားဖြစ်သူ ဒေါ်လှကျူးမှာ ၂၇-၁၀-၁၉၄၅ရက်တွင်လည်းကောင်း၊ အဘိုးဖြစ်သူ ဦးဘစုမှာ လွတ်လပ်ရေးမရမီကလည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစံချစ်မှာ ၁-၁-၁၉၇၇ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အုန်းမြင့်မှာ ၃-၁၂-၁၉၉၈ရက်တွင် လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့် တစ်ဦးတည်းသော မြေးတော်စပ်သူ ဒေါ်ခင်လှ ၁၂/မရက(နိုင်) ၀၃၇၇၂၂၏ GP ၂၂၆၉/၂၀၁၃၇-၂-၂၀၁၃ ရရှိသူဦးငွေဦး ၇/ပတန(နိုင်) ၀၁၀၁၄၈မှ ဒေါ်ခင်လှတစ်ဦးတည်းသောမြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ GP အထောက်အထား၊ GP ပေးခြင်းအတွက် ကျမ်းကျိန်လွှာ၊ အဘွားဖြစ်သူ ဒေါ်လှကျူးနှင့်အဘိုးဖြစ်သူ ဦးဘစုနှင့်ဖခင်ဖြစ်သူဦးစံချစ်တို့ကွယ်လွန်ခြင်းအတွက် အမှတ်(၉)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ မရမ်းကုန်းမြို့နယ်၏ ထောက်ခံချက် ဒေါ်အုန်းမြင့်ကွယ်လွန်ခြင်းအတွက်သေစာရင်း၊ ရဲစခန်းထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၃(ခ)အထောက် အထားမိတ္တူ၊ ၁၉၆၀-၆၁ခုနှစ် ထုတ်ပေးထားသည့် မြေပုံမိတ္တူကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံဒီဂရီကောလိပ် ရုက္ခဗေဒ နောက်ဆုံးနှစ်ကျောင်းသူ မစုမြတ်အောင်၏ ဖခင် မြို့ကြီးအောင်နှင့် ဦးမြင့်လွင် ၉/မခန(နိုင်)၀၂၄၈၈၆ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

ဥတ္တရာသီ တောကိုမှီ

# ပြည်ပသကြားဈေးကွက်ကောင်းမွန်လာ၍ ကြံဈေးနှုန်းတိုးမြှင့်ဝယ်ယူလာ

**ရေတာရှည် ဒီဇင်ဘာ ၁**

အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ကြံစိုက်ပျိုးထုတ်လုပ်မှု လျော့ကျလာပြီး ပြည်ပသကြားဈေးကွက် ကောင်းမွန်လာမှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အမှတ်(၆)သကြားစက်အနေဖြင့် ကြံစိုက်ပျိုးသည့်တောင်သူများထံမှ ကြံများကို ဈေးနှုန်းတိုးမြှင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ကြံစိုက်ပျိုးတဲ့ တောင်သူတွေအတွက် မထင်မှတ်တဲ့ဈေးနှုန်းဖြစ်လာတာဝမ်းသာပါတယ်။ ဒီနှစ်က စပါးဈေး၊ ပဲဈေးတွေ မကောင်းပေမယ့် အခု ကြံဈေးနှုန်းကောင်းလာတဲ့အတွက် တောင်သူတွေ အဆင်ပြေမှာပါ"ဟု ရေတာရှည် အမှတ်(၆)သကြားစက်မှ စက်ရုံမှူး ဦးစိန်လှိုင်က ပြောကြားသည်။ ယခု ၂၀၁၆-၂၀၁၇ ကြံရာသီတွင် စက်ရုံအရောက်တစ်တန်လျှင် ငါးသောင်းခွဲဈေးနှုန်းဖြင့် စတင်ဝယ်ယူနေပြီ ဖြစ်ကြောင်း သိရသည်။

လက်ရှိ စက်ရုံနယ်တွင် ကြံစိုက်ပျိုးသည့်ဧက ၂၆၀၀ ဒသမ ၅ ဧက ရှိပြီး အခြားသောဒေသများကပါ စက်ရုံသို့ လာရောက်ရောင်းချလျက်ရှိ၍ စက်ရုံအနေဖြင့် ဇန်နဝါရီလကုန်အထိ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ ကြံလာရောက်ရောင်းချသည့် တောင်သူများအား ကြံချပြီးသည်နှင့် ချက်ချင်းငွေပေးချေနိုင်၍ အခြားသောစက်ရုံများထက် အားသာမှုများရှိကြောင်းလည်း စက်ရုံမှူးက ဆက်လက်ပြောကြားသည်။



"ကျွန်မတို့ အစကသိထားတာ စက်ရုံအရောက်ဈေးနှုန်း လေးသောင်းလို့သိရတယ်။ အခု ကြံရောင်းတော့မှ တစ်တန်ကို ငါးသောင်းခွဲအထိ ဈေးနှုန်းတိုးပေးတာတွေ့တော့ တောင်သူအနေနဲ့ ခုတ်ခ၊ တိုက်ခအလွတ် လေးသောင်း အသားတင်ကျန်ပါတယ်"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု အေးသာယာကျေးရွာမှ ကြံတောင်သူ ဒေါ်အေးကြင်က ပြောသည်။

ကြံစိုက်ပျိုးသည့်တောင်သူများအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှထွက်နှုန်းမှာ တန် ၃၀ နှင့်အထက် ထွက်ရှိကာ လက်ရှိဈေးနှုန်းအရ ငွေကြေးအနေဖြင့် ၁၆ သိန်းကျော်အထိ ဝင်ငွေရရှိနိုင်မည်ဖြစ်သောကြောင့် စပါးကို သီးထပ်သီးညှပ်စိုက်ပျိုးခြင်းထက် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ဈေးနှုန်းတိုးမြှင့်လာမှုအရ ကြံစိုက်ပျိုးသည့် တောင်သူများအား ကြံမျိုးစရိတ်ချေးငွေများ ပေးအပ်နိုင်ရန်လည်းစီစဉ်လျက်ရှိပြီး လာမည့်နှစ်တွင် ကြံစိုက်ပျိုးမည့်တောင်သူအရေအတွက် ပိုမိုများပြားလာဖွယ်ရှိကြောင်း ခန့်မှန်းမှုများလည်း ရှိနေသည်။

**ကိုလွင် (ဆွာ)**



## မှုခင်းကျဆင်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁**

ဆင်ပေါင်ဝဲမြို့နယ် ကျွန်းကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ နိုဝင်ဘာ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းကျဆင်းရေးဆိုင်ရာများကို ဆင်ပေါင်ဝဲမြို့မရဲစခန်းမှ ရဲအုပ်ကြည်လှိုင်က အသိပညာပေး ဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် အထွေထွေဗဟုသုတများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်ပြည့်ဝစေရေးအတွက် ပုံပြောပြိုင်ပွဲကို ကျင်းပပေးခဲ့ပြီး ဆုရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ အသိပညာပေး နံရံကပ်စာစောင် များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသပြီး ကျောင်းသား ကျောင်းသူလေးများက လေ့လာကြည့်ရှုခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**ပြည် ဒီဇင်ဘာ ၁**

၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စုတွင် (မော်ဇာ-ဈေးရပ်-ဆင်မြီးဆွဲ) (၂/၀)မိုင်ကို မြေလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအား နိုဝင်ဘာလ နောက်ဆုံးပတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ယင်းကျောက်ချောလမ်းဆောင်ရွက်ပြီးစီးပါက ဒေသတွင်း ကျေးလက်ပြည်သူများနှင့်ခရီးသွားပြည်သူများ ပြည်မြို့နယ်နှင့် သဲကုန်းမြို့နယ်တို့သို့ ဆက်သွယ်သွားလာရေး ယခင်ထက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြည်)**

## ကျေးရွာကားလမ်းမကြီးဘေးရှိသုသာန်ကို နေရာပြောင်းရွှေ့ပေးရန် ကျေးရွာလူထု လိုလားနေ

**သာစည် ဒီဇင်ဘာ ၁**

သာစည်မြို့နယ်အရှေ့ဘက် ရှစ်မိုင်ခန့်အကွာ လှိုင်းတက်ကျေးရွာအနီးရှိ မယ်ဇလီကန်သုသာန်သည် ကျေးရွာအနီးမှဖြတ်သွားသော မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး-ကျိုင်းတုံ အဝေးပြေးကားလမ်းမကြီးဘေးတွင် ရှိနေသဖြင့် ပတ်ဝန်းကျင်အမြင်တင့်တယ်စေရန်အတွက် သုသာန်ကို ကျေးရွာနှင့်အလှမ်းဝေးသည့်နေရာသို့ ပြောင်းရွှေ့ပေးရန် ကျေးရွာနေပြည်သူများ လိုလားနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက မြို့နှင့်မခြား စည်ကားလှပါတယ်။ နိုင်ငံခြားသားများကလည်း လာရောက်လည်ပတ်လေ့ရှိတယ်။ ခရီးသည်အဝင်အထွက်များတဲ့ ရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။ ဒီမယ်ဇလီကန်သုသာန်ကြီးက အဝေးပြေးလမ်းမကြီးနဲ့ ကပ်လျက်ရှိပြီး လူနေအိမ်များနဲ့လည်း ထိဆက်နေတာမို့ အမြင်မကောင်းပါဘူး။ လူသေကိုမီးရှို့တဲ့အချိန်မှာ ပတ်ဝန်းကျင်အိမ်တွေက အနံ့မခံနိုင်ဘူး။ ကျွန်တော်တို့ရွာမှာ ဒီသုသာန်ကြီးရှိခဲ့တာ နှစ်ပေါင်းလည်းကြာပါပြီ။ ခေတ်ဖွံ့ဖြိုးတိုးတက်မှုအရ ဒီနေရာမှာ မရှိသင့်တော့ပါဘူး။ အခြားနေရာကို ပြောင်းရွှေ့သင့်ပါပြီလို့ ကျွန်တော်ပြောလိုပါတယ်"ဟု လှိုင်းတက်ကျေးရွာမှ ဦးဇော်မင်းနိုင်က ပြောသည်။

လှိုင်းတက်ကျေးရွာသည်အိမ်ခြေ ၆၉၃ အိမ်၊ လူဦးရေ ၃၂၂၂ ဦးရှိသော စည်ကားသည့်ရွာကြီးဖြစ်ပြီး လှိုင်းတက်ရွာအနီးရှိ မယ်ဇလီကန်ကျေးရွာသည်လည်း အိမ်ခြေ ၃၉၉ အိမ်နှင့်လူဦးရေ ၂၀၅၃ ဦးရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး-ကျိုင်းတုံ အဝေးပြေးလမ်းမကြီးကို လှိုင်းတက်ကျေးရွာနှင့် မယ်ဇလီကန်ကျေးရွာအနီးမှ ဖြတ်သန်းဖောက်လုပ်ထားသလို ခရိုင်ချင်းဆက် အဝေးပြေးလမ်းမကြီးကိုလည်း လှိုင်းတက်ရွာနားမှ ဖြတ်သန်းဖောက်လုပ်ထားသည့်အတွက် အဝေးပြေး ယာဉ်ကြီးယာဉ်ငယ်များ ရပ်နားခိုနားရာဖြစ်ကာ ခရီးသည်အဝင်အထွက်များသည်။ ထို့အတူ လှိုင်းတက်ကျေးရွာတွင် နိုင်ငံပိုင်စည်သွပ်စက်ရုံ၊ တပ်မတော် မိုးကာနှင့်ဖိနပ်စက်ရုံများလည်းရှိသည့်အပြင် တိုက်နယ်ဆေးခန်း၊ ဘုတာရုံ၊ ဈေးနှင့် အခြေခံပညာအထက်တန်းကျောင်းတို့လည်းရှိရာ သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများထဲတွင် ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး ရွာကြီးဖြစ်သည်။

ကျေးရွာသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း မယ်ဇလီကန်သုသာန်သည် ရွာ၏မြင်ကွင်း ကားလမ်းမဘေးတွင် ရှိနေခြင်းကြောင့် ရွာ၏လှပမှုကိုဖျက်ဆီးသကဲ့သို့ဖြစ်နေသဖြင့် နေရာရွှေ့ပြောင်းစေလိုခြင်းဖြစ်ကြောင်း၊ ကျေးလက်နှင့်မြို့ပြများ ဖွံ့ဖြိုးတိုးတက်နေသော ယနေ့ခေတ်ကာလတွင် သုသာန်များကို အများမြင်ကွင်းမကောင်းသောနေရာများ၌ ထားရှိခြင်းမရှိကြတော့ဘဲ အခြားဝေးလံသည့်နေရာများသို့ သက်ဆိုင်ရာက ပြောင်းရွှေ့ပေးလျက်ရှိရာ ယခု လှိုင်းတက်ကျေးရွာအနီးတွင်ရှိသည့် မယ်ဇလီကန်သုသာန်ကြီးကိုလည်း ဝေးလံသည့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် ဒေသခံကျေးရွာလူထုက လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## ယာဉ်စည်းကမ်းမလိုက်နာသူများအား စစ်ဆေးအရေးယူမှုများ ဆက်လက်ဆောင်ရွက်နေ

**တနင်္သာရီ ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့တွင်းလမ်းတွင် တစ်လမ်းသွားစနစ်ဖြင့် မောင်းနှင်ကြရန် အောက်တိုဘာ ၁၈ ရက်မှစ၍ နေ့စဉ် ပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီးနောက် တစ်လမ်းသွားစနစ်ကို လိုက်နာမှုမရှိဘဲ လမ်းပြောင်းပြန်မောင်းနှင်သူများ အပါအဝင် ယာဉ်စည်းကမ်း မလိုက်နာသူများအား ရှောင်တခင်စစ်ဆေးအရေးယူမှုများ နိုဝင်ဘာ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



တနင်္သာရီမြို့နယ် ယာဉ်စည်းကမ်းကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်၏ လမ်းညွှန်မှုဖြင့် မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မထသ အဖွဲ့နှင့် မြို့နယ် မော်တော်ဆိုင်ကယ်အသင်းတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ချောင်းငယ်ရပ်ကွက် သုခလမ်းနှင့် မင်္ဂလာငယ်လမ်းဆုံ မြို့မရဲစခန်းအရှေ့တို့တွင် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ကာ လမ်းပြောင်းပြန်မောင်းနှင်သူများ၊ ဆိုင်ကယ်စီးရာတွင် ဦးထုပ်မဆောင်းသူများ၊ နှစ်ဦးထက်ပိုမိုစီးနင်းသူများ စသည့် ယာဉ်စည်းကမ်းမလိုက်နာသူများအား အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှောင်တခင်စစ်ဆေးမှု ဆောင်ရွက်စဉ်အတွင်း လမ်းပြောင်းပြန်မောင်းနှင်သူ ခြောက်ဦးနှင့် ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးသူ ၁၀ ဦးတို့ကို ဖမ်းဆီးနိုင်ခဲ့ပြီး ဆိုင်ကယ်မောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောကာ ဆိုင်ကယ်များကို မြို့မရဲစခန်းအတွင်း သိမ်းဆည်း၍ မော်တော်ယာဉ်ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**
**ဓာတ်ပုံ- နိုင်ဝင်း**

## မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ် ပိုမိုကျယ်ပြန့်စွာ အသုံးပြုမှုလိုအပ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံသားများအနေဖြင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်း၊ ဟိုတယ်၊ တည်းခိုခန်းများငှားရမ်းရာ၌ Visa ကတ်ပြားဖြင့် တွင်ကျယ်စွာငွေပေးချေမှုများကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။ ပြည်ပခရီးစဉ်များတွင် ကတ်အသုံးပြု၍ ငွေပေးချေမှုသည် ၅၄ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိပြီး နိုင်ငံတကာဝက်ဘ်ဆိုက်များမှတစ်ဆင့် eCommerce ကဏ္ဍတွင် ငွေသုံးစွဲမှုပမာဏသည် ၁၀၈ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။ "အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်ဟာ မြန်မာနိုင်ငံသားများနဲ့ နိုင်ငံခြားသား ခရီးသွားများအတွက် ပိုမိုလိုအပ်လာပါတယ်။ အီလက်ထရွန်နစ်နည်းစနစ်နဲ့ ငွေပေးချေမှုပြုလုပ်ခြင်းကို လူအများပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်ပါက တစ်ဟုန်ထိုး တိုးတက်လာတဲ့ မြန်မာ့စီးပွားရေးအတွက် အကျိုးအမြတ်များစွာရရှိနိုင်ပါတယ်"ဟု ဗီဇာ၏ မြန်မာနိုင်ငံကိုယ်စားပြု Country Myanmar Mr. Arturo Planell က ပြောသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ရရှိနိုင်သော Visa ကတ်သည် ပြည်ပနိုင်ငံများတွင် အသုံးပြုသည့် ကြိုတင်ငွေဖြည့်ကတ် အမျိုးအစားဖြစ်သည်။ လက်လီအရောင်းဆိုင်များတွင် ပြည်ပနိုင်ငံများမှ ကတ်လက်ခံသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ကတ်လက်ခံသည့်ဆိုင်ပေါင်း ၃၅၀၀ အထိရှိ ကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားများ၏ မြန်မာနိုင်ငံအတွင်းကတ်ဖြင့် ငွေပေးချေမှုသည် ၄၂ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့ပြီး ရန်ကုန်မြို့မှအပအခြားဒေသများတွင် Visa ကတ်သုံးစွဲမှုသည် ၂၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။ နိုင်ငံအတွင်း ATM စက်များထားရှိမှုမှာလည်း ၃၉ ရာခိုင်နှုန်း မြင့်တက်လာပြီး နိုင်ငံတစ်ဝန်းလုံးတွင် ATM စက်အလုံးပေါင်း ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း (ကမာရွတ်)**

# ကလေးသူငယ်အခွင့်အရေးနှင့် မိသားစုပဋိပက္ခဖြေလျှော့နိုင်ရေးတို့၏ ဆက်စပ်ပုံများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁**

ကလေးသူငယ်အခွင့်အရေးများနှင့် မိသားစုပဋိပက္ခဖြေလျှော့နိုင်ရေး ဆက်စပ်ပုံများအကြောင်း အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမ အလယ်ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဥက္ကဋ္ဌ ဦးအာကာစိုးနောင်က "မိသားစုပဋိပက္ခကြောင့် ကလေးသူငယ်များ အခွင့်အရေးဆုံးရှုံးမှုကို ကျောင်းသားတွေသိရှိနားလည်အောင်၊ မိသားစုပဋိပက္ခတွေ ရပ်တန့်သွားအောင် ဘယ်လိုနေထိုင်လုပ်ဆောင်ရမလဲဆိုတာကို အသိပညာပေးတာပါ"ဟု ဟောပြောပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

"မိဘတွေက ကလေးသူငယ်အခွင့်အရေး အချက်(၄၀)အတိုင်း ဆုံးမသွန်သင်ကာကွယ်ပံ့ပိုးစောင့်ရှောက်နိုင်မယ်ဆိုရင် ကလေးတွေဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ကြီးပြင်းလာတဲ့အခါမှာ လူ့အခွင့်အရေးကိုဗဟိုပြုပြီး ဘဝရပ်တည်နိုင်တဲ့သူတွေ ဖြစ်လာလိမ့်မယ်။ အဲ့ဒီအခါမှာ လူမျိုးရေးခွဲခြားမှုတွေ၊ ဘာသာရေးခွဲခြားမှုတွေ ပပျောက်သွားလိမ့်မယ်၊ လျော့ကျသွားလိမ့်မယ်။ မိမိကိုယ်ကို ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့ ခုခံကာကွယ်နိုင်လိမ့်မယ်။ သူတို့အခွင့်အရေးတွေ ချိုးဖောက်ခံလာရတဲ့အခါမှာ တောင်းဆိုတတ်လာမယ်။ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်းတွေကိုလည်း သိလာမယ်။ နောက်ဆုံး တရားဥပဒေကို လေးစားလိုက်နာစောင့်ထိန်းတတ်တဲ့ ကလေးသူငယ်တွေဖြစ်လာဖို့အတွက် ရည်ရွယ်ပြီး အသိပညာပေးဆောင်ရွက်တာပါ"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးညီညီနှင့် အင်းစိန်မြို့နယ် ဒုတိယပညာရေးမှူး ဦးဘန်လျံခုပ်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ နာယက ဦးရှိန်နှင့် ဥက္ကဋ္ဌ ဦးအာကာစိုးနောင်တို့က အပြည်ပြည်ဆိုင်ရာကလေးများနေ့ ဖြစ်ပေါ်လာပုံ၊ ကလေးသူငယ်အခွင့်အရေးများနှင့် မိသားစုပဋိပက္ခ ဖြေလျှော့နိုင်ရေးတို့၏ ဆက်စပ်ပုံများ၊ မိသားစုအတွင်း ပဋိပက္ခပြဿနာများကို တားဆီးနိုင်သောနည်းလမ်းများ စသည့်အကြောင်းအရာများကို ဟောပြောခဲ့ကြပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၄၀၀ ခန့် တက်ရောက်၍ နားထောင်လေ့လာခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဥတ္တရခရိုင်အတွင်း ညပိုင်းအချိန်တွင် လှည့်ကင်းအထူးယာဉ်များဖြင့် ကင်းလှည့်နေ




**နေပြည်တော် ဒီဇင်ဘာ ၁**

နေပြည်တော်ဧရိယာအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ မဖြစ်စေရေးအတွက် မှုခင်းကြိုတင်ကာကွယ်မှုအဖြစ် ညပိုင်းအချိန်များတွင် လှည့်ကင်းယာဉ်တန်းများစုဖွဲ့၍ ကင်းလှည့်လျက်ရှိကြောင်း သိရသည်။

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ရဲတပ်ဖွဲ့ ခရိုင်နှင့် မြို့နယ်အဆင့် ပူးပေါင်းအဖွဲ့များက လုံခြုံရေးမီးတန်းယာဉ်များဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေပြည်တော်ဘူတာကြီးလမ်း မင်္ဂလာဈေး၊ Ocean Center၊ ရာဇသင်္ဂဟအိမ်ရာ(၁) နှင့် (၂)၊ လွှတ်တော်ရှေ့၊ ဝဏ္ဏသိဒ္ဓိအဝိုင်း၊ ရွှေနံ့သာရပ်ကွက် စသည့် အဓိကအချက်အချာကျသောနေရာများ၊ လူသွား လူလာနှင့် ယာဉ်အသွားအလာများသော နေရာများတွင် ည ၈ နာရီမှ ၁၂ နာရီအတွင်း ကင်းလှည့်နေခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်**
**(မန်းတက္ကသိုလ်)**

# အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်သူများ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် အစားအသောက်များသန့်ရှင်းလတ်ဆတ်မှုရှိစေရေးအတွက် ရည်ရွယ်ပြုလုပ်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနက ကြီးမှူး၍ နေပြည်တော်မြို့မဈေး ဓမ္မာရုံ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော အချက်ငါးချက်ဖြစ်သည့် Keep Clean(လက်သန့်ရှင်းမှု၊ ပန်းကန်ခွက်ယောက်သန့်ရှင်းမှု၊ ချက်ပြုတ်ရာတွင်သန့်ရှင်းမှု အလေးထားခြင်း)၊ Separate raw and cooked (မချက်ပြုတ်မီနှင့် ချက်ပြုတ်ပြီး အစားအသောက်များ၊ အသားစိမ်းငါးစိမ်းများနှင့် အခြားအစားအသောက်များကို သီးခြားစီ ခွဲထားခြင်း)၊ Cook Thoroughly (အသားငါးများကို သေချာစွာ ပြင်ဆင်ချက်ပြုတ်ခြင်း၊ သင့်တော်သည့်အပူချိန်ဖြင့် အချိန်ကြာကြာ ကျက်အောင်ချက်ပြုတ်ခြင်း)၊ Keep food at safe temperatures (ချက်ပြုတ်ပြီးအစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားသင့်ခြင်း၊ အအေးခန်း ရေခဲသေတ္တာများတွင်လည်း ရက်ကာလကြာရှည်စွာ မထားရခြင်း)၊ Use safe water and raw materials (သန့်ရှင်းလတ်ဆတ်သော အစားအစာကုန်ကြမ်းများနှင့် သန့်ရှင်းသောရေကိုသာ အသုံးပြုခြင်း၊ အသင့်စားသုံးနိုင်သည့် အသီးအရွက်များကို ရေဖြင့် သေချာစွာဆေးကြောရန်) စသည့်အချက်များနှင့် ရက်လွန်သောအစားအသောက်များကို အသုံးမပြုရန် စသည်တို့ကို နေပြည်တော် မြို့မဈေးအတွင်းမှ အစားအသောက်ရောင်းချသော ဆိုင်ရှင်များနှင့် အစားအသောက် ချက်ပြုတ်သော ဆိုင်ဝန်ထမ်းများအား ရှင်းလင်းဟောပြောခဲ့သည်။



နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ လမ်းဘေးဈေးဆိုင်များတွင်ပါမကျန် သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန်များကို ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ရာ နေပြည်တော် သပြေကုန်းဈေး၌လည်း အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# ကျေးလက်လမ်း၊ တံတားနှင့် ရေသွယ်ယူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးနဲ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သော မိုးနဲ-ကျိုင်းတောင်းလမ်းပိုင်းမှ ခဲတောင်ကြီးကျေးရွာအဝင် ကျောက်ချောလမ်းတစ်မိုင်၊ ကာဟ-ဝမ်ကျူ ကျေးရွာချင်းဆက်ကျောက်ချောလမ်း တစ်မိုင်၊ ဝမ်နား-နမ့်မော်လေ ချောင်းကူး အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊အမြင့် ၁၀ ပေ သံကူကွန်ကရစ်တံတားလုပ်ငန်းနှင့် လွိုင်ချိုကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးဇော်၊ မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများက နိုဝင်ဘာနောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



# ရေကြီးခြင်း၊ ကြိုတင်သတိပေးခြင်းနှင့် ထုတ်ပြန်ခြင်းဆိုင်ရာ ဒေသအဆင့် သဘောထားညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကလေး ဒီဇင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် Asian Disaster Preparedness Center (ADPC)တို့ ပူးပေါင်း၍ ဒေသအဆင့် ရေကြီးခြင်း၊ ကြိုတင်သတိပေးခြင်းနှင့် ထုတ်ပြန်ခြင်းဆိုင်ရာ သဘောထားညှိနှိုင်းအစည်းအဝေးကို ကလေးမြို့ သဇင်ရပ်ကွက်ရှိ ရှင်းဟုန်ဟိုတယ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ဇလဗေဒဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးသန်းက အမှာစကားပြောကြားပြီး အိန္ဒိယနိုင်ငံသား Dr. Rishiraj နှင့် ထိုင်းနိုင်ငံသူ Ms. Chinaporn Meechaiya တို့က ဒေသအဆင့် ရေကြီးခြင်း၊ ကြိုတင်အသိပေးခြင်းနှင့် ထုတ်ပြန်ခြင်းဆိုင်ရာ သဘောထားများ၊ မိုးလေဝသ၊ ဇလဗေဒနှင့် မြေလျှောဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဇလဗေဒဌာနခွဲမှ တာဝန်ရှိသူများ၊ ကလေးမြို့နယ်နှင့် ကလေးဝမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကလေးခရိုင်ရဲတပ်ဖွဲ့ မှူး၊ ခရိုင် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# လျှပ်စစ်အန္တရာယ်ကင်းဝေးရေး လုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ရည်ရွယ်၍ မြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားလိုင်းများမှ ပေါက်ပြဲဆွေးမြည့်နေသည့် ကေဘယ်ကြိုးများကို လိုက်လံစစ်ဆေးခြင်း၊ အန္တရာယ်ရှိ ဓာတ်တိုင်များကို အသစ်လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းကြိုးများနှင့် ထိညိကာ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းဘေးဝဲယာသစ်ပင်များမှ အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းမီးများ အသစ်လဲလှယ်ပေးခြင်းတို့ကို ကော့သောင်းမြို့တွင် ဓာတ်အားပေးနေသည့် GPM ကုမ္ပဏီမှ ဝန်ထမ်းများက အောက်တိုဘာ ၂၈ ရက်က ဆောင်ရွက်ခဲ့သည်။

ကော့သောင်းမြို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်၍ မြို့နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပုဂ္ဂလိက ကုမ္ပဏီဖြစ်သည့် GPM ကုမ္ပဏီတို့ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာများအထိ ၂၄ နာရီ ဓာတ်အားဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# အသက်(၁၂)နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိုင်းဖြတ် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့နယ်ပညာရေးမှူးဖလား အသက်(၁၂)နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ကျား၊ မ ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂၉ ရက်က မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အထက(မိုင်းဖြတ်)နှင့် အထက(ဟိုနား)အသင်းတို့ ယှဉ်ပြိုင်ကစားပြီး အထက(ဟိုနား)အသင်းက လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အထက(မိုင်းဖြတ်)နှင့် မူလတန်းလွန်ကျောင်း (ကွက်သစ်)အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားပြီး အထက(မိုင်းဖြတ်)အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က ပထမဆုရအသင်းများအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဂို၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လှရီ၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဌေးတို့က ဒုတိယ၊ တတိယဆုရအသင်းများနှင့် တစ်ဦးချင်းဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး အခြေခံပညာကျောင်းပေါင်းစုံမှ အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မသန်စွမ်းသူများ စွမ်းရည်ပြအဖွဲ့ မြင်းမူမြို့သို့ရောက်ရှိချိန်တွင် ပြည်သူများ လှိုက်လှဲစွာကြိုဆို

**မြင်းမူ ဒီဇင်ဘာ ၁**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုသောအားဖြင့် မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည် ပြသမှုအဖြစ် မုံရွာမြို့မှ မန္တလေးမြို့အထိ ခရီးအကွာအဝေး မိုင် ၉၀ ကို ဝှီးချဲတွန်းသွားရောက်မည့်အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက်တွင် မြင်းမူမြို့သို့ ရောက်ရှိခဲ့ပြီး ခရီးတစ်ထောက် နားခဲ့ရာ မြင်းမူမြို့နေပြည်သူများက အားပေးကြိုဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည်ပြအဖွဲ့တွင် စက်ဘီးနှစ်စီး၊ ဝှီးချဲ ၂၆ စီး ပါဝင်ပြီး မသန်စွမ်းသူများထဲတွင် အမြင်အာရုံချို့တဲ့သူ ၁၈ ဦးပါဝင်ကာ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပြင်ဦးလွင်မျက်မမြင်ကျောင်းတို့၏ အစီအစဉ်ဖြင့် ဝှီးချဲတွန်း စွမ်းရည်ပြခြင်းဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့သို့ရောက်ရှိလာသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ပြင်ဦးလွင် မျက်မမြင်ကျောင်းမှ မသန်စွမ်းသူများအဖွဲ့အား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်အောင်ဝင်းနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကင်းထောက်ကျောင်းသားလူငယ်များက အားပေးကြိုဆိုကြပြီး သန်စွမ်းမှုစွမ်းရည်ပြအဖွဲ့ဝင် ဝှီးချဲတွန်းသူများအား စေတနာရှင်များက အချိုရည်ဘူးများ၊ ချိုချဉ်များနှင့် အစားအစာများ ဝေငှပေးခဲ့ကြသည်။

မိမိတို့အနေဖြင့် မသန်စွမ်းသော်လည်း သန်စွမ်းသည့်စွမ်းရည်များ ရှိကြောင်းကို ပြသနိုင်ရန်နှင့် အခြားသော ဘဝတူ မသန်စွမ်းသူများအနေဖြင့် စိတ်ခွန်အားများ ရှိလာစေရန် ရည်ရွယ်၍ လှည့်လည်ပြသခြင်းဖြစ်ကြောင်း၊ ယခု မြင်းမူမြို့တွင် လာရောက်အားပေးကြသည့် ကျောင်းသူကျောင်းသားများ၊ ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများကို များစွာကျေးဇူးတင်သလို ယခုကဲ့သို့ ဝှီးချဲတွန်းသွားလာနိုင်သည့် အစီအစဉ်ဖြစ်မြောက်အောင် စီစဉ်ပေးသည့် ရွှေမင်းသားဖောင်ဒေးရှင်းကိုလည်း ကျေးဇူးတင်ကြောင်း သန်စွမ်းမှုစွမ်းရည်ပြ ဝှီးချဲတွန်းပွဲတွင် ပါဝင်သူ မြစ်ကြီးနားမြို့နေ ရှမ်းတိုင်းရင်းသား ကိုလားဝေက ပြောသည်။

အဆိုပါ သန်စွမ်းမှုစွမ်းရည်ပြအဖွဲ့သည် မြင်းမူမြို့တွင် တစ်ညတာရပ်နားခဲ့ပြီး ရပ်နားနေချိန်အတွင်း အဖွဲ့နှင့်အတူလိုက်ပါလာသော ပြင်ဦးလွင်မျက်မမြင်ကျောင်းမှ အောင်စည်ဖြိုး တေးဂီတအဖွဲ့က ရွှေမဟာသိရိဇာတ်ရုံတွင် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အုန်းတောကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

**အောင်စိုးဇေ(iprd)**



# မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များ တားဆီးရေးအတွက် ရဲတပ်ဖွဲ့၏ မှုခင်းအသိပညာပေးယာဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား ဟောပြော

(heading as printed begins: မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များ တားဆီးရေးအတွက်)

**မင်းလှ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့တွင် မှုခင်းများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များ တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးအတွက် ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေး ဟောပြောမှုများ နိုဝင်ဘာ ၂၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မင်းလှမြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်းနှင့် ရဲတပ်ဖွဲ့ဝင်များက မှုခင်းပညာပေးယာဉ်ဖြင့် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် မှုခင်းအသိပညာပေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မင်းလှမြို့မစခန်းမှူး ဒုရဲမှူးမျိုးမြင့်ဦးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းဆန်းဦးက လူမှောင်ခို၊ လူကုန်ကူးခြင်းများကို သတိထားရှောင်ရှားရန် အချက်များကိုလည်းကောင်း၊ ဒုတိယစခန်းမှူး ရဲအုပ်အောင်မင်းထွေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း အသေးစိတ်ဟောပြောခဲ့ကာ ဟောပြောပွဲသို့ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူပေါင်း ၁၇၀၀ ကျော် လာရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မှုခင်းပညာပေးယာဉ်ဖြင့် မင်းလှမြို့နယ်အတွင်းရှိ စစ်လက်နက်ပစ္စည်းတပ်ခွဲ(၉၄၉)တွင် မှုခင်းအသိပညာပေးခြင်းလုပ်ငန်းများကို သွားရောက်ဆောင်ရွက်ခဲ့ကာ စစ်လက်နက်ပစ္စည်း တပ်ခွဲမှ တပ်ခွဲမှူး ဗိုလ်မှူးတင့်လွင်အပါအဝင် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများကို မှုခင်းကျဆင်းရေးဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရှမ်း နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနား လွိုင်လင်မြို့၌ကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၁**

ရှမ်းနှစ် ၂၁၁၁ ခုနှစ် နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို လွိုင်လင်မြို့ရှိ သာသနာ့ဝေပုလ္လ ဓာတ်တော်ကျောင်းတိုက်၌ နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် သာသနာ့ဝေပုလ္လ ဓာတ်တော်ကျောင်းတိုက်မှ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒက သြဝါဒမိန့်ကြားပြီး ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနဆရာတော်နှင့် လွိုင်လင်မြို့ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းတနေတို့က ရှမ်းနှစ် ၂၁၁၁ ခုနှစ် နှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ရပ်ကွက်နှင့် ကျေးရွာများမှ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှု အဆို၊ အက၊ အတီး အဖွဲ့များက ညှော်ခံဖျော်ဖြေခဲ့ကြပြီး ည ၁၂ နာရီတွင် ရှမ်းနှစ် ၂၁၁၁ ခုနှစ် နှစ်သစ်ကူးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# စာကြည့်တိုက် မိုဘိုင်းအပလီကေးရှင်းသစ် မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၁**

စာကြည့်တိုက်များနှင့် စာချစ်သူများအတွက် အသုံးဝင်အထောက်အကူပြုမည့် အန်းဒရွိုက်ဖုန်းသုံး မိုဘိုင်းအပလီကေးရှင်းသစ်တစ်ခုကို စာကြည့်တိုက်များကွန်ရက်အဖွဲ့တစ်ခုဖြစ်သည့် Save the Library မှ ထုတ်လုပ်၍ မိတ်ဆက်ပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၁) လမ်းရှိ သရပါစာကြည့်တိုက်၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အပလီကေးရှင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ၏ လိပ်စာများ ပါဝင်ပြီး အချက်အလက်အကြောင်းအရာများ ထပ်မံထည့်သွင်းနိုင်ခြင်း၊ သတင်းများ၊ စာအုပ်အညွှန်းများ၊ ရှားပါးစာအုပ်များကို တင်ထားပေးခြင်း၊ ဗီဒီယိုဖိုင်များ ပါရှိခြင်း စသည့် လုပ်ဆောင်ချက်များ ပါဝင်ကာ စာကြည့်တိုက်များအချင်းချင်း ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။ အပလီကေးရှင်းတွင် မပါဝင်သေးသော စာကြည့်တိုက်များအနေဖြင့်လည်း Save the Library စာကြည့်တိုက်ကွန်ရက်နှင့်ဆက်သွယ်ပြီး အချက်အလက်များပေးပို့ပါက အပလီကေးရှင်းတွင် ထည့်သွင်း ပေးမည်ဖြစ်ကြောင်း သိရသည်။

အပလီကေးရှင်းမိတ်ဆက်ပွဲတွင် Myanmar Book Centre မှ ဒေါက်တာသန့်သော်ကောင်းက အမှာစကားပြောကြားပြီး ဦးစိုးသီဟနောင်က Application သစ်အကြောင်းကို မိတ်ဆက်ပြောကြားသည်။ ထို့နောက် အလင်းတံခါး စာကြည့်တိုက်မှ ဦးဝင်းဆွေက စာကြည့်တိုက်များနှင့် စာကြည့်တိုက်သုံးစွဲသူများအကြောင်း၊ ဇဂျီအိမ်စာကြည့်တိုက်မှ ဦးမောင်မောင်စိုးနှင့် ခင်ဦးရွာစာကြည့်တိုက်မှ ဦးဇော်ဝင်းမောင်တို့က စာအုပ်စာရင်းများသွင်းရာတွင် လွယ်ကူစေမည့် နည်းလမ်းများအကြောင်းတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**လှလှ**



# ထရန်စဖော်မာသစ်တပ်ဆင်ပြီး၍ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်

**အင်္ဂပူ ဒီဇင်ဘာ ၁**

အင်္ဂပူမြို့မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာနှစ်လုံးကို အသစ်တပ်ဆင်ခဲ့ပြီးနောက် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အမှတ်(၁)၊ (၂)၊ (၃) ရပ်ကွက်များရှိ ပြည်သူများအနေဖြင့် နိုဝင်ဘာ ၂၈ ရက်မှစ၍ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာ ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အင်္ဂပူမြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် အင်္ဂပူမြို့ အမှတ်(၁)ရပ်ကွက် ချယ်ရီလမ်းနှင့် အမှတ်(၃)ရပ်ကွက် ရွှေဘုန်းပွင့်လမ်းတို့တွင် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာများကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တပ်ဆင်ခဲ့ကာ နိုဝင်ဘာ ၂၈ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်သောကြောင့် ယခင်ကကဲ့သို့ မီးအားနည်းခြင်းများ မရှိတော့ဘဲ ပြည်သူများ လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝစွာ အသုံးနိုင်ပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးကျော်ထံမှ သိရသည်။

**မန်းကျော်(ပြန်/ဆက်)**



# အာဆင်နယ်အောင်မြင်မှုအတွက် အဓိကအရေးပါလာတဲ့ ဆန်းချက်ဇ်ရဲ့ကဏ္ဍ

**အောင်က**

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ပွဲမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိအောင်ကစားပြီး အသင်းရဲ့ အရည်အချင်းကို အကောင်းဆုံးထုတ်ပြနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အသင်းဟာ ၁၉ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့လွယ်လွယ်ကူကူ နိုင်ခဲ့တယ်လို့ထင်ပေမယ့် ဒီဘူချီထွက်သွားခဲ့ပြီးနောက်ပိုင်း ရလဒ်အနေနဲ့ နှစ်ဂိုး-တစ်ဂိုး ဖြစ်နေချိန်မှာတော့ ဘုန်းမောက်အသင်းကို ထိန်းချုပ်ဖို့ အနည်းငယ်ခက်ခဲမှုရှိပါတယ်။ ဒါပေမယ့် ဆန်းချက်ဇ်ရဲ့ အကောင်းဆုံးခြေစွမ်းနဲ့အတူ အာဆင်နယ်ဟာ နောက်ဆုံးမှာတော့ အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပါတယ်။

ဒါကြောင့်လည်း ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်က ကျွန်တော်တို့အသင်းအနေနဲ့ စိတ်ပိုင်းဆိုင်ရာဟာ အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်လို့ ပြောဆိုထားခဲ့တာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ မန်ယူအသင်းနဲ့ ကစားခဲ့တဲ့ပွဲကို ကြည့်မယ်ဆိုရင်လည်း ပွဲချိန် ၈၉မိနစ်ကျော်မှသာ ဂျရူးရဲ့ဂိုးနဲ့ သရေကျအောင်ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဘန်လေအသင်းနဲ့ပွဲမှာဆိုရင်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုရောက်မှသာ တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လူဒိုဂိုရက်စ်နဲ့ ဆန်းဒါးလန်းအသင်းတို့ပွဲတွေမှာ ဂိုးပြတ်တွေနဲ့ အနိုင်ရရှိအောင် ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါတွေအားလုံးကို ကြည့်တာနဲ့ အာဆင်နယ်အသင်းရဲ့ စိတ်ပိုင်းဆိုင်ရာဟာ အကောင်းဆုံး ရှိနေတာကြောင့် နောက်ဆုံးအချိန်အထိ အကောင်းဆုံး ကစားပြသွားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်ထိပ်ဆုံးမှာမရှိပေမယ့် နိုဝင်ဘာလအတွင်း ကစားခဲ့တဲ့ပွဲတွေမှာတော့ ရှုံးပွဲမရှိသေးပါဘူး။ အာဆင်နယ်အသင်းဟာ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာလည်း အဆင့် လေးနေရာမှာ ရပ်တည်နေပေမယ့် ထိပ်ဆုံးမှာရှိနေတဲ့ ချယ်လ်ဆီးအသင်းနဲ့ဆိုရင် သုံးမှတ်သာ ကွာခြားတာကိုတွေ့ရမှာပါ။ ဒီရာသီမှာ အာဆင်နယ်အသင်းဟာ သုံးပွဲမှာ အနည်းဆုံး ငါးမှတ်ရယူထားနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ အာဆင်နယ်အသင်းရဲ့ စွမ်းဆောင်မှုတွေဟာ ပြီးခဲ့တဲ့ရာသီကထက်တော့ ကောင်းမွန်နေတာကြောင့် ဆုဖလားပြေးလမ်းပေါ်မှာတော့ ရှိနေတဲ့အသင်းလို့ ပြောရမှာပါ။

အာဆင်နယ်အသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ရလဒ်တွေကောင်းမွန်နေတာကတော့ တိုက်စစ်မှူးဆန်းချက်ဇ်ရဲ့ခြေစွမ်းကောင်းတွေကြောင့်လို့ ပြောမယ်ဆိုရင်တော့ ပိုမယ်မထင်ပါဘူး။ ပြီးခဲ့တဲ့ ဘုန်းမောက်အသင်းနဲ့ပွဲမှာဆိုရင်လည်း ဆန်းချက်ဇ်ဟာ နှစ်ဂိုးသွင်းယူပေးရုံသာမက အသင်းအတွက် အကောင်းဆုံး ကစားပေးနိုင်ခဲ့တဲ့ သူဖြစ်ပါတယ်။ ဆန်းချက်ဇ်ဟာ ဒီနှစ်ရာသီမှာ ရှစ်ဂိုး သွင်းယူပေးထားပြီး ဂိုးရရှိဖို့ကိုလည်း သုံးကြိမ်တိုင်ပံ့ပိုးပေးထားနိုင်တဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ပွဲမှာ သူ့ရဲ့ဘောလုံးဆွဲပြေးနိုင်မှုကလည်း တစ်ပွဲမှာ ၁ ဒသမ၁ ရာခိုင်နှုန်းရှိပြီး ဘောလုံးဖြတ်ထုတ်နိုင်မှုကတော့ ၀ ဒသမ၅ ရာခိုင်နှုန်းရှိပါတယ်။ ဒါ့အပြင် တစ်ပွဲမှာ အဓိကဘောလုံးပေးပို့နိုင်မှုမှာတော့ ၂ ဒသမ ၃ ရာခိုင်နှုန်း ရှိပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဆုဖလား ရယူနိုင်ဖို့အတွက်တော့ ဆန်းချက်ဇ်ရဲ့ အခန်းကဏ္ဍ အဓိကအရေးပါနေတယ်လို့ ပြောရမှာပါ။ ဒီနှစ်ရာသီမှာ အာဆင်နယ်အသင်းရဲ့တိုက်စစ်မှူး ဂျရူးဟာလည်း အရန်ခုံကနေ ပါဝင်ကစားနေခဲ့ပြီး အသင်းအတွက် သုံးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဂျရူးဟာ ဆန်းချက်ဇ်လောက်တော့ ပြိုင်ဘက်အသင်းတွေက ကြောက်ရွံ့ရတဲ့ ကစားသမားတစ်ဦးမဟုတ်တာကတော့ အသေအချာပါပဲ။ ဒါကြောင့်လည်း အာဆင်နယ်အသင်းအတွက်တော့ ဆန်းချက်ဇ်ရဲ့ ခြေစွမ်းပိုင်းနဲ့ ကြံ့ခိုင်မှုတွေဟာ အသက်သွေးကြောသဖွယ်လို့ ပြောရမှာပါ။ ဒီနှစ်ရာသီမှာတော့ ဆန်းချက်ရဲ့ စွမ်းဆောင်မှုတွေကို ကြည့်မယ်ဆိုရင်တော့ ချယ်လ်ဆီးကွင်းလယ်ကစားသမားဟာ ဇက်၊ လီဗာပူးကွင်းလယ်ကစားသမား ကော်တင်ညိုတို့ပြီးရင် အကောင်းဆုံးခြေစွမ်း ပိုင်ဆိုင်ထားတဲ့သူလို့ပြောရမှာ ဖြစ်ပါတယ်။ ဘောလုံးကျွမ်းကျင် ပညာရှင်တွေရဲ့ သုံးသပ်မှုတွေကို ကြည့်မယ်ဆိုရင်လည်း လက်ရှိပရီမီယာလိဂ် ၁၃ ပွဲပြီးချိန်မှာတော့ ဆန်းချက်ဇ် ကစားနိုင်မှုနှုန်းဟာ ၇ ဒသမ၈၂ ရှိပြီး ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာ၊ လီဗာပူးကွင်းလယ်ကစားသမား ဖာမီနိုတို့ထက်သာတဲ့ ပိုကောင်းတဲ့သူလို့ ဆိုထားပါတယ်။

ဒါတွေကြောင့်လည်း ဆယ်စုနှစ်တစ်ခုကျော်ကြာ ပျောက်ဆုံးနေခဲ့တဲ့ အာဆင်နယ်အသင်းရဲ့ ပရီမီယာလိဂ်ဆုဖလားအိပ်မက် အကောင်အထည်ဖော်ရေးဟာ တိုက်စစ်မှူးဆန်းချက်ဇ်ရဲ့ကဏ္ဍဟာ အဓိကကျနေတယ်လို့ ပြောရမှာပါ။ ဆန်းချက်ဇ်အနေနဲ့ အာဆင်နယ်အသင်းရဲ့ အားကိုးရတဲ့ကစားသမားကောင်းတစ်ဦးအနေနဲ့ လာမယ့်ပွဲတွေမှာ ဘယ်လောက်အထိခြေစွမ်းတွေပြပြီး ဂိုးတွေသွင်းယူနိုင်မလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## မန်ယူသည် ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်သည့် အသင်းများအနက်မှ တစ်သင်းဟု ယာယာတိုရေး ပြောဆို

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ချန်ပီယံဆု ရရှိနိုင်သည့် အသင်းခြောက်သင်းအနက်မှ တစ်သင်းအဖြစ် ရှိနေဆဲဖြစ်ကြောင်း မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ယာယာတိုရေးက သုံးသပ်ပြောဆိုလိုက်သည်။

ပရီမီယာလိဂ်ပွဲစဉ် ၁၃ ကစားပြီးချိန်တွင် မန်စီးတီးအသင်းသည် ဒုတိယနေရာမှ လီဗာပူးနှင့် ရမှတ် ၃၀ ချင်းတူညီနေသော်လည်း ဂိုးကွာခြားချက်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ မန်စီးတီး၏ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းမှာမူ ရမှတ် ၂၀ ဖြင့် အဆင့် ၆ နေရာတွင်သာ ရပ်တည်နေရသည်။

မည်သည့်အသင်းများသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ချန်ပီယံ ဖြစ်ရေး ယှဉ်ပြိုင်မှုတွင် မန်စီးတီး၏ ပြိုင်ဘက်အသင်းများဖြစ်ပါသလဲဟု မေးမြန်းမှုကို ယာယာတိုရေးက "ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ချယ်လ်ဆီး၊ လီဗာပူး၊ အာဆင်နယ်၊ စပါးနဲ့မန်ယူအသင်းတို့ဟာ ကျွန်တော်တို့ရဲ့အဓိကပြိုင်ဘက်တွေပါ။ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲက ခန့်မှန်းဖို့ ခက်ခဲပါတယ်။ နောက်ထပ် နှစ်လ၊ သုံးလလောက်ကြာမှ ချန်ပီယံဖြစ်နိုင်မယ့်အသင်းကို ခန့် မှန်းနိုင်ပါလိမ့်မယ်"ဟု ဖြေဆိုခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် ၁၄ အဖြစ် ဒီဇင်ဘာ ၃ ရက်တွင် ချယ်လ်ဆီးအား အိမ်ကွင်း၌ လက်ခံကစားရမည့်ပွဲနှင့် ပတ်သက်၍ အိုင်ဗရီကို့စ်ကစားသမား ယာယာတိုရေး(၃၃နှစ်)က 'ချယ်လ်ဆီးအသင်းလို ကစားသမားကောင်းတွေရှိနေပြီး သီတင်းပတ်တစ်ပတ်မှာ တစ်ပွဲပဲ ကစားရတဲ့အသင်းမျိုးဟာ အမှတ်ပေးပွဲတွေမှာ အကောင်းဆုံးကစားဖို့ ပိုမိုလွယ်ကူသလို အနားယူချိန်လည်း ကောင်းကောင်းရတာမို့ ပွဲတွေမှာ အခွင့်အရေးယူနိုင်ဖို့ ပိုမိုလွယ်ကူပါတယ်။ ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်ကစားရမယ့်ပွဲက တကယ့်ကို ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ ချယ်လ်ဆီးအသင်းမှာ အခွင့်အရေးကောင်းတစ်ခု ရှိနေတာက အသေအချာပါပဲ။ သီတင်းပတ်တစ်ပတ်ရဲ့ကြားရက်မှာ ဥရောပပွဲ ကစားခဲ့ရပြီး သီတင်းပတ်အကုန်မှာ လိဂ်ပွဲကစားရတာက ခက်ခဲပါတယ်။ တစ်ခါတစ်ရံမှာ ဥရောပပွဲတွေကစားဖို့ စီစဉ်ထားမှုအရ မန်စီးတီးဟာ ဥရောပပွဲတွေကို ဗုဒ္ဓဟူးနေ့မှာ ကစားရပါတယ်။ အခုသီတင်းပတ်အတွင်း ကျွန်တော်တို့ ကစားရဖို့ ရှိ နေသလိုမျိုးပေါ့။ ဥရောပပွဲအပြီးနောက် စနေနေ့မှာ လိဂ်ပွဲကစားရမှာပါ။ ဒီလိုအခြေအနေမျိုးမှာ ပွဲအပေါ် အာရုံစူးစိုက်နိုင်ဖို့ ခက်ခဲတတ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးပြင်ဆင်ထားနိုင်ဖို့လို တယ်"ဟု ဆက်လက်ပြောဆိုသွားသည်။

**ထက်အောင်**

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ် - (၆)

| အင်္ဂါနေ့ (၆-၁၂-၁၆) | | | ဗုဒ္ဓဟူးနေ့ (၇-၁၂-၁၆) | | |
|---|---|---|---|---|---|
| နံနက် ၂း၁၅ | ပီအက်စ်ဂျီ | - လူဒိုဂိုရက်စ် | နံနက် ၂း၁၅ | လေဗာကူဆင် | - မိုနာကို |
| နံနက် ၂း၁၅ | ဘေဆယ် | - အာဆင်နယ် | နံနက် ၂း၁၅ | စပါး | - စီအက်စ်ကေအေ |
| နံနက် ၂း၁၅ | ဒိုင်နမိုကိဗ် | - ဘက်ရှီးတပ် | နံနက် ၂း၁၅ | ရီးရဲ | - ဒေါ့မွန် |
| နံနက် ၂း၁၅ | ဘင်ဖီကာ | - နာပိုလီ | နံနက် ၂း၁၅ | လီဂါဝါဆော | - စပို့တင်း |
| နံနက် ၂း၁၅ | ဘာစီလိုနာ | - ဂလာဘတ်ချ် | နံနက် ၂း၁၅ | ဘရုဂျက် | - ကိုပင်ဟေဂင် |
| နံနက် ၂း၁၅ | မန်စီးတီး | - ဆဲလ်တစ် | နံနက် ၂း၁၅ | ပေါ်တို | - လက်စတာ |
| နံနက် ၂း၁၅ | ဘိုင်ယန် | - အက်သလက် | နံနက် ၂း၁၅ | လိုင်ယွန် | - ဆီဗီလာ |
| နံနက် ၂း၁၅ | အိုင်ဟိုဗင့် | - ရော့စ်တော့ဗ် | နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | - ဒိုင်နမိုဇာဂရက် |

### စပိန်လာလီဂါပွဲစဉ် (၁၄)

| စနေနေ့ (၃-၁၂-၁၆) | | |
|---|---|---|
| ည ၆း၃၀ | ဂရန်နာဒါ | - ဆီဗီလာ |
| ည ၉း၄၅ | ဘာစီလိုနာ | - ရီးရဲ |
| နံနက် ၀၀း၀၀ | လီဂါနက်စ် | - ဗီလာရီးရဲ |
| နံနက် ၂း၁၅ | အက်သလက် | - အက်စ်ပန်ညို |
| **တနင်္ဂနွေနေ့ (၄-၁၂-၁၆)** | | |
| ည ၅း၃၀ | ဘက်တစ် | - ဆယ်တာဗီဂို |
| ည ၉း၄၅ | ဘီလ်ဘို | - အီဘာ |
| နံနက် ၀၀း၀၀ | အလာဗက်စ် | - လက်ပဲလ်မက်စ် |
| နံနက် ၀၀း၀၀ | ဂီဂျွန် | - အိုဆာဆူနာ |
| နံနက် ၂း၁၅ | ဗလင်စီယာ | - မာလာဂါ |
| **တနင်္လာနေ့ (၅-၁၂-၁၆)** | | |
| နံနက် ၂း၁၅ | ဒီပို့တီဗို | - ဆိုစီဒက် |

### ပရီမီယာလိဂ်ပွဲစဉ် (၁၄)

| စနေနေ့ (၃-၁၂-၁၆) | | |
|---|---|---|
| ည ၇း၀၀ | မန်စီးတီး | - ချယ်လ်ဆီး |
| ည ၉း၃၀ | ခရစ္စတဲလ်ပဲလေ့စ် | - ဆောက်သမ်တန် |
| ည ၉း၃၀ | စတုတ် | - ဘန်လေ |
| ည ၉း၃၀ | ဆန်းဒါးလန်း | - လက်စတာ |
| ည ၉း၃၀ | စပါး | - ဆွမ်ဆီး |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - ဝက်ဖို့ဒ် |
| နံနက် ၀၀း၀၀ | ဝက်စ်ဟမ်း | - အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၄-၁၂-၁၆)** | | |
| ည ၈း၀၀ | ဘုန်းမောက် | - လီဗာပူး |
| ည ၁၀း၃၀ | အဲဗာတန် | - မန်ယူ |

# မန်စီးတီးနဲ့ချယ်လ်ဆီး ဆုံတွေ့မှုကို အသုံးချမယ့် လီဗာပူး

ပရီမီယာလိဂ်ပွဲစဉ် (၁၃)မှာတော့ မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးတို့အားလုံး နိုင်ပွဲတွေရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် အမှတ်ပေးဇယား ထိပ်ပိုင်းမှာ အားပြိုင်မှုဆက်လက်ပြင်းထန်နေဆဲဖြစ်သလို လာမယ့် ဒီဇင်ဘာ ၃ ရက်၊ ၄ ရက်၊ ၆ ရက်မှာ ကျင်းပမယ့် ပွဲစဉ် (၁၄) မှာလည်း မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ ဆုံတွေ့တဲ့ ပွဲပါဝင်နေပါတယ်။ ဒါကြောင့်လည်း အဆိုပါပွဲမှာ အမှတ်ပေးဇယား ဦးဆောင်သူ အပြောင်းအလဲဖြစ်နိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေသလို ပွဲစဉ် (၁၃)မှာ နိုင်ပွဲမရခဲ့တဲ့ စပါး၊ လက်စတာတို့လည်းနိုင်ပွဲ ပြန်ရနိုင်မလားဆိုတာစောင့်ကြည့်ရဖို့ရှိပါတယ်။

## စပါး vs ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စပါး | ၂ | ၁ | ဆွမ်ဆီး |

စပါးက ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ အဆိုပါ ချန်ပီယံလိဂ်မှာ စပါးဟာအုပ်စုတက်နိုင်ဖို့ မဖြစ်နိုင်တော့ပေမယ့် ယူရိုပါလိဂ်ကစားရဖို့နိုင်ပွဲ လိုအပ်နေပါသေးတယ်။ ဒါကြောင့် စပါးအနေဖြင့်လည်း ချန်ပီယံလိဂ်ကိုအား စိုက်ဖို့ရှိနေတာကြောင့် ဒီပွဲမှာခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါ့အပြင် ဆွမ်ဆီးကလည်း အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာခြေ ကုန်ထုတ်လာမှာဖြစ်တဲ့အတွက် စပါး အခက်တွေ့နိုင်ကာကပ်ပြီးသာနိုင်မယ်။

## ဘုန်းမောက် vs လီဗာပူး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဘုန်းမောက် | ၁ | ၂ | လီဗာပူး |

လီဗာပူးက မန်စီးတီးနဲ့ချယ်လ်ဆီးတို့ဆုံတွေ့နေချိန်မှာ နိုင်ပွဲ ရယူထားနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ လီဗာပူး ရဲ့လက်ရှိခြေက လည်းကောင်းမွန်နေကာ ဒီပွဲအပြီးမှာလည်း ကြားပွဲကစားရဖို့မရှိတာကြောင့် ခြေကုန်ထုတ်လာနိုင်ပါ တယ်။ လိဂ်ဖလားမှာလည်း လိဒ်စ်နဲ့သာ ရင်ဆိုင်ရမှာဖြစ် လို့ ထင်သလောက်ပွဲပန်း မှုမရှိနိုင်ပါဘူး။ ဒါကြောင့်လည်း ဘုန်းမောက်တို့အိမ်ကွင်း ခံကစားအားကောင်းမွန်တတ် ပေမယ့် လီဗာပူးပဲအနိုင်ရမယ်။

## မန်စီးတီး vs ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်စီးတီး | ၃ | ၀ | ချယ်လ်ဆီး |

ပွဲစဉ် ၁၃ မှာ နှစ်သင်းစလုံး အနိုင်ရခဲ့တာကြောင့် အမှတ် ကွာဟမှုကလည်း ကျဉ်းမြောင်းနေတုန်းပဲ။ မန်စီးတီးက ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့် အဆိုပါ ချန်ပီယံလိဂ်က အရေးမပါတော့ဘူး။ အုပ်စုပထမနေရာမနိုင်တော့သလို အုပ်စုကလည်းတက်နေပြီ။ ဒါကြောင့် ဒီပွဲမှာအနိုင်ရဖို့ အားစိုက်လာမှာသေချာနေတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာ ရှိနေတာကြောင့် မန်စီးတီး သရေလောက်ပဲကစားနိုင်မယ်။

## ဆန်းဒါးလန်း vs လက်စတာ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆန်းဒါးလန် | ၀ | ၂ | လက်စတာ |

ချန်ပီယံလိဂ်မှာ ရှုံးထွက်အဆင့်ကို တက်နိုင်ခဲ့ပြီဖြစ်သလို အုပ်စုပထမနေရာလည်း ရယူနိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ကို ပြန်လည်အားစိုက်လာမှာ သေချာနေပါတယ်။ ဆန်းဒါးလန်းကတော့ အိမ်ကွင်းအားနဲ့ တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရ အားနည်းမှု တွေရှိနေတာကိုတွေ့ရပါတယ်။ ဒါ ကြောင့်လည်း လက်စတာ တို့ အခွင့်အရေးရနိုင်ပါတယ်။ အမှတ်လိုနေတဲ့ လက်စတာတို့ အားစိုက်မှာဖြစ်သလို နိုင်ပွဲလည်းရသွားနိုင်တယ်။

## ဝက်စ်ဘရွန်း vs ဝက်ဖို့ဒ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၁ | ဝက်ဖို့ဒ် |

ဟားလ်နဲ့ပွဲမှာ သရေသာကစားနိုင်ခဲ့တာ မှန်ပေမယ့်လည်း ဝက်စ်ဘရွန်းရဲ့ရှန်းအားက ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင် ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက်ရှုံးပွဲ မရှိခဲ့ပါဘူး။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူ နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းပွဲတွေမှာ ရှန်းအားကောင်းမွန်မှုရှိပေမယ့်လည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းပဲ ကပ်နိုင်ဖို့ရှိပါတယ်။

## အဲဗာတန် vs မန်ယူ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အဲဗာတန် | ၀ | ၃ | မန်ယူ |

မန်ယူအနေနဲ့ ဒီပွဲမတိုင်ခင်မှာဝက်စ်ဟမ်းနဲ့ လိဂ်ဖလားပွဲ ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါအပြင် ဒီပွဲ အပြီးမှာလည်းယူ ရိုပါလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါကြောင့် လည်းလက်ရှိအချိန်မှာ မန်ယူရဲ့ခြေစွမ်းပိုင်းက ပြန်လည် ကောင်းမွန်နေပေမယ့် ဒီပွဲမှာတော့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါ့အပြင် အဲဗာတန်ကလည်းအမှတ် လိုနေတာကြောင့် ခြေကုန်ထုတ်လာမှာဖြစ်သလို အိမ်ကွင်း လည်း ဖြစ်လို့မန်ယူနိုင်ရင်တောင်ဂိုးမပြတ်ဘူး။

## ပဲလေ့စ် vs ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ပဲလေ့စ် | ၁ | ၀ | ဆောက်သမ်တန် |

ယူရိုပါလိဂ်ကစားရဖို့ရှိပြီး အဆိုပါယူရိုပါလိဂ်ကလည်း အရေးပါတာကြောင့် ဆောက်သမ်တန် ခြေကုန်ထုတ်နိုင်ဖို့ ခက်မယ်။ ကြားရက်မှာ အာဆင်နယ်နဲ့ လိဂ်ဖလားပွဲကစား ခဲ့ရလို့လည်း ပွဲပန်းလာနိုင်တယ်။ ပဲလေ့စ်ကတော့ ခံစစ်ပိုင်း အားနည်းမှုတွေရှိနေပေမယ့် အသင်းလိုက်ကစားပုံကောင်း မွန်မှုရှိတယ်။ အိမ်ကွင်းဖြစ်သလို ရှုံးပွဲတွေလည်း ဆက်တိုက် ဖြစ်နေလို့ အားစိုက်လာမှာသေချာတယ်။ ဆောက်သမ်တန် အမြင့် ဆုံးသရေလောက်ပဲရမယ်။

## စတုတ် vs ဘန်လေ

| | |
|---|---|
| ယမန်နှစ် | တွေ့ဆုံမှုမရှိ |

မန်စီးတီးကို ရှုံးနိမ့်ခဲ့ရတာမှန်ပေမယ့် အဆိုပါပွဲမှာ ဘန်လေ ရဲ့ခံကစားအားက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် လည်း ဘန်လေဟာ အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်း က အားနည်းမှုအချို့ရှိပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အဝေး ကွင်းပွဲမှာ ဝက်စ်ဘရွန်းကိုဂိုးပြတ်ရှုံးနိမ့် ခဲ့ရသလို အဝေးကွင်း နောက်ဆုံး ငါးပွဲမှာလည်း တိုက်စစ်က တစ်ဂိုးသာ သွင်းယူ နိုင်ခဲ့ပါတယ်။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် စတုတ်သာ ကပ်နိုင်ခြေရှိတယ်။

## ဝက်စ်ဟမ်း vs အာဆင်နယ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဟမ်း | ၃ | ၃ | အာဆင်နယ် |

အာဆင်နယ်က ကြားရက်မှာလိဂ်ဖလား ပွဲကစားခဲ့ရတာ ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို ချန်ပီယံလိဂ်လည်းက စားရဖို့ရှိနေတယ်။ ချန်ပီယံလိဂ်မှာ အာဆင်နယ်တို့ နောက် တစ်ဆင့်တက်နိုင်နေပေမယ့် အုပ်စုပထမရဖို့မျှော်လင့်ချက် နဲ့လည်း အားစိုက်ရမှာဖြစ်လို့ ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ လိဂ်ဖလားကစားရ မှာဖြစ်ပေမယ့်ဒီပွဲ အပြီးကြားပွဲမရှိလို့ခြေကုန်ထုတ်လာမှာ ပါ။ အာဆင်နယ်ကပ်ပြီးသာနိုင်မယ်။

## မစ်ဒယ်ဘရော့ vs ဟားလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မစ်ဒယ်ဘရော့ | ၁ | ၀ | ဟားလ် |

လက်စတာကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာ မစ်ဒယ်ဘရော့ရဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိခဲ့ပါတယ်။ အထူးသဖြင့်အသင်း လိုက် ခြေစွမ်းပိုင်းက တည်ငြိမ်မှုအပြည့်ရှိခဲ့ပါတယ်။ ဒါ့အပြင် ဒီပွဲကအိမ်ကွင်းလည်းဖြစ်တာကြောင့် မစ်ဒယ်ဘရော့တို့ ပိုမိုအားစိုက်လာဖို့ရှိနေပါတယ်။ အိမ်ကွင်းမှာတောင် ဝက်စ် ဘရွန်းကို သရေသာကစားနိုင်ခဲ့တဲ့ ဟားလ်ခြေကတော့ အားနည်းမှုတွေ များနေတာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာမစ်ဒယ်ဘရော့နိုင်ပွဲရသွားမှာပါ။



## ဆီမြွန်နီသည် Best FIFA Men's Coach ဆုနှင့် ထိုက်တန်သူဟု ဒဲလ်ဘော့စကေး မှတ်ချက်ပြု

အက်သလက်တီကိုအသင်းနည်းပြ ဒီယေဂိုဆီမြွန်နီသည် ၂၀၁၆ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံးအမျိုးသားနည်းပြဆု (Best FIFA Men's Coach)နှင့် ထိုက်တန်သူဖြစ်ကြောင်း စပိန်လက်ရွေးစင်အသင်းနည်းပြဟောင်း ဗင်ဆင့်ဒဲလ်ဘော့စကေးက မှတ်ချက်ပြုပြောဆိုလိုက်သည်။

အာဂျင်တီးနားလူမျိုးနည်းပြ ဆီမြွန်နီ (၄၆နှစ်) သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အက်သလက်တီကိုအသင်းအား ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲ အဆင့်အထိ တက်ရောက်နိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သကဲ့သို့ စပိန်လီဂါပြိုင်ပွဲတွင်လည်း တတိယနေရာရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်က ထုတ်ပြန်ခဲ့သော ဖီဖာတစ်နှစ်တာ အကောင်းဆုံး အမျိုးသားနည်းပြဆု အတွက် ဆန်ခါတင် ၁၀ ဦးစာရင်းတွင် ဆီမြွန်နီသည် ခရစ္စကိုးလ်မန်း၊ ဒက်ချမ့်၊ ဂွာဒီယိုလာ၊ ဂျာဂျင်ကလော့၊ အန်နရီကေး၊ ပိုချက်တီနို၊ ရေနာရီ၊ ဖာနန် ဒိုဆန်းတို့စ်၊ ဇီဒန်းတို့နှင့်အတူ ပါဝင်နေသူဖြစ်သည်။ ပြီးခဲ့သည့် ဇွန်လအတွင်းတွင် နည်းပြလောကမှ အနားယူသွားခဲ့သူ ဒဲလ် ဘော့စကေး (၆၅နှစ်)က "ဖီဖာတစ်နှစ် တာအကောင်းဆုံး အမျိုးသားနည်းပြဆုအတွက် ဆန်ခါတင် ၁၀ ဦးစာရင်း မှာ ပါဝင်တဲ့ နည်းပြတွေအနက်က စပိန်လူမျိုးနည်းပြတွေကို ဒီဆုရစေချင်တယ်။ ဒါပေမယ့် ဒီယေဂို ဆီမြွန်နီကို လည်း ဒီဆုရစေချင်ပါတယ်။ ဆီမြွန်နီဟာ အက်သလက်တီကိုအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သူပါ။ ကျွန်တော် ဒီလို ပြောဆိုတာဟာ အခြားဆန်ခါတင်စာရင်းဝင် နည်းပြတွေအပေါ် စော်ကားတာတော့ မဟုတ် ပါဘူး"ဟု ပြောဆိုခဲ့သည်။ နည်းပြ ဒဲလ်ဘော့စကေးသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး နည်းပြဆု (FIFA World Coach of the Year) အမည်ဖြင့် ပေးအပ်ခဲ့စဉ်က ၂၀၁၂ ခုနှစ်အတွက် အဆိုပါ ဆုကို ရရှိခဲ့သူဖြစ်ပြီး ဆုစတင်ပေးအပ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံး အမျိုးသားနည်းပြဆုအပါအဝင် ဆုအမျိုးအစားပေါင်း ရှစ်မျိုးပေးအပ်သွားမည့် ဆုပေးပွဲ အခမ်းအနားကို လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ကျင်းပပြုလုပ် သွားမည် ဖြစ်သည်။ ● ထက်အောင်




## ဥရောပပွဲများ မကစားရခြင်းက အမှတ်ပေးချန်ပီယံဖြစ်စေရန် အားသာချက်ဖြစ်စေကြောင်း ဟာဇက် ပြောဆို

၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၏ ဥရောပပြိုင်ပွဲ ကစားရမှုမရှိခြင်းသည် ပရီမီယာလိဂ် ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်မှုတွင် များစွာ အခွင့်အရေးသာစေကြောင်း ချယ်လ်ဆီး တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အဆင့် ၁၀ နေရာ၌သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ရာသီတွင် ဥရောပပြိုင်ပွဲဝင်ခွင့်ဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း လက်ရှိပရီမီယာလိဂ်ရာသီတွင် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးပွဲ ၁၃ ပွဲ ကစားပြီးချိန်၌ ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိထားသည့်အသင်း ဖြစ်သည်။ ချယ်လ်ဆီးအသင်း မန်နေဂျာ ကွန်တီကလည်း ဥရောပပွဲကစားရခြင်းကြောင့် ကစားသမားများ၏ စွမ်းရည်ကို မြှင့်တင်ရန် ပိုမိုအချိန်ရရှိကြောင်း မကြာသေးမီက ဖွင့်ဟပြောဆိုခဲ့သည်။

"ဥရောပပွဲတွေ မကစားရတာက ချယ်လ်ဆီးအတွက် ကောင်းမွန်တဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပရီမီယာလိဂ်ပွဲတစ်ပွဲကစားဖို့ ပြင်ဆင်ချိန် သီတင်းပတ်တစ်ပတ်ရတယ်။ ပြီးခဲ့တဲ့ ရာသီတုန်းက ချယ်လ်ဆီးအသင်းဟာ အသင်းကို ပြန်လည်ပြင်ဆင်မှုတွေ ပြုလုပ်နေရလို့ပွဲကစားဖို့ အဆင်သင့် မဖြစ်ခဲ့ဘူး။ ဒီရာသီမှာတော့ အဲဒီလို ပြဿနာမျိုးမရှိဘူး။ ပြိုင်ဘက်အသင်းအပေါ် အာရုံစိုက်ဖို့ ကျွန်တော်တို့မှာ သီတင်းပတ်တစ်ပတ်လုံး အချိန်ရှိနေတယ်" ဟု ဟာဇက်က ပြောဆိုခဲ့သည်။ ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရေးအတွက် ချယ်လ်ဆီး၏ အဓိကပြိုင်ဘက်အသင်းနှစ်သင်းမှာ လီဗာပူးနှင့် မန်စီးတီးအသင်းတို့သာဖြစ်ကြောင်း ဘယ်လ်ဂျီယံကစားသမား ဟာဇက်က မှတ်ချက်ပြုပြောဆိုခဲ့သည်။ လီဗာပူးအသင်းသည်လည်း ချယ်လ်ဆီးကဲ့သို့ပင် ယခုနှစ်ရာသီ၌ ဥရောပပွဲ ကစားရခြင်းမရှိသေးဘဲ ပရီမီယာလိဂ်အမှတ်ပေးဇယား၌ အဆင့် (၂)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ချယ်လ်ဆီးထက် ရမှတ် တစ်မှတ်သာ လျော့နည်းနေသည့်အသင်းဖြစ်သည်။ ပရီမီယာလိဂ်အမှတ်ပေးချန်ပီယံဆုဖလားအား ၂၀၁၄-၂၀၁၅ ခုနှစ်ရာသီတွင် နောက်ဆုံးရရှိထားသည့် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁၄)အဖြစ် ဒီဇင်ဘာ ၃ ရက်တွင် မန်စီးတီးအသင်း၏ အိမ်ကွင်း၌သွားရောက်ကစားရမည် ဖြစ်သည်။

● ထက်အောင်

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၅ )

# ဥပဒေဝေါဟာရများ



ဦးဟန်ညွန့်(ဥပဒေ)

**ဥပဒေဝေါဟာရအဘိဓာန်**

ရှေ့နေချုပ်ရုံးက ထုတ်ဝေသော ဥပဒေဝေါဟာရအဘိဓာန်စာအုပ်ကို နေ့စဉ်ပြန်လှန်နေရသည်။ သိသလိုလိုရှိသော်ငြားမမှားဖို့ သတိထားရသည်။ ပြန်မကြည့်ဘဲ စိတ်ထဲဇဝေဇဝါဖြစ်လျှင် မှားနိုင်သည်။ လူငယ်ရှေ့နေအချို့အား"ဘယ်လိုမှမမှားစေနှင့်" ဟု သတိပေးရသည်။ လူငယ်တွေသာမက လူကြီးတွေပါ(စာရေးသူအပါအဝင်) အမှားမကင်းကြပါ။ ထို့ကြောင့် ဘာကိုပဲရည်ညွှန်းကိုးကားပါစေ၊ စာအုပ်တွေကိုတော့ လက်မလွှတ်သင့်ဟု ယုံကြည်သည်။ **"စာအုပ်ကြီးသမား"** ဟု အပြောခံရကာ ရှက်စရာမရှိ၊ မှားပြီးတင်ပြမိခြင်းသာ ရှက်စရာ...။

**ရှေ့နေချုပ်ရုံး**

ရှေ့နေချုပ်ရုံးက ၁၉၉၀ ပြည့်နှစ်တွင် ပထမအကြိမ်ထုတ်ဝေခဲ့သော အင်္ဂလိပ်မြန်မာဥပဒေဝေါဟာရအဘိဓာန်။

- ၁၉၉၁ (ဒုတိယအကြိမ်)
- ၂၀၀၂ (တတိယအကြိမ်)
- ၂၀၀၅ (စတုတ္ထအကြိမ်)
- ၂၀၀၇ (ပဉ္စမအကြိမ်)စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ်၊ တိုး၍တိုး၍ ပုံနှိပ်ခဲ့သည်။ စာရေးသူတာဝန်ရှိသောကာလမှာလည်း ပြင်ဆင်စရာရှိတာပြင်ဆင်၊ ဖြည့်စွက်စရာရှိတာ ဖြည့်စွက်၊ ဘယ်လိုပဲလုပ်လုပ် ပြီးပြည့်စုံသည်ဟုတော့မထင်၊ တာဝန်အဆင့်ဆင့်ယူသူများ တိုးတက်ပွားများအောင် စွမ်းဆောင်ကြပေလိမ့်မည်။ လူငယ်များ ဆက်လုပ်ကြပေရော့....။

**MoU**

Memorandum of Understanding (MoU) ကို နားလည်မှုစာချွန်လွှာ၊ နားလည်မှုမှတ်တမ်းဟု ရှေ့နေချုပ်ရုံးက ဝေါဟာရအဘိဓာန်တွင် ဖော်ပြဘာသာပြန်ခဲ့သည်။

ဥပဒေပညာရှင်ဆရာကြီး ဦးကျော်အေးကတော့ **"နားလည်မှုစာချွန်လွှာ"** ဟူ၍ ဘာသာပြန်ခြင်းကို သဘောမတူ။ **မှတ်တမ်း**ဟူ၍သာ ပြန်ဆိုသင့်ကြောင်း အကြံပြုဖူးသည်။ **ချွန်** စကားလုံးလိုအပ်ခြင်းမရှိဟု ထောက်ပြဖူးသည်။ အခြားအခြားသော ဝေါဟာရစကားလုံးများလည်း သင့်တင့်အောင်၊ ခေတ်မီအောင်၊ မမှားအောင်၊ အများနားလည်အောင်၊ ဝေါဟာရပီသအောင် ဆက်၍ဆက်၍ ကြိုးပမ်းကြရဦးမည်။ ပျက်အစဉ်၊ ပြင်ခဏပါ။

**အဘိဓာန်အချို့**

အင်္ဂလိပ်မြန်မာဥပဒေဝေါဟာရ အဘိဓာန်အချို့ကို ပြန်လည်ဖတ်ရှုမိသည်။ လက်လှမ်းမီသမျှ ဖြစ်ပါသည်-

- **ဦးအောင်သန်းထွန်း** B.A (Hons), M.A.,B.L; (Advocate & Notary Public) ပြုစုရေးသားသော **"အင်္ဂလိပ်မြန်မာဥပဒေဝေါဟာရအဘိဓာန်"** LAW LEXICON သည် ထင်ရှားသောအဘိဓာန်တစ်အုပ်ဖြစ်သည်။ နာမည်ကျော် ဥပဒေအဘိဓာန်ပညာရှင်ကြီးဝှာတန် (WHARTON'S LAW LEXICON) ၏ နည်းစနစ်ကိုယူပြီး ပြုစုထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံထုတ် ရာမနာသာအိုင်ယား၏ ဗြိတိသျှအိန္ဒိယ ဥပဒေအဘိဓာန် (RAMANA THA IYER'S LAW LEXICON OF BRITISH၊ INDIA) ကိုလည်း မှီငြမ်းပြုစုသည်။ ကျမ်းများ၊ အက်ဥပဒေများ၊ ကိုဓဥပဒေများ၊ လက်စွဲများ၊ စီရင်ထုံးများကိုလည်း ကိုးကားဖော်ပြထားသည်။
- **ဦးဗကြိုင်** (B.A.,B.L) ပြုစုသော **"ဥပဒေအဘိဓာန်"** (Legal Dictionary) သည်လည်း လူငယ်ရှေ့နေများ ဖတ်ရှုကိုးကားသင့်ပါသည်။ အဆိုပါစာအုပ်ကို

၁။ Wharton's Law Lexicon; by A-S.oppe
၂။ A Concise Law Dictionary by OSBORN
၃။ Oxford Dictionary of Law by A-Martin
၄။ Legal Dictionary by Hari Mohan Sinha
၅။ Manual of Law Terms and Phrases by Mr.K.Jagadisa Aiyer

တို့ကို အခြေခံရည်ညွှန်း၍ ဦးဗကြိုင်က ပြည့်စုံစွာကြိုးပမ်းအားထုတ်ပြုစုထားခြင်းဖြစ်ပါသည်။

**အင်္ဂလိပ်ဘာသာ**

အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော အောက်ပါအဘိဓာန်များမှာလည်း လူငယ်တို့ ကိုးကားသုံးစွဲအပ်ပါသည်-

၁။ A Dictionary of LAW Edited by ELIZABETH A.MARTIN
၂။ Dictionary of LAW by L.B.CURZON, Barrister

**ဘာသာပြန်**

အဘိဓာန်မဟုတ်သော်ငြား ဥပဒေလေ့လာရေးအတွက် အထောက်အကူပြုသော ဘာသာပြန်စာအုပ်တစ်အုပ်ကို ရည်ညွှန်းပါရစေ။ **လူထုအခြေခံဥပဒေအထောက်အကူပြုများ လက်တွေ့လမ်းညွှန်**[community-Based Para Legals;A Practitioner's Guide]စာအုပ် ဖြစ်ပါသည်။ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း ပန်းဝေဝေစာပေတိုက်က ၂၀၁၃ ဒီဇင်ဘာလတွင်ထုတ်ဝေသည်။ **တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်က** "မိမိတို့နိုင်ငံတွင် ၂၀၀၇ ခုနှစ်နောက်ပိုင်း Para Legals ဆိုသောစကားလုံးကို ခပ်ကျဲကျဲကြားနေရရာမှ ယခုအခါ ခပ်စိတ်စိတ် ကြားလာရသည်။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် Law Firm များက မိမိတို့နိုင်သလောက် Para Legals သင်တန်းများပေးလာကြသည်ကိုတွေ့ရ၍ အားရစရာပင်ဖြစ်၏။ သို့ရာတွင် စနစ်တကျပုံစံမျိုးတော့ မဟုတ်ဟု ထင်မိသည်။ ထို့ကြောင့် ယင်းကွက်လပ်ကို ဤဘာသာပြန်စာအုပ်က ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်"ဟု အမှာစကားရေးသားထားသည်ကို ဖတ်ရသည်။ ဥပဒေအထောက်အကူပြုမည့်လက်တွေ့သမားများ လေ့လာဖတ်ရှုစေချင်သည်။

**ဥပဒေပညာရှင်ဆရာကြီး ဦးကျော်အေးကတော့ "နားလည်မှု စာချွန်လွှာ"ဟူ၍ ဘာသာပြန်ခြင်းကို သဘောမတူ။ မှတ်တမ်းဟူ၍သာ ပြန်ဆိုသင့်ကြောင်း အကြံပြုဖူးသည်။ ချွန် စကားလုံး လိုအပ်ခြင်းမရှိဟု ထောက်ပြဖူးသည်။ အခြားအခြားသော ဝေါဟာရစကားလုံးများလည်း သင့်တင့်အောင်၊ ခေတ်မီအောင်၊ မမှားအောင်၊ အများနားလည်အောင်၊ ဝေါဟာရပီသအောင် ဆက်၍ဆက်၍ ကြိုးပမ်းကြရဦးမည်**

**ဦးသန်းထိုက်၏အဘိဓာန်သစ်**

**"ဦးသန်းထိုက်"**၏ **"မြန်မာဥပဒေဝေါဟာရ အဘိဓာန်သစ်"**[New Dictionary of Legal Terms in Myanmar] စာအုပ်ဖတ်ရသေးသည်။ ရန်ကင်းမြို့နယ် ရွှေ့ရုပ်စာပေမှ ထုတ်ဝေသည်။ ၂၇-၁၀-၂၀၁၆ ရက်စွဲဖြင့် ပထမအကြိမ်ထုတ်ဝေခြင်းဖြစ်သည်။

"ဤစာအုပ်သည် အဘိဓာန်စာအုပ်ဖြစ်သည်။ ဥပဒေဝေါဟာရများကို ဗြိတိသျှကိုလိုနီခေတ်မှ ယခုပြုစုပြီးချိန် (၁၆၊ ၉၊ ၁၆ အထိ) မြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့များက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့်ဥပဒေများရှိ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို စနစ်တကျ၊ စုဆောင်း၊ ရွေးချယ်၊ စုစည်း၊ စီစဉ်ထားသော ပုံနှိပ်ဥပဒေအဘိဓာန် (Printed Law dictionary) ဖြစ်ကြောင်း-"

"ဤအဘိဓာန်သည် ခေတ်အဆက်ဆက်ပြဋ္ဌာန်းထုတ်ပြန်ခဲ့သော တည်ဆဲဥပဒေပေါင်းများစွာအနက် စာဖတ်သူနှင့် ဥပဒေလေ့လာလိုသူများအနေဖြင့် မဖြစ်မနေသိရှိသင့်၊ သိရှိထိုက်သော တရားဝင်အဓိပ္ပာယ်ဖော်ပြချက်များအား တတ်နိုင်သရွေ့ရွေးထုတ်ကာ ပြုစုထားပါကြောင်း" -ဦးသန်းထိုက်(ပြုစုသူ)ကနိဒါန်းရေးထားသည်။ ပြုစုသူ၏စေတနာပေါ်လွင်ပါသည်။

**ဖော်ပြပုံ**

ဥပဒေဝေါဟာရများနှင့် စပ်လျဉ်း၍ - ဦးသန်းထိုက်က-တည်ပုဒ်များ(headwords)၊ ဗဟုဝုစ်တည်ပုဒ်များ (plural headwords)၊စာလုံးစုံတည်ပုဒ်များ(Multi headwords)၊ နိုင်ငံခြားစာလုံးများ(foreign words)၊ သံတူကြောင်းကွဲနံပါတ်(harmonym number)၊ ဝါစင်္ဂ(parts of speech)၊ စကားလုံး၊ စကားစု၊ စကားရပ်များ၏ အဓိပ္ပာယ်ဖော်ပြချက် (definition of words,Phrases and terms)၊ စာလုံးပေါင်းနှင့်မူကွဲစာလုံးပေါင်း(spelling & variant spelling)၊ မူလဝေါဟာရ(original word)၊ ဘာသာပြန်(translation)၊ စကားရင်းမြစ်(etymology)၊ အတိုကောက်များ (Abbreviations)၊ ရှင်းလင်းချက်များ(explanations)၊ ဥပမာ (Illustration)၊ကင်းလွတ်ချက်(exception)၊ ကိုကြည့် အညွှန်းနှင့်ကိုလည်းကြည့် အညွှန်း (see reference & see also reference)၊ ဥပဒေအမည် (title of Law)၊ ပုဒ်မ ပုဒ်မခွဲများ(sections and subsections)၊ အခြားဆက်စပ်သောဥပဒေများ(other related Laws) ဟု ဖော်ပြပုံတင်ပြပါသည်။ အကျယ်ဆက်လက်လေ့လာနိုင်ပါသည်။ အခြားအခြားသော ဥပဒေကျမ်းများလည်းရှိသေးသည်။

**တင်ပြချက်**

(၁) ဥပဒေလောကမှာ သိစရာ၊ တတ်စရာ ဥပဒေဝေါဟာရများ များပြားလှပါသည်။
(၂) မျိုးဆက်သစ်လူငယ်များ လေ့လာစေချင်သည့် ကျွန်တော်၏ဥပဒေအတွေးမျှသာပါ-----။

## သံတောင်ကြီးဒေသရှိ စာသင်ကျောင်းများတွင် ကျောင်းဆောင်သစ်များတည်ဆောက်ပေး

**ဘားအံ ဒီဇင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနေဖြင့် ကျောင်းသားဦးရေများလာခြင်းနှင့် ကြာမြင့်ပြီးဖြစ်သော ကျောင်းအဆောက်အအုံများရှိသည့် မြို့ပေါ်နှင့်ကျေးရွာများရှိ ကျောင်းများကို ပညာရေးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များ တည်ဆောက်နေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သံတောင်ကြီးမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်၊ စီပင်ကလေး (မိုင်၂၀) ကျေးရွာ အလကခွဲကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ်၊ စီပင်ကြီးကျေးရွာ အလကကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ်၊ သပြေညွန့်ကျေးရွာ အထက ကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ်နှင့် လိပ်သိုမြို့ အလယ်ချောင်းကျေးရွာ အလကခွဲကျောင်းတွင် တစ်ထပ်ကျောင်းဆောင်သစ်၊ ရွာကြီးကျေးရွာ အမကကျောင်းနှင့် ပျားစခန်းကျေးရွာ အမကကျောင်းတို့တွင် တစ်ထပ်ကျောင်းဆောင်သစ်များ တည်ဆောက်ပေးလျက်ရှိသည်။

အဆိုပါကျောင်းဆောင်သစ်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာရေးဆိုင်ရာ အခြေအနေများအတွက် ကျောင်းရှိဆရာ ဆရာမများနှင့်တွေ့ဆုံကာ ပညာရေးကဏ္ဍများတွင် အသုံးပြုနိုင်ရန် အလှူငွေနှင့် ကရင်ပြည်နယ်နေ့ထုတ် မဂ္ဂဇင်းနှင့် ပြက္ခဒိန်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်နှင့်ဝန်ထမ်းများ နိုဝင်ဘာလစတုတ္ထပတ်က ပဲခူးမြို့ အထက(၇)ရှိ ကျောင်းသား ကျောင်းသူ ၃၆၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေစဉ် သန့်ဇင်(ပဲခူး)




## တာမွေမြို့နယ်တွင် အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များလှည့်လည်သိမ်းယူပေး

**ရန်ကုန် ဒီဇင်ဘာ ၁**

တာမွေမြို့နယ်အတွင်း ပြည်သူများ အမှိုက်ပစ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်စည်ပင်ဌာနမှ နိုဝင်ဘာ ၂၇ ရက်နေ့မှစ၍ အမှိုက်သိမ်းယာဉ်ဖြင့်လှည့်လည်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ပုသိမ်ညွန့်ရပ်ကွက်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းရှိရပ်ကွက်များသို့ အဆိုပါအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရပ်ကွက်အတွင်း အမှိုက်သိမ်းယာဉ်လာလျှင် စည်ပင်ဌာနမှ နှိုးဆော်၍ ပစ်လိုသည့် အမှိုက်များကို ကားပေါ်သို့ လာရောက်ပို့ဆောင်ရန်ဖြစ်သည်။ တစ်နေ့လျှင် တစ်ကြိမ်လှည့်လည်၍ အမှိုက်များသိမ်းဆည်းပေးမည် ဖြစ်ကြောင်း သိရှိရသည်။ ရပ်ကွက်နေပြည်သူတစ်ဦးက ယခုကဲ့သို့ အမှိုက်သိမ်းစနစ်များပြုလုပ်ပေးခြင်းဖြင့် နေအိမ်များမှာလည်း သန့်ရှင်းခြင်း၊ စည်းကမ်းမဲ့အမှိုက်ပစ်သူများလည်း လျော့နည်းသွားခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းတို့လည်း ဖြစ်စေကြောင်း ပြောကြားသည်။ **လှလှ**

# လက်ရှိမိုးစပါးစိုက်ဧက ၈၈၅ ဧကထဲတွင် ပင်လယ်ရေငန်ဝင်မှုကြောင့်လယ်ယာလုပ်ငန်းမလုပ်ကိုင်နိုင်


ရေငန်ဝင်ရောက်၍ ပျက်စီးနေသောလယ်ယာမြေများကို တွေ့ရစဉ်

**ရေး ဒီဇင်ဘာ ၁**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာအုပ်စုရှိ စုံးမကျွန်းတွင် လက်ရှိမိုးစပါးစိုက်ဧက ၈၈၅ ဧကထဲတွင် ပင်လယ်ရေငန်ဝင်ရောက်ကာ လယ်ယာမြေဧက ၄၀၀ ကျော်မှာ လယ်ယာလုပ်ငန်းကိုမလုပ်နိုင်ကြ၍ လယ်သမားအများစုမှာ စားဝတ်နေရေး အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

"ဒေသခံလယ်သမားအများစုမှာ အဘော်ကျေးရွာကဖြစ်ပြီး လွန်ခဲ့တဲ့ ငါးနှစ်လောက်က တာတမံပျက်စီးလာရာကနေတစ်ဆင့် ပင်လယ်ရေငန်တွေဝင်ရောက်လာနေပါတယ်။ အခုလိုဝင်လာတဲ့အခါမှာ လယ်ယာလုပ်ငန်းကိုမလုပ်နိုင်တဲ့အတွက် စပါးတွေကို နှစ်စဉ်မရရှိကြဘဲဖြစ်နေပါတယ်။ လယ်သမားတွေအများစုဟာ ကိုယ့်လယ်ယာမြေမှာ လယ်ယာလုပ်ငန်းကို မလုပ်နိုင်ကြဘဲ တခြားအရပ်ဒေသ လယ်ယာတွေမှာ သွားရောက် လုပ်ကိုင်နေကြရပါတယ်။ ဒါကြောင့် ဆည်တမံကို ပြန်လည်ပြုပြင်ပေးနိုင်ဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေထံ တင်ပြတောင်းခံထားပါတယ်" ဟု လယ်ယာပိုင်ရှင် ဒေါ်ခင်ရှိန်က ပြောသည်။

အဆိုပါတာတမံ တည်ဆောက်နိုင်ရေးအတွက် ခန့်မှန်းငွေကျပ်သိန်းပေါင်း ၇၄၃၅ ကုန်ကျမည်ဖြစ်၍ လာမည့်ဘဏ္ဍာနှစ်တွင် ဆည်တမံတည်ဆောက်နိုင်ရေးကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ရန်ပုံငွေ ရရှိနိုင်ရန်အတွက်လည်း ဆက်လက် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အခမ်းအနားကျင်းပ



**မကွေး ဒီဇင်ဘာ ၁**

နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်ခဲ့သည့် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မကွေးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးတို့က အမှာစကားပြောကြားပြီး International Violence Against Woman (VAW)Day သမိုင်းကြောင်းနှင့် ရည်ရွယ်ချက်များ၊ အမျိုးသမီးအကြမ်းဖက်မှုအကြောင်း၊ အမျိုးသမီးများအကြမ်းဖက်မှုဆိုင်ရာ ဌာနဆောင်ရွက်ချက်များ၊ သက်ငယ်မုဒိမ်းမှုအကြောင်းနှင့် မြန်မာအမျိုးသမီးသမဂ္ဂမှ ထုတ်ပြန်သောကြေညာချက်များကို တာဝန်ရှိသူတို့က ဖတ်ကြားခြင်းများ ဆောင်ရွက်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ပြုလုပ်ခဲ့သော သုတေသန စာတမ်းအရ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပျမ်းမျှ ၁၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပျမ်းမျှ ၉ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၀၈ခုနှစ် CEDAW ကော်မတီ၏ ထုတ်ပြန်ချက်အရ ပဋိပက္ခအခြေအနေများ၌ ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ မုဒိမ်းမှု၊ အိမ်တွင်း အကြမ်းဖက်မှုများကို ကျယ်ပြန့်စွာတွေ့ရှိရပြီး အမျိုးသမီးများအနေဖြင့်တိုင်ကြားခြင်း၊ တရားမျှတမှုရယူရန် တရားရုံးသို့ သွားရောက်နိုင်ခြင်းမရှိခြင်းကြောင့် အချို့ကျူးလွန်သူများမှာ အရေးယူမခံရဘဲရှိနေသည်ကို တွေ့ရကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ဇေယျတု(မကွေး)**



# ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား အလှူငွေများပေးအပ်

**လားရှိုး ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ နိုဝင်ဘာ ၃၀ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ပေါ်တံတား မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တိုက်ပွဲဖြစ်စဉ်များအတွင်း ကျဆုံး၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များအား အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးအသင်းမှ အလှူငွေကျပ် ခြောက်သိန်းအား အသင်းဥက္ကဋ္ဌ ဗိုလ်မှူးတင်ယု(ငြိမ်း)က လည်းကောင်း၊ မြန်မာရတနာ ရွှေခေတ်ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုင်းဘိုဘိုက အလှူငွေကျပ် သုံးသိန်းအားလည်းကောင်း၊ လားရှိုးမြို့ ရွှေကုန်သည်ကြီးများအသင်းက အလှူငွေကျပ်သုံးသိန်းအားလည်းကောင်း၊ လားရှိုးမြို့ဆင်နှစ်ကောင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးက အလှူငွေကျပ် နှစ်သိန်းအားလည်းကောင်း၊ရှိုင်ရယ်ဟတ်သောက်ရေသန့်က ရေသန့် ခြောက်လုံးပါ ကတ် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက လက်ခံယူခဲ့သည်။

ထို့အတူ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌လည်း နိုဝင်ဘာ၃၀ ရက် နံနက်၁၀ နာရီက ရှေ့တန်းရောက်တပ်မတော်သားများ၊ ဒဏ်ရာရစစ်သည်များအတွက် အလှူငွေကျပ် ၂၅ သိန်းကို တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ကျေးရွာများတွင် ရွာဖွံ့ဖြိုးရေးစီမံချက် (VDP)ရေးဆွဲနိုင်ရန် သင်တန်းများဖွင့်လှစ်

**နောင်ချို ဒီဇင်ဘာ ၁**

နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (Village Development Plan)ရေးဆွဲနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် Plan တို့ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းသင်တန်းများအား အပတ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နဝမအကြိမ်တွင် တောင်ရှည်အုပ်စုမှ ကိုးရွာ၊ ရေတွင်းကြီးအုပ်စုမှ လေးရွာ၊ အင်းဖိုအုပ်စုမှ ရှစ်ရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသူ အကျိုးတော်ဆောင်တစ်ရွာလျှင် နှစ်ဦးစီနှင့် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသားလေးဦး စုစုပေါင်း သင်တန်းသား ၄၆ ဦးတို့အား နိုဝင်ဘာ ၂၉ ရက် နံနက်က နောင်ချိုမြို့နယ်တွင် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သောစီမံချက်များ ကဏ္ဍစုံအောင် ပါဝင်ရေးဆွဲခြင်းအားဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချဆောင်ရွက်နိုင်ပြီး ကျေးရွာများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## မှုခင်းသတင်းအတိုအထွာ

# ဘိန်းစာမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ် လဲချား-မိုင်းနောင်သွားကားလမ်း နောင်ကောင်တံတားအနီးတွင် နိုဝင်ဘာ ၂၇ ရက်က မနန်းဟောင်ခေးမောင်းနှင်ပြီး မပါအွမ်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု ဝါကုန်းကျေးရွာ အလောင်းဘုရားလမ်းနေ မမီးပု၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြားနှင့် ဘိန်းစာမှုန့် ၂၅ ထုပ် (အလေးချိန် ၁ ဒသမ ၇၅ ကီလို)တို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ မြိတ်မြို့ ဈေးတန်းရပ် ပုလဲသွယ်(၁)လမ်းနေ ဇော်မင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် နိုဝင်ဘာ ၂၈ ရက်က မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ ရပ်ကွက်(၁) ရေလယ်ကျွန်းနေ ဇော်လတ်၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ စိုးနိုင်ဦးအားတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၈၇၃ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

မုံရွာမြို့ ကန်သာယာအရှေ့ဘက်ခြမ်းတွင် နိုဝင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက အမျိုးသားတစ်ဦး ရေဆင်းချိုးရာရေနစ်ပျောက်ဆုံးလျက်ရှိကြောင်း မုံရွာမြို့မရဲစခန်းမှ သိရသည်။

မုံရွာမြို့ ကန်သာယာကန်အတွင်း နိုဝင်ဘာ ၂၈ ရက်က လူတစ်ဦးရေနစ်၍ ပျောက်ဆုံးနေကြောင်းသတင်းအရ မုံရွာမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေမြင့်၊ ရဲအုပ်ဘုန်းအောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ပျောက်ဆုံးသူမှာ မုံရွာမြို့ အောင်ချမ်းသာရပ်မှ အောင်ဌေးမင်း (၃၇နှစ်) ဖြစ်ပြီး ၎င်းသည် အရက်သေစာသောက်စားမူးယစ်ပြီး ကန်သာယာအရှေ့ဘက်ခြမ်း ကန်အတွင်းရေဆင်းချိုးရာမှ ရေနစ်ပျောက်ဆုံးသွားကြောင်း သိရသဖြင့် ရှာဖွေခဲ့ရာ အလောင်းအား နိုဝင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# တရားမဝင်ကျွန်းသစ်များဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဖီးလေးကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းသစ်လုံးများ၊ သစ်ခွဲသားများနှင့် တရားမဝင်သစ်စက်များ ဖမ်းမိကြောင်း သိရသည်။

နိုဝင်ဘာ ၂၇ ရက်က ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့်အဖွဲ့သည် ဝန်းသိုမြို့နယ် ဖီးလေးကြိုးဝိုင်း အကွက်အမှတ် (၁၃)တွင် ဝင်ရောက်ရှာဖွေရာ ကျွန်းသစ်ကိုးလုံး၊ ၂၂ ကောင်အင်ဂျင်တစ်လုံး၊ သစ်ဖြတ်ချိန်းစောတစ်လက်နှင့် ဖီးလေးကြိုးဝိုင်းအကွက် အမှတ်(၃၁)ကို ရှာဖွေရာ ကျွန်းသစ် ၂၅ လုံး၊ ကျွန်းခွဲသားအချောင်း ၁၅၀၊ ၂၂ ကောင်အင်ဂျင်တစ်လုံး၊ ချိန်းစောတစ်လက်၊ လှည်းနှစ်စီး၊ ကျွဲလေးကောင်နှင့်အတူ သစ်ပိုင်ရှင် ကောလင်းမြို့နယ် မုဒ်ဝကျေးရွာနေ ကျော်ထွန်းအောင်အား ဖမ်းမိခဲ့သည်။

ထို့အပြင် နိုဝင်ဘာ ၂၈ ရက်တွင် ၎င်းတို့အဖွဲ့သည် အကွက်အမှတ်(၁၄)အတွင်းမှ တရားမဝင်ကျွန်းသစ် ခုနစ်လုံး၊ ကျွန်းခွဲသား ၈၉ ချောင်း၊ ၂၅ ကောင်အင်ဂျင်တစ်လုံးတို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# မူးယစ်ဆေးဝါးရောင်းချသူမှ ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုခံ

မူးယစ်ဆေးဝါး သွားရောက်ဖမ်းဆီးစဉ် မူးယစ်ဆေးဝါးရောင်းချသူများမှ လာရောက်ဖမ်းဆီးသော ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ပြန်လည်ခုခံခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ရသောဖြစ်စဉ်တစ်ခု နိုဝင်ဘာ ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှသိရသည်။

မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ထိုင်း-မြန်မာနယ်စပ် ရေလယ်ကျွန်းပေါ်တွင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော်ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ရေလယ်ကျွန်းတွင် နေထိုင်သည့်ဇော်လတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဇော်လတ်နှင့်အတူ စိုးနိုင်ဦးအားတွေ့ရှိခဲ့ပြီး ဇော်လတ်သည် ဓားရှည်ကိုကောက်ကိုင်ကာ ဖမ်းဆီးရေးအဖွဲ့အား ရန်ပြုရန် အိမ်ရှေ့သို့ ပြေးထွက်လာသဖြင့် ရဲအုပ်မျိုးကျော်၊ ရဲတပ်ကြပ် မင်းသူ၊ ရဲတပ်ကြပ် မင်းထက်သူတို့က ခက်ခဲစွာဖမ်းဆီးခဲ့ရကြောင်း ဖမ်းဆီးရေးအဖွဲ့ထံမှ သိရသည်။

ဆက်လက်၍မူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့မှ ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာဇော်လတ်လွှင့်ပစ်လိုက်သည့်ကော်ဘူးအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား၊ နေအိမ်ကြမ်းပြင်ပေါ်ရှိ အိတ်အတွင်းမှ ပန်းရောင်ဆေးပြား ၁၈၅၀၊ အစိမ်းရောင်ဆေးပြား ၂၀ စုစုပေါင်း ၁၈၇၃ ပြား စုစုပေါင်းအလေးချိန် ၁၆၈ ဒသမ ၆ ဂရမ်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့နောက် ရေလယ်ကျွန်းတွင် နေထိုင်သော မစန်းစန်းဝေ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကသာမြို့အနီးဧရာဝတီမြစ်တွင် သောင်တူးလုပ်ငန်းများ စစ်ဆေးခြင်းဆောင်ရွက်

**ကသာ ဒီဇင်ဘာ ၁**

ကသာမြို့အနီးရှိ ဧရာဝတီမြစ်တွင် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ကသာမြို့ဆိပ်ကမ်းသည် တရုတ်ကုန်စည်များ ဝင်ရောက်လျက်ရှိသည့်အတွက် ကုန်တင်ကုန်ချ ဆိပ်ကမ်းအများဆုံးဖြစ်၍ ကသာမြို့အဝင် ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေး၊ သဲသောင်တူးလုပ်ငန်းကို ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (ရုံးချုပ်)၏ ခွင့်ပြုချက်အရ အထက်မြန်မာပြည် သောင်တူးဌာနခွဲ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၂၈ ရက်က ကြည့်ရှုခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၂၉ ရက်မှစတင်၍ အလျား ၁၆၅၅ မီတာ ရေစစ်မျဉ်းအောက် ၂ မီတာ၊ အကျယ် ၃၅ မီတာ၊ တစ်မိုင်ကျော်ခန့် တူးဖော်မည့် မြေသားပမာဏ ၂၇၀၂၃၆ ကုဗမီတာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ လုပ်ကိုင်နေသည့် ရေလမ်းကြောင်းတူးဖော်ရာတွင် လုပ်ငန်းကြန့်ကြာမှုမရှိစေရန် သဲသောင်အောက်တွင် ကိုင်းချုံများ၊ ကိုင်းပင်များကို ကြိုတင်ရှင်းလင်း၍ လုပ်ငန်းအချိန်မီပြီးစီးရန် ဆောင်ရွက်နေကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းဝင်းက ပြောသည်။



ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် သောင်တူးစက် ၃၈ စီးခန့် အသုံးပြု၍ ရေလမ်းကြောင်းကောင်းမွန်အောင် စီမံလျက်ရှိကြောင်း သိရသည်။ **ငွေအိုး (ကသာ)**

# ပင်းတယမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အကြိမ်(၃၀၀)မြောက် အခမဲ့ကွင်းဆင်းဆေးကုပေး

**ပင်းတယ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် လင်းလေအင်းကျေးရွာ၌ နိုဝင်ဘာ၂၉ ရက်က မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းမင်းထွဋ်နှင့် အဖွဲ့သည် ကျေးလက်နေပြည်သူများအား ကျန်းမာရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသပေးမှုကို အမြင့်ပေ ၅၇၀၀ ရှိ တောင်ပေါ်ကျေးရွာဖြစ်သော လင်းလေအင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများအား အခမဲ့ကွင်းဆင်းဆေးကုသရာ၌ ပင်းတယမြို့ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမင်းထွဋ်က ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများ ကိုလည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း မြို့နယ်(ခွဲ) ဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း ကျေးလက်နေပြည်သူများအား ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပွေးလှတိုက်နယ်ဆေးရုံမှ ဒေါက်တာရဲဝင်းထွဋ်၊ မိုင်းအင် တိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်ညွန့်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက အောင်ပန်းမြို့မှ ဆေးအလှူရှင် ဒေါက်တာအောင်သိန်းဦး- ဒေါ်ရွှေရည်ဖူး၏ လှူဒါန်းငွေဖြင့် လင်းလေအင်းကျေးရွာမှ လူနာ ၂၉၀ တို့ကို အခမဲ့ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ပင်းတယမြို့နယ်ရှိ ကျေးရွာပေါင်း ၁၃၈ ကို အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့သည့် အကြိမ်ပေါင်းမှာ ယခုအခါ(၃၀၀)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရပြီး အခြားကျေးရွာများသို့လည်း အလှည့်ကျကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ညောင်ဦးမြို့အဝင် လမ်းဘေးဝဲယာများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများရှိနေဆဲ

**ညောင်ဦး ဒီဇင်ဘာ ၁**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ ရာသီမရွေးလာရောက် လည်ပတ်လျက်ရှိသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မြို့အင်္ဂါ ရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန် ပလတ်စတစ်ကင်းမဲ့ဇုန်မြို့ပြတစ်ခုအဖြစ် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကို ပလတ်စတစ်အမှိုက်ကင်းမဲ့ဇုန်မြို့ပြအဖြစ် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက လမ်းများတစ်လျှောက် လမ်းဘေးပလက်ဖောင်းများတွင် အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် အမှိုက် ပုံးများထားရှိပေးခြင်း၊ စည်းကမ်းရှိရှိ အမှိုက်များစွန့်ပစ်ခြင်းကို ပြည်သူများသိရှိနိုင်အောင် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သည့်အပြင် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် သမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီပုထိုးများသို့ သွားရောက်၍ ပလတ်စတစ် အမှိုက်များ ကောက်ယူခြင်း၊ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ တာဝန်ရှိသူများက ဆောင်ရွက်လုပ်ကိုင် နေသော်လည်း ဒေသခံပြည်သူအချို့က စည်းကမ်းလိုက်နာမှု အားနည်းကာ ညောင်ဦးမြို့ အမှတ်(၁) နယ်မြေ သီရိမင်္ဂလာရပ်ကွက်အနီး (အရပ်ခေါ်) သံတော်ကုန်းထိပ် မြို့အဝင် လမ်းဘေးဝဲယာများတွင် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေသည်။

ထို့ကြောင့် အနံ့ဆိုးများထွက်ရှိကာ နေ့စဉ်လမ်းသွားလမ်းလာများနှင့် ခရီးသွားဧည့်သည်များအား ကျန်းမာရေးထိခိုက်စေနိုင်ရုံသာမက မြို့အင်္ဂါရပ်ကိုပါ ထိခိုက်စေနိုင်သည့်အတွက် ရှင်းလင်းပေးရန် လိုအပ်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများ စနစ်တကျ အမှိုက်များစွန့်ပစ်သွားရန် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြော

**ညောင်လေးပင် ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ဂျို့ပြင်ကျေးရွာအုပ်စု ငါးပြေမကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ နိုဝင်ဘာ ၂၉ ရက်က တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ငါးပြေမအခြေခံပညာအထက်တန်းကျောင်းခွဲ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးသိန်းနိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးတင်စိုးတို့က အသိပညာပေးဟောပြောပြီး စွမ်းအားမြှင့် အေဝမ်းမီးဖိုများကို ဆရာ ဆရာမများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ၉၂၉ နှစ်သက်တမ်းရှိ ကမ်းဖြူရွာ ဆုတောင်းပြည့်စေတီတော်ထီးတော်အသစ်တင်လှူမည်

**ရေစကြို ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကမ်းဖြူကျေးရွာတွင် ဆုတောင်းပြည့်စေတီတော်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကမ်းဖြူရွာမှာ လွန်ခဲ့တဲ့သက္ကရာဇ် ၄၄၉ ခုနှစ်က အလောင်းစည်သူမင်းကြီး စတင်တည်ထားကိုးကွယ်တော်မူခဲ့တဲ့ ဆုတောင်းပြည့် စေတီတော်ကြီးကို ကိုးကွယ်လာခဲ့တာ ယနေ့အထိ နှစ်ပေါင်း ၉၂၉ နှစ်ကြာ တည်တံ့နေတာဖြစ်ပါတယ်။ ကျွန်တော်တို့လက်ထက်မှာလည်း ဘက်စုံမွမ်းမံ ပြုပြင်ဆောင်ရွက်နေပါတယ်။ ထီးတော်ကြီးက ရွှေရောင်မှေးမှိန်နေတဲ့အတွက် ကျေးရွာပြည်သူတွေရဲ့ ကောင်းမှုနဲ့ ရွှေချပြီး မကြာမီရွှေထီးတော်ကြီးကို တင်လှူပူဇော်မှာဖြစ်ပါတယ်" ဟု ကမ်းဖြူရွာ ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့က ပြောသည်။

**ဖေထွဏ်းဇော်**

# (၃၃)ကြိမ်မြောက်နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲ ဇီးကုန်းမြို့၌ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ (၃၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

မူလာရာမမြေသိန်းရုံစေတီတော် ဂန္ဓကုဋိတိုက်တွင် တစ်နှစ်တာ ကိန်းဝပ်စံပယ်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော်အား နိုင်ငံတော်သံဃဗဟိုဝန်ဆောင်အဖွဲ့ သမားတော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တက အပူဇော်ခံပလ္လင်ထက်မှ စတင်ပင့်ဆောင်တော်မူပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ သံဃာ့ရုံအကျိုးတော်ဆောင် လူငယ်များက ရတနာဆင်တော်အထက်သို့ ပင့်ဆောင်တော်မူကြကာ မြို့တွင်းရပ်ကွက်အသီးသီးသို့ လှည့်လည်အပူဇော်ခံ ဒေသစာရီကြွချီတော်မူသည်။

အဆိုပါ ပွဲတော်ရက်ကာလအတွင်း၌ မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ အဆိုတော်များ၊ အကအဖွဲ့များ၊ ဟာသလူရွှင်တော်များ ပါဝင်တင်ဆက် ခဲ့ကြကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# တာမွေမြို့နယ်တွင် နိုင်ငံခြားသားများရောက်ရှိနေထိုင်မှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁**

တာမွေမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းများတွင် တရားဝင်နှင့် တရားမဝင် နိုင်ငံခြားသားများ ရောက်ရှိနေထိုင်မှုများကို နိုဝင်ဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် နေထိုင်တည်းခိုသော နိုင်ငံခြားသားများ သိရှိလိုက်နာရမည့် အချက်များ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင်များ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။ နိုင်ငံခြားသားများ တည်းခိုနေထိုင်စဉ် ဧည့်မှတ်တမ်း၌ လိုအပ်သောအချက်အလက်များ မှန်ကန်စွာဖြည့်သွင်းရန်နှင့် ထွက်ခွာသည့်အချိန်၊ နေ့စွဲ၊ မည်သည့်ဒေသသို့ ထွက်ခွာသွားသည်တို့ကို မှတ်သားရန်ပြောကြားသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ လ.ဝ.က၊ ရဲစခန်း၊ စည်ပင်ဌာနနှင့် ပြန်/ဆက်ဌာနတို့ပူးပေါင်းပါဝင်ပြီး မြို့နယ်အတွင်းရှိ နိုင်ငံခြားသားများ တည်းခိုနေထိုင်နေသည့် နေရာများအားလုံးသို့ ဆက်လက်၍ ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် Tier 1 Project သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၃)နှစ်ကြာ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ဖြစ်ပါသည်။ Tier 1 Project ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ Project တွင် Procurement Expert ရာထူးအတွက် လျှောက်လွှာ ခေါ်ယူလိုပါသည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အသေးစိတ် အချက်အလက်နှင့်အတူ ၉-၁၂-၂၀၁၆ ရက်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားနိုင်ပါသည်-

၂။

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ် |
|---|---|---|---|
| (က) | Procurement Expert | USD 1350 နှင့်ညီသောမြန်မာငွေကျပ်အား ဗဟိုဘဏ် ပေါက်ဈေးနှုန်း အတိုင်း ပေးချေပါမည်။ | (၁)နေရာ |

၃။ **အထက်ဖော်ပြပါ ရာထူးနေရာအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီရန် လိုအပ်ပါသည်-**
- (က) Facility Management ဆိုင်ရာ ဒီပလိုမာ (သို့) တက္ကသိုလ်မှ ဘွဲ့ရရှိရမည်။
- (ခ) သက်ဆိုင်ရာနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၂)နှစ် ရှိရမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။
- (ဂ) အင်္ဂလိပ်ဘာသာနှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။
- (ဃ) ဆက်ဆံရေးကောင်းမွန်ရမည်။
- (င) အစိုးရဝန်ထမ်းမဟုတ်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) လိုအပ်ပါက ပြည်တွင်းခရီးသွားလာနိုင်သူ ဖြစ်ရမည်။

၄။ **တာဝန်ထမ်းဆောင်ရမည့်နေရာ**
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၅။ **တာဝန်ထမ်းဆောင်ရမည့်ကာလ**
၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ (၁)နှစ်နှင့် (၉)လ

၆။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက ရုံးအမှတ် (၃) ကုန်သွယ်ရေးဦးစီးဌာန၊ WTO နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၃၁၅၊ ၀၆၇-၄၀၈၄၁၁ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

NORWEGIAN EMBASSY

## ဒေးဗစ်တောပညာသင်ဆုကြေညာချက်

သမိုင်းနှင့် လူမှုရေးဘာသာရပ်များကို ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ပထမနှစ်အဖြစ် စတင်တက်ရောက်ခွင့်ရရှိသည့် ဝေးလံခေါင်သီသည့် ကျေးလက်ဒေသမှ ကျောင်းသူကျောင်းသားများအတွက် ရန်ကုန်မြို့ရှိ နော်ဝေးနိုင်ငံ သံရုံးနှင့်ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ကာ ပညာသင်ဆု(၁၀)ဆု ချီးမြှင့်မည်ဖြစ်သည်။

ထောက်ပံ့ကာလအနေဖြင့် ၂၀၁၆-၂၀၂၀ စာသင်နှစ်များ၏ တက္ကသိုလ်ပထမဘွဲ့ (Bachelor degree) အတွက် တစ်နှစ်လျှင် (၁၀)လ အချိန်ပြည့်ရရှိမည်ဖြစ်ပါသည်။

လျှောက်လွှာပိတ်ရက်မှာ ကြော်ငြာသည့်ရက်မှ ၂၀၁၇ ဇန်နဝါရီ ၁၅ ရက်အထိဖြစ်ပြီး လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ်သင်တန်းရေးရာဌာနတွင် တောင်းယူနိုင်ပါသည်။

အသေးစိတ် အချက်အလက်များ ပိုမိုသိရှိလိုပါက ဒေါက်တာ ဦးလှဆွေ ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်ထံ စုံစမ်းနိုင်ပါသည်။
ရုံးဖုန်းနံပါတ် + ၉၅(၁)၅၃၄၀၉၈

### ပျောက်ဆုံးခြင်း

ကျွန်တော်စိုးဝင်း (ဘ) ဦးသာရ ၉/တကန(နိုင်)၁၄၇၁၁၄၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**စိုးဝင်း ဖုန်း-၀၉-၂၆၃၈၂၈၉၆၀**

### ပျောက်ဆုံးခြင်း

ကျွန်တော်ဝင်းဆောင် (ဘ)ဦးထိန် ၉/တကန(နိုင်)၁၆၁၆၃၆၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဝင်းဆောင် ဖုန်း-၀၉-၇၈၅၃၃၈၂၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် (၁) FDA အသိအမှတ်ပြုဆေးဝါးများ၊ (၂) ဓာတ်ခွဲခန်းသုံးဆေးရည်နှင့် (၃) ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၅-၁၂-၂၀၁၆ ရက် နံနက် ၉:၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၂-၂၀၁၆ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေး ဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
**ဆက်သွယ်ရမည့်ဖုန်း-** ၀၁-၂၃၀၆၄၀၀၊ ၀၁-၂၃၀၆၄၀၃
**လိပ်စာ-** စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်
**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်သုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁၂-၂၀၁၆ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၆-၅၀၃၄၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး၊မြို့နယ် | လုပ်ငန်းအမျိုးအစား | ခွင့်ပြုရန်ပုံငွေ (ကျပ်သိန်း) |
|---|---|---|---|
| က | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့ | ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ (၁၂၀'×၄၀'× ၁၄') RCC တစ်ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ မိလ္လာ အပါအဝင်ဆောက်လုပ်ခြင်း | ၁၁၈.၅၀၀ |

၂။ တင်ဒါလျှောက်လွှာနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပါမည်-
- (က) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁-၁၂-၂၀၁၆ ရက်မှ ၇-၁၂-၂၀၁၆ ရက်အထိ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်** - ၅-၁၂-၂၀၁၆ ရက်မှ ၁၅-၁၂-၂၀၁၆ ရက်ထိ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအထိ
- (ဂ) **တင်ဒါရောင်းချ/တင်သွင်း ရမည့်နေရာ** - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃)၊ နေပြည်တော်
- (ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၉-၁၂-၂၀၁၆ ရက် နံနက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီအထိ

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဘဏ္ဍာဌာနခွဲနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ပေးသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။
၅။ အသေးစိတ်အချက်အလက်များကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၁၁၃၊ ၀၆၇-၄၀၄၀၄၆၊ ၀၆၇-၄၀၄၀၄၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## တိုက်နှင့်ခြံရောင်းမည်

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ မြို့မဈေး မျက်စောင်းထိုးရှိ (ယခင် ဒဂုံမိသားစု) တိုက်နှင့်ခြံတစ်ခုလုံးကို အပိုင်းလိုက်ဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ သင့်တင့်သောဈေးနှုန်းနှင့် ညှိနှိုင်း၍ ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
**ဆက်သွယ်ရန်** ဖုန်း-၀၉-၅၀၁၃၂၂၈၊ ၀၉-၉၇၅၀၁၃၂၂၈

### ပြည်နယ်လွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မွန်ပြည်နယ်လွှတ်တော်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့်ဆောင်ရွက်မည့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ (၆၁×၅၁×၃၇)ပေ ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါအား ၁၁-၁၁-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၃ တွင် ၁၅-၁၁-၂၀၁၆ ရက် နံနက် ၁၀:၀၀နာရီမှ ၂၉-၁၁-၂၀၁၆ရက် ညနေ ၁၆:၀၀နာရီထိ အိတ်ဖွင့်တင်ဒါကြော်ငြာခဲ့ရာ ယခုအခါ တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အရ အောက်ပါအတိုင်း ရက်တိုးမြှင့်ခေါ်ယူမည်ဖြစ်သဖြင့် အသေးစိတ်အချက်အလက်များ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း တင်သွင်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါရက်တိုးမြှင့်ရောင်းချမည့်ရက်/အချိန်** - ၁၅-၁၁-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါရက်တိုးမြှင့်ပိတ်မည့်ရက်/အချိန်** - ၁၄-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၀၀ နာရီ
**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်လွှတ်တော်ရုံး၊ မော်လမြိုင်မြို့

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်လွှတ်တော်ရုံး၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၄၂၈၊၂၇၄၉၂**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
### အထူးကုဆေးရုံကြီး (ဝေဘာဂီ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီး အထူးကုဆေးရုံကြီး (ဝေဘာဂီ)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀နာရီ
၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ ဖုန်း-၀၁-၉၆၉၀၁၁၈**

## NEWSWEEK ဂျာနယ်ပါ ဆောင်းပါးရှင် ဂျေလှသင်၏ "ဆပ်ပြာကောင်းရခိုက် ခေါင်းပေါင်းတွေလျှော်" ဆောင်းပါးပါ အသုံးအနှုန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ သဘောထား ထုတ်ပြန်ချက် (၁/၂၀၁၆)

၁။ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းသည် အသင်းဖွဲ့စည်းခွင့်ဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ **"မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း"** အမည်ဖြင့် တရားဝင်အသိအမှတ်ပြုဖွဲ့စည်းထားသော အသင်းတစ်သင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလှူရှင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO များနှင့်ပူးပေါင်းပြီး ဆောင်ရွက်လုပ်ကိုင်နေသော အသင်းအဖွဲ့တစ်ခုဖြစ်ပါသည်။

၂။ ၂၄-၁၁-၂၀၁၆ ရက်ထုတ် NEWSWEEK ဂျာနယ်၊ အတွဲ(၂)၊ အမှတ် ၆၆၊ စာမျက်နှာ ၂၀ ပါ ဂျေလှသင်၏ ဆောင်းပါးတွင်ပါရှိသော **"ဒေါက်တာရမ်းကု ကျန်းမာရေးမှူးတွေ"** ဟုလည်းကောင်း **"အဲဒီကျန်းမာရေးမှူးကို လက်မလွှတ်ကြဘူး"** ဟုလည်းကောင်း ရေးသားဖော်ပြထားခြင်းသည် ကျန်းမာရေးမှူးများ၏ ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာမှုဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ထိုသို့ သုံးစွဲသည့်အသုံးအနှုန်းများသည် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ကျန်းမာရေးမှူးများ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေသည့်အတွက် အပြင်းအထန် ကန့်ကွက်ပါသည်။ စာရေးသူအနေဖြင့်သော်လည်းကောင်း၊ NEWSWEEK ဂျာနယ်မှ တာဝန်ရှိသူများအနေဖြင့်သော်လည်းကောင်း ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဖြေရှင်းပေးစေလိုပါသည်။

၄။ ထိုသို့လုံလောက်သည့် တုံ့ပြန်ဆောင်ရွက်မှုများ မလုပ်ဆောင်ပါက မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းအနေဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း**

## အောင်ပါခေ
### အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊
ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
ဖုန်း-၀၉ ၂၅၃၂၆၆၆၅၊ ၀၉ ၂၅၀၅၅၄၇၉၃၊ ၀၉ ၂၅၆၂၆၃၂၆၄

### တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ယောက်သွားအင်းရပ်ကွက်၊ အမှတ် ၂၄၊ ၁ လမ်းနေ ဦးတင်ဦး၏သမီး ဒေါ်အုန်းမြင့်မေ ၉/ပမန(နိုင်)၀၆၁၂၈၄ နှင့် ဒေါ်ခင်အုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

### မိခင်အမည်မှန်

တောင်သာမြို့နယ်၊ ဒါန်းတိုင်အလက(ခွဲ)၊ဆဋ္ဌမတန်းမှ မောင်ထွန်းထွန်းဇော်၊ ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မစိုးမြတ်ခိုင်၏မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဝင်း ၉/တသန(နိုင်)၀၆၈၆၇၁ ဖြစ်ပါကြောင်း။

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက် ၆၊ အခန်း ၄၀၂နေ၊ ဒေါ်ဝင်းဝင်းရီ၏သား မောင်အောင်ကျော်ဆန်း ၇/ဒဥန(နိုင်)၁၂၀၅၇၉ သည် မိခင်၏ဆိုဆုံးမမှုမကို မနာခံဘဲ ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူ၍ မိခင်နှင့် ညီမများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် လုပ်ရပ်ဖြင့် မိမိသဘော ပြုမူနေထိုင်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအားလုံး တာဝန်မယူပါ။
ဒေါ်ဝင်းဝင်းရီ ၁၂/ဒပန(နိုင်)၀၂၉၃၉၇

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၆၅၅၂၃ New Anbo-125 မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်လာလ်ရီမော ၄/ဖလန(နိုင်)၀၀၄၉၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

HAPPY FRIDAY

သောကြာနေ့တိုင်းမှာ ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | — — | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| 10,000 Ks | 420 MB | 800 MB |

EVERY

အောက်တိုဘာလ (၂၁) ရက်မှ စတင်၍ MPT ၏ ဆွေသဟာ အစီအစဉ်ရယူထားသော Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday



နန္ဒင်းခါးဆေးလုံး နေ့စဉ်သုံး၊
အစာအိမ်သောက်ဆေး၊ သွေးတိုး၊ လေငန်းကာကွယ်ဆေး
အမှတ် - ၂၈၊ မြောက်ဘက်တန်း (အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၃၁၆
1010YR003093



iStock®
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း/အရှုံးအမြတ်

Galaxy Software Co., Ltd.
www.galaxy.com.mm

Contact Us ...
Yangon ► 09-43064181, 09-252424002
► 09-254151516, 09-43029798
Mandalay ► 09-440067577, 09-978030881
Naypyitaw ► 09-257333214, 09-974432762
Pathein ► 09-455042499, 09-455042500



WISE College
abe (UK) မှ တိုက်ရိုက်အပ်နှင်းသော Professional Business & Management Diploma သင်တန်းများအတွက် သင်တန်းသားများ စတင်လက်ခံနေပါပြီ
abe Accredited Centre

WISE College မှအောက်ဖော်ပြပါ abe (UK) Business Management Diploma များကိုဖွင့်လှစ်သွားပါမည်။
1. Level - 5 Diploma in Business Management QCF Level 5 = (UK 2nd Year)
2. Level - 6 Diploma in Business Management QCF Level 6 = (UK Final Year)

WISE College မှ ABE ကျောင်းသား/သူများရရှိနိုင်မည့် အခြားအခွင့်အရေးများမှာ-
- (၅)ဘာသာ နှင့်အထက် အပ်နှံသူများကို သင်တန်းကြေး ၅၀% ကင်းလွတ်ခွင့်။
- IELTS English သင်တန်းကို သင်တန်းကြေး ၁၀၀%ကင်းလွတ်ခွင့်။
- WISE College နှင့် သမဂ္ဂယမ တက္ကသိုလ် တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Diploma နှစ်ခုကို သင်တန်းကြေး ၁၀၀%ကင်းလွတ်ခွင့်။
- အခြေခံမရှိသူများအတွက် Management Foundation Course နှင့် ပုံမှန် ဖွင့်လှစ်လျက်ရှိသော Business Management Certificate သင်တန်းများကို သင်တန်းကြေး ၁၀၀% ကင်းလွတ်ခွင့်။
- ကျောင်းသား/သူများသည် သတ်မှတ်ထားသောကျောင်းချိန်ကို ပြည့်မီမည်ဆိုပါကဘာသာရပ်တစ်ခုအတွက်သင်တန်းကြေးကို(၁)ကြိမ်သာပေးသွင်းရန်လိုအပ်ပြီးငှင်းဘာသာရပ်ကိုထပ်မံတက်ရောက်လိုပါကသင်တန်းကြေးကို ၁၀၀% ကင်းလွတ်ခွင့်။

50% off

သင်တန်းသားများစတင်လက်ခံနေပါပြီ ။သင်တန်းများကို ၂၆.၁၂.၂၀၁၆ တွင်စတင်ဖွင့်လှစ်ပါမည်။
{ကျောင်းသားကျောင်းသူများအနေဖြင့် ကြိုးစား၍ ကျောင်းမှန်မှန်တက်ရန်တာဝန်ယူပါ။
WISECollege မှစာမေးပွဲအောင်မြင်သည်အထိတာဝန်ယူသင်ကြားပေးပါမည်။}

WISE College ShweGoneDine Campus:Room (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်းနံပါတ် ၀၉ - ၂၅၅၇၂၃၃၈၈ ၊ ၀၉ - ၄၂၁၁၅၄၈၆၂ ၊ ၀၁ ၅၅၆၁၈၃



Sincere Smile က စီစဉ်တဲ့ တိမ်တွေပေါ်မှာ လမ်းလျှောက်ရမယ့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် နတ်မတောင်ခရီးစဉ်များ

၁။ ရန်ကုန် - နေပြည်တော် - မိတ္ထီလာ - ကန်ပက်လက် - နတ်မတောင် - ပုဂံ - ရန်ကုန် (၂၄-၁၁-၁၆ မနက်အစောထွက် ၂၈-၁၁-၂၀၁၆ မနက်အစောပြန်ရောက်)
၂။ ရန်ကုန် - ကန်ပက်လက် - နတ်မတောင် - ပုဂံ - ရန်ကုန် (ဒီဇင်ဘာလအတွက် အပတ်စဉ်သောကြာနေ့ညထွက် တနင်္လာနေ့ မနက်ပြန်ရောက်မည့် ခရီးစဉ်များ)
၃။ ရန်ကုန် - နေပြည်တော် - မိတ္ထီလာ - ကန်ပက်လက် - နတ်မတောင် - ပုဂံ - ရန်ကုန် (၂၉-၁၂-၂၀၁၆ မနက်အစောထွက် ၂-၁-၂၀၁၇ မနက် ပြန်ရောက်)

ခရီးစဉ်တစ်လျှောက်လုံး Air con ကား၊ အစားအသောက်ကောင်းများဖြင့် သက်သောင့်သက်သာလိုက်ပါနိုင်ရန် စီစဉ်ထားပါသည်။ ကန်ပက်လက်မြို့ရှိ အဆင့်မြင့်ပန်းလေပြေ ဟိုတယ်တွင် ညအိပ်တည်းခိုပြီးနေ့လယ်စာ၊ ညစာတို့ကို ဟိုတယ်တွင်တည်ခင်းဧည့်ခံပါမည်။ လိုက်ပါလိုသူများအနေဖြင့် မိမိတို့လိုက်ပါလိုသည့် ခရီးစဉ်ရက်မတိုင်မီ (၃)ရက်အလိုကို နောက်ဆုံးထား၍ လက်မှတ်များစတင်ဝယ်ယူနိုင်ပါပြီ။

ကုမ္ပဏီအဖွဲ့များ၊ ကျောင်းသားအဖွဲ့များ၊ မိသားစုအဖွဲ့များစသည့်အဖွဲ့လိုက် သီးသန့်ခရီးစဉ်များလည်း စီစဉ်ပေးပါသည်။ ဈေးနှုန်း၊ ခရီးစဉ်အသေးစိတ်နှင့် အခြားသိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ် (၆၅/A)၊ မင်းနန္ဒာလမ်းမကြီး၊ သာကေတ၊ Capital Hypermarket မျက်စောင်းထိုး။ ဖုန်း-၀၁-၉၁၉၀၅၂၇ Hot Line ဖုန်း-၀၉-၉၇၅၄၈၉၇၅၂၊ ၀၉-၇၉၉၅၇၄၁၄၃**
**မြန်မာနိုင်ငံ၏ အမြင့်ဆုံးမြေသားတောင်ဖြစ်ပြီး သဘာဝအလှအပများ၊ ထူးခြားသော သက်တမ်းရင့်သစ်ပင်ပန်းမန်များ၊ တစ်တောလုံးဝေဆာနေမည့် တောင်ဇလပ်ပန်းများကို ကြည့်ရှုခံစားနိုင်ရန်အတွက် Sincere Smile နဲ့အတူ ပျော်ရွှင်စွာခရီးထွက်ကြပါစို့။**


## ဖခင်အမည်မှန်

စစ်တွေတက္ကသိုလ်မှ ၂၀၁၆ မတ်လတွင် ခုံအမှတ် မဟာသုသတ-၄ ဖြင့် မဟာသုတေသနတန်း အောင်မြင်ပြီးဖြစ်သော မစိုးမြင့်ခိုင်နှင့် အထက(၄) ပုလဲမြို့သစ်၊ မင်္ဂလာဒုံ အဌမတန်း၊ အခန်း(E)မှ မောင်သန့်ဇင်ဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဦးရွှေစော(ခ) ဦးရွှေစော ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ဦးဝေယံမိုး‌ဇော်(၁၂/ဒပန(နိုင်)၀၄၃၁၁၆) ၏ CDC 60926 (SID) သင်္ဘောသားမှတ်ပုံတင်စာအုပ်မှာ ခရီးသွားစဉ် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၂၅၄၁၈၆၁၆၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဃ/၁၅၇၉ Toyota Caldina ST210, S/W (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းသိန်းငွေ ၁၂/တမန(နိုင်) ၀၀၅၃၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့


PUN HLAING + SILOAM HOSPITALS

ပန်းလှိုင်ဆေးခန်းပြောင်းရွှေ့ဖွင့်လှစ် ကြောင်း အသိပေးအကြောင်းကြားခြင်း

FMI Centre ရှိ ပန်းလှိုင်ဆေးခန်းအား ၂၀၁၆ ခုနှစ်ဒီဇင်ဘာလ (၁)ရက် နေ့မှစတင်၍ အမှတ် (၂၃၈ / ၂၄၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် (မြို့ရှာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနီး)၊ ရန်ကုန်မြို့သို့ပြောင်းရွှေ့ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း - ၀၁ ၂၅၀ ၆၇၇ ၊ ၀၁ ၂၄၅ ၄၈၃ ၊ ၀၉ ၅၁၃ ၇၈၁၂
LIKE US ON facebook Pun Hlaing Siloam Hospitals

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်သန်း အသက်(၇၉)နှစ်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊မလှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)(ငြိမ်း)**
**အတွင်းရေးမှူး၊ မန္တလေးတိုင်းဒေသပါတီကော်မတီ**
**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(ငြိမ်း)**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊လမ်း(၂၀)၊ ၈၀-၈၁လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ အမှတ် ၃၆နေ (ဦးထွန်းလင်း-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဘစံ-ဒေါ်ခင်အေး)တို့၏သားသမက်၊ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ဦးဝိစာရအိမ်ရာ၊တိုက် ၁၄၊ အခန်း ၁၃နေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ မြစ်ငယ်မြို့နေ ဒေါ်နုနုရီ၏အစ်ကိုကြီး၊ ဦးအောင်ညွန့်လွင်(ကျော်သာဆောက်လုပ်ရေးကုမ္ပဏီ၊ မန္တလေးရုံး)၊ဒေါက်တာနီနီသန်း(ပါမောက္ခ၊ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်)၊ဒေါက်တာနှင်းနှင်းသန်း(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်သန်း(ဌာနမှူး၊ ပြင်ပလူနာဌာန၊ အမှတ်-၂၊ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀)-ဒေါက်တာမေမြင့်ဦး (COUNTRY HEAD, SANOFI CO., LTD. MYANMAR)၊ ဒေါက်တာနေဝင်းသန်း(ကထိက၊ အသည်းနှင့်သည်းခြေလမ်းကြောင်းခွဲစိတ်ကုဌာန၊ အထူးကုဆေးရုံကြီး၊ ခုတင်-၅၀၀)-ဒေါ်စိုးစိုးအောင် (MD,MYANMAR CALCIUM INDUSTRY CO.,LTD.)၊ ဒေါ်မိုးမိုးသန်း [KISCO (T) LTD] - ဦးအောင်မင်းသန့် (MD, KKG Co.,LTD.)တို့၏ချစ်လှစွာသောဖခင်ကြီး၊ မမေသက်နှင်း၊ မောင်ရဲအာကာ၊ မသုသုသန်းအောင်၊ မမိုးယုယုသန်းအောင်၊ မောင်မင်းသန့်လင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၂-၂၀၁၆ရက်တွင် အထက်ပါ ဦးဝိစာရအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်

**(ငွေစံပယ်-ဆန်စက်၊ ဝေထွန်း-ရေခဲစက်၊ မော်ကျွန်း)**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ် ၄၇နေ (ဦးမြတ်သိန်း)၏ဇနီး၊ (ဦးခင်မောင်ကြည်)၊ ဦးမောင်မောင်-ဒေါ်မွေးမွေး၊ ဦးမြင့်ဝေ-ဒေါ်သန်းသန်းဆွေ၊ ဦးထွန်းထွန်း-ဒေါ်စီစီဝင်း၊ ဦးတင်ဝင်း-ဒေါ်နှင်းလဲ့ဝင်း၊ ဦးခင်မောင်စိုး-ဒေါ်ဝင်းဝင်းအေး၊ ဒေါ်လေးလေးခိုင်၊ ဦးညီညီထွန်း-ဒေါ်စောမြတ်စန္ဒာတို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွားသည် ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြဝေ

**အသက်(၇၈)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝေသည် ၂၉-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ဟန်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး**
**B.A (Law), LL.B (1973-1978)**
**အသက်(၆၁)နှစ်**

သူငယ်ချင်း ၂၇-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်း ဒေါ်မြမြသူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ (သူငယ်ချင်း ကောင်းရာ သုဂတိလားပါစေ။)

**(ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊**
**၁၉၇၃-၇၈ခုနှစ် ဥပဒေကျောင်းဆင်းသူငယ်ချင်းများ)**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်ဟန်

**(ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး)**
**အသက်(၆၁)နှစ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်သည် ၂၇-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုသူမြတ်နိုင်နှင့် မဝင်းသန္တာစိုး**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ကျော်စိုး

**B.E (Petroleum)**
**အသက်(၅၈)နှစ်**

မုံရွာမြို့နေ ဒေါ်ခင်စံပါယ်၏ခင်ပွန်း၊ ဦးထက်အောင်လင်း-မကေသွယ်စိုးတို့၏ဖခင် 81 batch Petroleum ဦးအောင်ကျော်စိုး (အင်ဂျင်နီယာမှူး၊ ပြည်ထောင်တန်းရေနံမြေထုတ်လုပ်ရေးဌာန)သည် ၂၄-၁၁-၂၀၁၆ရက် ညနေ ၅နာရီတွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group မှ သူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းတင်

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမူတူး-ဒေါ်အေးသစ်)တို့၏သမီး၊ (ဦးပြန်ယုံ)၏ဇနီး၊ (ဦးအောင်ငွေ)-ဒေါ်အေးသန်း၊ ဗိုလ်မှူးကျော်စိုး(ငြိမ်း)-ဒေါ်ရင်ရင်မြ [အထပြ၊ (ငြိမ်း)၊ အထက-၂၊ ဗဟန်း]တို့၏မိခင်၊ ဦးရဲသူလှ-ဒေါက်တာသီရိနိုင်၊ ဗိုလ်မှူးကျော်ဇောလင်း-ဒေါက်တာအေးဇာဇာမြင့်၊ ဒေါက်တာခိုင်စန္ဒာလင်းတို့၏ဘွားဘွား၊ မောင်ဘုန်းပြည့်မောင်၏ဘွားဘွားကြီးသည် ၁-၁၂-၂၀၁၆ရက် နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျင်

**လ/ထ မန်နေဂျာ(ငြိမ်း)၊ စက်မှုစားကုန်**
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ၁၀၃၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ(ဦးမောင်သော်-ဒေါ်ငွေစိန်)တို့၏သား၊(ဦးစံချိန်-ဒေါ်စိန်မြိုင်)တို့၏သားသမက်၊ (ဒေါ်ခင်ဝင်း၊ စက်မှု-၁၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်လွင်ဦး-ဒေါ်ခင်ဌေးလှိုင် (လ/ထ မန်နေဂျာ၊ ငြိမ်း၊ စက်မှု-၁)၊ ဦးလှကို (အလုပ်ရုံခွဲမှူး၊ အုပ်ချုပ်ရေး ဆေးဝါးစက်ရုံ၊ အင်းစိန်)-ဒေါ်ခင်စန်းသွယ်၊ ဦးသန်းလွင်(လွယ်ဟိန်းကုမ္ပဏီ)-ဒေါ်ခင်စန်းနွယ်၊ ဦးစိန်ဝင်း-ဒေါ်မူမူအေးတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးအောင်ကျင်သည် ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြည် အသက်(၈၈)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုသုတေသန (CRO)**

တောင်ကြီးမြို့နေ (ဦးဟုန်-ဒေါ်ထွေး)တို့၏သမီး၊ ဒိုက်ဦးမြို့နေ (ဦးထွန်းမောင်-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တိုက် B၊ အခန်း ၉၀၁နေ ဦးစောလွင် [(ပါမောက္ခ၊ ရူက္ခဗေဒ(ငြိမ်း)၊ညွှန်ကြားရေးမှူးချုပ်၊အဆင့်မြင့်ပညာဦးစီးဌာန(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးမြင့်သိန်းထွန်း-ဒေါ်ဝင်းမာလွင်၊ ဦးသိန်းလွင်-ဒေါ်ကေသီသုတ၊ ဒေါ်ပြုံးမာလွင်တို့၏မိခင်၊ ကိုနေမျိုးကျော်-မအေးအိလွင်လွင်၊ မသင်းထွန်း၊ မောင်မော်ဟိန်း၊ မောင်ရှိန်ထွန်း၊ မောင်ညဏ်ဇော်အောင်တို့၏ အဘွားသည် ၃၀-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်အမာတင်

**အလယ်တန်းပြဆရာမ(ငြိမ်း)၊ အထက(၁)သန်လျင်**
**အသက်(၈၁)နှစ်**

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ ၂လမ်း၊ အမှတ် ၂၉နေ (ဦးကိုကိုကြီး-ဒေါ်ခင်ညွန့်)တို့၏သမီး၊ (ဦးဖြူဝင်း)-ဒေါ်ငြိမ်းခင်၊ (ဦးအောင်သန်းစိုး-ဒေါ်သင်းသင်း)၊ ဒေါ်ခင်စန်းနွယ်(လ/ထညွှန်မှူး၊ငြိမ်း၊ အမှတ်-၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးမြသိန်း-ဒေါ်ခင်အေးသွယ်၊ ဦးရန်ကင်းမောင်(အင်ဂျင်နီယာမှူးကြီး၊ ငြိမ်း၊ ကညန)ဒေါ်ခင်နွယ်တို့၏အစ်မ၊ မမေစန်းဝင်း(Toyo Battery Co.,Ltd) နှင့် တူ၊ တူမ ခြောက်ယောက်တို့၏ကြီးကြီးသည် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးမြင့်(ကျော်ကျော်လွင်) B.Ag

**အသက်(၇၁)နှစ်**

ကျောက်ပန်းတောင်းသား ဦးစိုးမြင့် အသက်(၇၁)နှစ်သည် ၂၇-၁၁-၂၀၁၆ရက်က မော်ဘီမြို့နေအိမ်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၀ ဘွဲ့ရ B.Ag သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီလာအေး

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးအေးသိုက် (အမြတ်ခွန်မင်းကြီး၊ BA, BL, BCS, ငြိမ်း)-ဒေါ်ခင်လေးကြည်]တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် ၃၅၊ အခန်း ၉၀၁နေ ဗိုလ်မှူးကြည်ရွှင်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်မင်းကြည် 2nd Mate (F.G) (MTM SHIP MANAGEMENT)၊ မောင်ကျော်ကျော် 2nd Mate (F.G) (MTM SHIP MANAGEMENT)၊ မောင်မြတ်သူ (B.E Civil) (WYTU) တို့၏ချစ်လှစွာသောမိခင်သည် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၅၈)ကျောင်းဆင်း အရာရှိမိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## မဖြူဖြူအေး(သုဝဏ္ဏ) အသက်(၂၈)နှစ်

**B.Sc (Stats)**
**General Manager KTK Construction Co.,Ltd**

All batches Civil Sayapuzawpwe 2016 ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒု-ဥက္ကဋ္ဌ 73 batch (Civil) ဦးကိုကိုကြီး-ဒေါ်စပယ်တို့၏သမီး မဖြူဖြူအေး(သုဝဏ္ဏ)သည် ၂၉-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**All batches Civil Sayapuzawpwe 2016 ကျင်းပရေးကော်မတီဝင်များ**

---

## ဒေါ်ခင်ယု

**(ကလျာအထည်ဆိုင်၊ မော်လမြိုင်)**
**အသက်(၈၄)နှစ်**

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၃၁၀နေ (ဦးတင်ရှိန် - ဒေါ်ပု)တို့၏ သမီး၊ (ဦးမောင်သိန်း-ဒေါ်စိန်ရွှေ)တို့၏သမီးချွေးမ၊ (ဦးဟုတ်ရီ)၏ဇနီး၊ ဦးဆန်းဝင်း-ဒေါ်ဝင်းဝင်းခိုင်၊ ဦးညွန့်ဝင်း-ဒေါ်မျိုးယုသွယ်၊ ဦးဟန်ဝင်း-ဒေါ်ခိုင်ကေဇင်ဖြိုး၊ ဦးသက်မင်း-ဒေါ်ယမင်းသူတို့၏မိခင်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် စမိုင်ကြန့်တိတ် တရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဆရာမဒေါ်ထွေးထွေးအောင်

**(အထက-၄၊ ဒဂုံတောင်ပိုင်း)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၇)ရပ်ကွက်၊ဖျာပုံလမ်း၊ အမှတ် ၃၈၆-ကနေ (ဦးမြင့်အောင်-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ ဦးခင်မောင်လတ်-ဒေါ်စန်းစန်းအောင်တို့၏ညီမ၊(ဦးစည်သူအောင်)-ဒေါ်သန်းသန်းရီ၊ (ဦးကျော်သူအောင်)၊ ဒေါ်ငယ်ငယ်အောင်၊ ဦးစိုးနိုင်-ဒေါ်ချိုချိုအောင်တို့၏အစ်မ၊ဦးဝင်းမင်းလတ်-ဒေါ်ကေခိုင်၊ ဦးတင်ကိုမြင့်-ဒေါ်ခင်အိမိုးသက်၊ ဦးမျိုးဇော်လတ်၊ ဦးသန့်ဇင်အောင်တို့၏အဒေါ်၊ မောင်သျှားထက်စွမ်း၊ မောင်မင်းတေဇတို့၏အဘွားသည် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၂-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၆ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွဋ် (ပေါက်ပေါက်)

**ဗဟိုရ်စည်**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် ၅နေ ဦးသန်းလွင်-(ဒေါ်ကျင်ရီ)တို့၏သား၊ ဒေါ်တင်သန်းဦး၊ ဦးထိန်လင်း-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ဦးလှနောင်(U.S.A)-ဒေါ်ဇင်ဇင်ဝေ(U.S.A)၊ ဒေါ်ရီရီလွင်၊ Mr. Vai Thoprakan (U.S.A) - ဒေါ်စန္ဒာမိုး (U.S.A)တို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဘကြီး/ဦးလေးသည် ၃၀-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့အိန်ဂျလိစ်မြို့ ဒေသစံတော်ချိန်နံနက် ၁း၀၇ နာရီတွင် ကွယ်လွန်သွားပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ကိုကျော်ရွှေလှ(ခ)ကိုဂျူး

**A.S.T Shipping Co.,Ltd**
**အသက်(၂၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ ၃၄လမ်း၊ အမှတ် ၁၂၀၇နေ ဦးသန်းထွန်း(ကပရ၊ ငြိမ်း)-(ဒေါ်စောနွဲ့မူ၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ နတလ)တို့၏သား၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ကြူ(ရွှေတောင် ထမင်းသုပ်ဆိုင်)၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်၊ ဦးဇော်မင်း၊ ဒေါ်အေးအေးမြင့်၊ ဦးနိုင်ဦး-ဒေါ်ဥမ္မာထွေး၊ ဦးစိုးမိုးနိုင်-(ဒေါ်အေးအေးငယ်)တို့၏တူ၊မောင်မြထွေး(ခ) မောင်မောင်(Venus Marine Shipping Co.,Ltd)၏ညီ၊ ဦးဆွေမင်းထွန်း-ဒေါ်ဖြိုးဖြိုးဝင်း၊ ဦးအောင်နိုင်မြင့်-ဒေါ်မျိုးမျိုးဝင်း၊ဦးစိန်ကျော်ဦး-ဒေါ်အေးငြိမ်းသူတို့၏မောင်၊ မအိယမင်းနိုင်၊ မောင်စည်သူဇော်၊ မောင်ဘုန်းမြတ်စိုးမိုးတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးသည် ၂၈-၁၁-၂၀၁၆ရက် (တနင်္လာနေ့) ည ၇နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသံဃပီယ

**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ ဝိဇ္ဇာဇိမာန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသံဃပီယသည် (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၂ရက်) ၁-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာများနှင့် ဈာပနကော်မတီ

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ဥ

**အသက်(၉၃)နှစ်**

သူငယ်ချင်း ဒုရဲမှူးမြင့်အေး(ငြိမ်း)-ဒေါ်အေးအေးမိုးတို့၏ချစ်လှစွာသောမိခင်သည် ၃၀-၁၁-၂၀၁၆ရက် ည ၁၀း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်း(အရာရှိ)သင်တန်းအမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘညို

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အကျဉ်းဦးစီးဌာန(က/၂၀၁၆)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၁၀၅နေ ဒေါ်စိန်လေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်မြင့်မြင့်အေး၊ ဦးညီညီတင်-ဒေါ်မြသီတာညို၊ ဒေါ်သင်းသင်းညို၊ ဦးတင်အောင်ကျော်-ဒေါ်အေးသိန်း၊ ဦးမင်းသန့်-ဒေါ်အေးအေးသန်း၊ ဦးဌေးအောင်-ဒေါ်တင်တင်ဝင်းတို့၏ချစ်လှစွာသောဖခင်၊ စူးစူး၊ ဖူးဖူး၊ ကူးကူး၊ ပေါက်ပေါက်တို့၏အဘိုးသည် ၁-၁၂-၂၀၁၆ရက် နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးတင့်ဇော်

**ဒု-ညွှန်ချုပ်(ငြိမ်း)၊ ဘဓရ**
**အသက်(၈၄)နှစ်**

အန်တီ ဒေါ်နီနီ၏ခင်ပွန်း၊ ကိုငွေဇော်-မမော်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မေသူဇော်၊ နေလင်းဇော်၊ ညီလင်းဇော်တို့၏အဘိုးဖြစ်သူသည် ၂၆-၁၁-၂၀၁၆ရက်(စနေနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**Shell Servicing**
**မိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်နိုင်(ခ)ဦးကြည်သန်း

**အသက်(၈၂)နှစ်**

မိသားစုသဖွယ် ချစ်ခင်အားထားရပါသော ဒေါက်တာရီရီလွင်၏ဖခင်ကြီး ဦးကျော်နိုင်(ခ)ဦးကြည်သန်းသည် ၂၀-၁၁-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ကြည်မေ၊**
**ဦးမိုက်ကယ်နှင့် ဒေါ်မီမီတိုး**
**မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်လောဟာ

**အသက်(၇၀)**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ ခန္ဓာသန်စွမ်းမှုနည်းပညာဌာနမှ ဒုတိယဗိုလ်မှူးကြီးလောဟာအောင် - ဒေါက်တာဒေါ်ခင်မျိုးအောင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအောင်လောဟာသည် ၃၀-၁၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြန်လည်သန်စွမ်းရေးဆေးပညာမိသားစု**
**တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့**

---

## ဦးသန်းဆွေ

**အထက(၄)စမ်းချောင်း ကျောင်းသားဟောင်း**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၁၉ (မြေညီ၊ ပထမထပ်၊ ခြောက်လွှာ၊ ခေါင်းရင်းခန်း)နေ ဦးခင်မောင်-ဒေါ်သန်းတင်တို့၏ချစ်လှစွာသောသား၊ ကျိုက်လတ်မြို့၊ တမံကြီးရွာနေ(ဦးကျော်အောင်-ဒေါ်ရှမ်း)တို့၏သားသမက်၊ ဦးထွန်းအောင်၊ (ဦးသာဒင်)-ဒေါ်စုစုဝင်း၊ ဦးတင်လှ-ဒေါ်ခင်ဝင်းကြည်၊ဒေါ်အေးအေးမာ၊ဒေါ်တင်တင်လှ(ပတခ)၊ (ဦးကြည်တင်)၊ဦးတင်ထွဋ်-ဒေါ်မြင့်မြင့်မော်၊(ကိုမောင်မောင်သန်း)၊ဦးသိန်းအောင်ဝင်း-ဒေါ်မြတ်မြတ်ထွေး(UAB တ/ဒဂုံ)တို့၏မောင်/အစ်ကို၊ ဒေါ်စန်းစန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ မဖူးအိဆွေ(B.E)Civil၏ချစ်လှစွာသောဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊မြေးငါးယောက်တို့၏အဘိုးလေးသည် ၁-၁၂-၂၀၁၆ရက် နံနက် ၂း၄၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပုဂ္ဂလိကလုပ်ငန်းရှင်များ မိမိစီးပွားရေးလုပ်ငန်းနှင့်အတူ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း နိုင်ငံစီးပွားရေးတစ်ခုလုံးကိုပါ အထောက်အကူဖြစ်စေမည့် စီးပွားရေးသမားကောင်းများဖြစ်စေရန် ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် အဓိကအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ရည်မှန်းချက်များကို ကြည့်မည်ဆိုလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတသည့် ဖွံ့ဖြိုးမှုရရှိရေး၊ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် တီထွင်ဆန်းသစ်မှုရှိပြီး အစဉ်အမြဲ တိုးတက်နေရန် ထိန်းသိမ်းထားနိုင်သည့် စီးပွားရေးစနစ်ကို ထူထောင်ရေးတို့ ဖြစ်ကြောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားလိုက်သည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဒုတိယသမ္မတက

*စာမျက်နှာ ၇ ကော်လံ ၁* ◆




ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၈၉/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)**
**စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့နှင့် နိုဝင်ဘာလ (၁၂-၁၃)ရက်နေ့များတွင် ရခိုင်ပြည်နယ်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် ဖြစ်ပွားရသည့် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးဖြစ်စဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်မှုတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိတို့ကို စစ်ဆေးသုံးသပ်ပြီး အကြံပြုတင်ပြနိုင်ရန်အတွက် **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည်-

(က) ဦးမြင့်ဆွေ — ဥက္ကဋ္ဌ
ဒုတိယသမ္မတ(၁)

(ခ) ဦးအောင်ကြည် — အဖွဲ့ဝင်
အငြိမ်းစား၊ ပြည်ထောင်စုဝန်ကြီး

(ဂ) ဦးထွန်းမြတ် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်

(ဃ) ဒေါက်တာ သက်သက်ဇင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်

(င) ဒေါက်တာ အောင်ထွန်းသက် — အဖွဲ့ဝင်
အငြိမ်းစား၊ ကုလသမဂ္ဂအကြီးတန်းအကြံပေး

(စ) ဦးညွန့်ဆွေ — အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(ဆ) ဦးစောသလေးစော — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဇ) ဒေါ်ကျိုနိုင်ကိုက်မန် — အဖွဲ့ဝင်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဈ) ရဲချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ည) ဦးအောင်နိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဋ) ဒေါက်တာ လှမောင် — အဖွဲ့ဝင်
သံအမတ်ကြီး(အငြိမ်းစား)
နာယက၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့

*စာမျက်နှာ ၇ သို့* ※

